2004
劉亦菲
李易峰
စာကဆိုလ်
နေလင်းဒေါ်
သံမဏိသစ္စာ
စာစဉ် (၁ + ၄)
စာစဉ် (၂)
ဝမ်အင်းဏီ ယို့စင်းလု
Alien-ချစ်စုလိုင်
သိုင်းစာစဉ်များ PAGE
15.11.2016
Alien မှ pdf အဖြစ် စက်ဖတ်သည်

တက္ကသိုလ်

နေလင်းငေါင်

သံဖက်ဒီသစ္စာ

စာစဉ် - ၂

ဝမ်အာင်းတ်ယို့စင်းလု

စာမူခွင့်ပြုချက်အမှတ် - ၄၄၃/၂၀၀၄ (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၃၇/၂၀၀၄ (၆)

•

ပထမအကြိမ်ပုံနှိပ်ခြင်း
၂၀၀၄ ခုနှစ်၊ သြဂုတ်လ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၀၀ ကျပ်

•

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်(ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

•

ပုံနှိပ်သူ
ဦးသန်းဝင်း(ကျော်ပုံနှိပ်တိုက်)
၂၃၉၊ ခေမာသီလမ်း၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

•

မျက်နှာဖုံးရိုက်
ဦးထွန်းလင်း(မြ-၀၆၃၆၂)၊ ဖိုးဝအောဖ်ဆက်
အမှတ် ၁၄၇၊ ၄၅-လမ်း၊
ဒိုလ်တဆောင်မြို့နယ်၊ ရန်ကုန်မြို့။

တက္ကသိုလ်နေလင်းအောင်

သံမဏိသစ္စာ

စာစဉ် (၂)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီး သူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
☆ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက်(၄)ရပ်

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ စျေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက်(၄)ရပ်

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆ အမျိုးဂုဏ်ဓာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

ပါဂမိ စာပေ

အခန်း [၁၇]

ဆုံးရှုံးရသူ၏ဒုက္ခ

လေပြင်းများ ဝှေ့ယမ်းတိုက်ခတ်လာသည်။

တောင်ကုန်းပေါ်သို့ လူနှစ်ယောက်ပြေးတက်လာသည်။

ထိုလူနှစ်ယောက်မှာ ကျန်းရှဲ့တို့ လူစုအား မျက်ခြေဖြတ်ခဲ့သော ယိုချိန်နှင့် မုဝါးတို့ပင် ဖြစ်ကြသည်။

သူတို့သည် ကိုယ်ဖော့ပညာ အသုံးပြုကာ ပြေးလွှားလာနေကြခြင်းဖြစ်သည်။

သူတို့သည် ကြောက်လန့်တကြား ထွက်ပြေးသွားသော ဝေ့ထင်းတို့၏ မြင်းလှည်းနောက်သို့ ခြေရာခံ လိုက်လာခဲ့ကြခြင်း ဖြစ်သည်။

ဤသို့ဖြင့် တောင်ကုန်းအမြင့်ပိုင်း တစ်နေရာသို့ ရောက်ရှိလာကြ၏။

ထိုအခါ တောင်ကုန်း အမြင့်ပိုင်းတစ်နေရာ၌ မြင်းလှည်းတစ်စီး တိမ်းမှောက်နေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

မုဝါးနှင့် ယိုချိန်တို့ ထိတ်လန့်သွားကြသည်။

"ဒုက္ခပဲ... မြန်မြန်လာဗျ... "

မုဝါးက အော်ပြောရင်း တောင်ကုန်းပေါ် တစ်ဟုန်ထိုး ပြေးတက်သွားသည်။

ယိုချိန်လည်း ပြေးလိုက်သွား၏။

သူတို့နှစ်ယောက် တောင်ကုန်းပေါ်သို့ ရောက်သွားလျှင် မှောက်နေသော မြင်းလှည်းမှာ ဝေထင်းမောင်းနှင်သွားသော မြင်းလှည်းဖြစ်ကြောင်း သိလိုက်ရ၏။

ထို့ကြောင့် သူတို့နှစ်ဦးမှာ ခြေဖျားလက်ဖျားများ အေးစက်လာသည်အထိ အကြီးအကျယ် ထိတ်လန့်သွားကြလေ၏။

မြင်းလှည်းသည် တိမ်းမှောက်နေ၏။

တောင်ပေါ်လမ်းကလေးနံဘေး၌ ဘေးတိုက်တိမ်းမှောက်နေခြင်းဖြစ်သည်။

လမ်းကလေးသည် တောင်ထိပ်ပေါ် တက်သွားရာသို့ ရှေးရှုသော လမ်းကလေးဖြစ်၏။

ထိုနေရာ၌ ဂငယ်ကွေ့သဏ္ဌာန်ရှိခြင်းကြောင့် အရှိန်ဖြင့် မောင်းနှင်ရာမှ ဆွဲကွေ့လိုက်ရင်း အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားခြင်းဖြစ်မည်ဟု တွေးမိကြသည်။

မြင်းလှည်းသည် တောင်စောင်း၌ တင်နေပြီး အောက်ဘက်ဆင်ခြေလျှောမှာ မတ်စောက်ကာ တောင်အောက်သို့တိုင် မတ်မတ်ကြီး ရှိနေသည်။

မြင်းလှည်းပေါ်မှ ပစ္စည်းများ အောက်ဘဲက်သို့ လျှောကျသွားသော စွတ်ကြောင်းရာကြီးများ မြေပေါ်၌ ထင်ကျန်နေသည်ကိုလည်း တွေ့မြင်ရသည်။

မြင်းလှည်းဆွဲသော မြင်းနှစ်ကောင်ကား သစ်ပင်များကြားညပ်ကာ သေဆုံးနေသည်။

ကျန်မြင်းနှစ်ကောင်မှာ ကြိုးပြတ်ကာ တောင်အောက်သို့ လျှောကျသွားပုံရသည်။

မုဝါးက...

"ဒုက္ခပဲ... ဝေထင်းအခြေအနေ ဘယ်လိုရှိသလဲ မပြောတတ်သေးဘူး... "

သူသည် ပြောရင်း မြင်းလှည်းအနီးသို့ ပြေးသွားကာ ဝေထင်းတို့ မိသားစုအား ရှာဖွေလိုက်သည်။

ဝေထင်းသည် မြင်းလှည်းခေါင်မိုးပေါ်ရှိ မြင်းလှည်းမောင်းနေရာ၌ ထိုင်ကာမောင်းနှင်လာခြင်းဖြစ်ရာ မြင်းလှည်းတိမ်းမှောက်သွားသည်နှင့် အောက်ဘက် ချောက်ကမ်းပါးအတွင်းသို့ ကျသွားမည်မှာ သေချာ၏။ ဝေထင်း၏ အခြေအနေမှာ မည်သည့်နည်းနှင့်မျှ မကောင်းနိုင်ပါ။ ထို့ကြောင့် ဇနီးနှင့် သားကလေး၏ အခြေအနေကိုသာ လိုက်လံ ရှာဖွေကြည့်ရှုရတော့မည်။

ထိုစဉ်...

"အား... ကျတ်... ကျတ်... "

ညည်းညူသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

"လာဗျို့... "

မုဝါးက ယိုချိန်ကို ခေါ်ရင်း ညည်းညူသံထွက်ပေါ်လာရာ ဆီသို့ တိုးကပ်သွားလေ၏။

ညည်းညူသံကား ဘေးတိုက်လဲကျနေသော မြင်းလှည်းအိမ် အောက်ဘက်မှ ထွက်ပေါ်လာခြင်းဖြစ်သည်။

သူတို့ သွားကြည့်ကြသောအခါ လူနှစ်ယောက်သည် မြင်းလှည်းအိမ်ပိကာ မလှုပ်မယှက် ဖြစ်နေသည်ကို တွေ့လိုက်ရသည်။ ထို လူနှစ်ယောက်အနက် တစ်ယောက်မှာ ဝေထင်း၏ဇနီးနှင့် အထိန်း တော်တစ်ယောက်ဖြစ်သည်။

အထိန်းတော်၏ ဦးခေါင်းပိုင်းမှာ မြင်းလှည်းပိထားခြင်း ကြောင့် ပြားချပ်နေသဖြင့် သေဆုံးသွားပြီ ဖြစ်ကြောင်း သိနိုင်၏။

ထို့အတူ...

သခင်မ ကျင်းမေ၏ ခန္ဓာကိုယ်အပေါ်ပိုင်း တစ်ခုလုံး မြင်း လှည်းအိမ် ပိနေပြီး ဦးခေါင်းပိုင်းသာ အနည်းငယ် ပေါ်နေသည်။

မြင်းလှည်းအိမ်မှ ကျိုးပဲ့သွားသော သစ်သားစများက သူမ၏ ခန္ဓာကိုယ်၌ ထိုးဖောက်စိုက်ဝင်နေရာ တစ်ကိုယ်လုံး သွေးချင်းချင်း နီရဲနေပေတော့သည်။

အကဲခတ်ကြည့်လိုက်ရုံဖြင့် သခင်မ ကျင်းမေလည်း အသက် ရှင်ဖို့လမ်း မမြင်တော့ကြောင်း ယိုချိန်နှင့် မုဝါးတို့ သိလိုက်ကြ၏။

ဝေရှောင်ချင်းအတွက် ကံဆိုးချေပြီ။

သူမျှော်လင့်ထားသလို သားဖြစ်သူနှင့် ချွေးမဖြစ်သူတို့ကား

ဘေးအန္တရာယ်မှ ကင်းလွတ်ခြင်း မရှိတဲ့ ကြမ္မာဆိုးနှင့် ရင်ဆိုင်လိုက်ရ ပြီ ဖြစ်သည်။

ဝေထင်းနှင့်အတူ အထိန်းတော်တစ်ယောက်လည်း ပျောက် ဆုံးနေသည်ကို တွေ့ရ၏။

ထိုစဉ်...

သခင်မ ကျင်းမေထံမှ ညည်းညူသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"သား... သားလေး... "

သူမ၏ စကားကြောင့် မုဝါးပြေးသွားသည်။

ကျင်းမေ၏ မျက်လုံးများ ပင့်လာ၏။ သူမျက်နှာ၌လည်း သွေးများစွန်းပေနေသည်။ သူမသည် မုဝါးတို့ကို တွေ့သွားသည်။ သူမ သည် သတိရှိနေသေး၏။

"ကျွန်မ... ကျွန်မ ယောကျ်ားနဲ့ သားလေး ချောက်ထဲကျ သွားပါတယ်... လိုက်ရှာပေးပါရှင်... "

သူမက တိုးညင်းစွာ ပြောသည်။

မုဝါးနှင့် ယိုချိန်တို့သည် သူမ၏ စကားကြောင့် ရင်ထဲ၌ နာကျင်စွာ ခံစားလိုက်ရ၏။

သူတို့ ဦးခေါင်းညိတ်ကြသည်။

"စိတ်ချ... မတွေ့တွေ့အောင် ရှာမယ်လို့ ကျုပ်ကတိပေး ပါတယ်... "

သူတို့ ကတိပေးမိကြ၏။ ရင်ထဲမှ ကတိစကားသာ ဖြစ်ပါ၏။

ကျင်းမေ၏ မျက်နှာ၌ အပြုံးရိပ်များ ပေါ်လာသည်။

တစ်စုံတစ်ခုပြောရန် အားပြုပြီးအသံထွက်မလာတော့ဘဲ ဦးခေါင်းဘေးသို့ စိုက်ကျကာ ငြိမ်သက်သွား၏။

ဝေရှောင်ချင်း သေဆုံးသွားသည်။

ယခု...

သခင်မ ကျင်းမေ သေဆုံးသွားချေပြီ။

ဝေထင်းနှင့် ကလေးငယ်ကမူ မည်သို့ ရှိမည်နည်း။

ဝေထင်းနှင့် ကလေးငယ်သာ သေဆုံးသွားပါလျှင်...

မုဝါး ဆက်မတွေးလိုတော့... ။

ငေးငိုင်နေသော ယိုချိန်ဘက်သို့ လှည့်ကာ...

"ကျုပ်တို့ တောင်အောက်ဆင်းပြီး ဝေထင်းနဲ့ ကလေးကို လိုက်ရှာ ကြရအောင်... "

စကားဆုံးသည်နှင့် သစ်ပင်နွယ်ပင်များကို အားပြု၍ ဆင်ခြေလျှောအတိုင်း တောင်အောက်သို့ လျှောဆင်းရန် ဟန်ပြင်လိုက်၏။

ယိုချိန်လည်း တွေဝေမနေနိုင်တော့ချေ။

မုဝါးနောက်သို့ ထက်ကြပ်မကွာ လိုက်ပါသွားရန် ပြင်ဆင်လိုက်ရတော့သည်။

❦ ❦ ❦

အချိန်များ မည်မျှ ကြာသွားမှန်း မသိပေ။

ဝေထင်း သတိရလာသည်။

သတိရရချင်း လူးလွန့်လှုပ်ရှားလိုက်ရာ တစ်ကိုယ်လုံး မခံမရပ်နိုင်အောင် နာကျင်သွားသည်ကို ခံစားလိုက်ရ၏။

ဝေထင်း အံတင်းတင်းကြိတ်လိုက်သည်။

ရန်သူများလက်မှ လွတ်အောင်ပြေးရင်း တောင်ပေါ်လမ်းအတိုင်း လမ်းမှားဝင်ခဲ့ပုံများ...

မြင်းလှည်းဒုန်းစိုင်းရင်း တောင်ပေါ်သို့ တရွေ့ရွေ့တက်သွားနေကြောင်း သတိပြုမိလိုက်ချိန်၌ သူ့အတွက် နောက်ဆုတ်ရန် အချိန်မရှိတော့ချေ။

ထို့ကြောင့်... ရှေ့ကိုသာ ဆက်ပြီး ဒုန်းစိုင်းခဲ့ရ၏။

တောင်ပေါ်လမ်းမှာ ကျဉ်းပြီး ခလုတ်ကန်သင်းချို့ခွက် ထူပြောလှသည်။

မြင်းလှည်းကို ဒုန်းစိုင်းမောင်းနှင်ရသည်မှာ အန္တရာယ်များလှကြောင်း နားလည်သော်လည်း အရှိန်လျှော့ချရန် မကြိုးစားတော့ချေ။ အရှိန်လျှော့ရန် ကြိုးစားခြင်းမှာ ကိုယ့်လည်ပင်းကြိုးကွင်းစွပ်သလို မျိုး ဒုက္ခရောက်နိုင်သည် မဟုတ်ပါလား... ။

လမ်းတစ်ဖက်၌ တောင်နံရံ၊ တစ်ဘက်၌ ချောက်ကမ်းပါး အကြား အသည်းတယားယားဖြင့် မောင်းနှင်သွားခဲ့ရ၏။

လမ်းမှာ တစ်ဖြောင့်တည်းမဟုတ်ဘဲ အံကွေ့အကောက်များ ထူပြောလှသည်။

လမ်းကွေ့တစ်ခုသို့ အရောက်တွင် မြင်းတစ်ကောင်ကို အမှတ်မထင် ကြာပွတ်ဖြင့် ရိုက်မိ၏။

ကြာပွတ်သံပေးရင်း ခုန်စိုင်းပြေးခိုင်းရာမှ ကြာပွတ်သည် မြင်းကျောကုန်းကို ရှပ်ထိသွားခြင်းဖြစ်သည်။

မြင်းကြီးက အထိတ်တလန့် အော်ဟစ်ရင်း တစ်ဘက်သို့ ဆွဲပြေး၏။

လမ်းကွေ့ဖြစ်ရာ မြင်းလှည်း ယိမ်းယိုင်သွား၏။

ချောက်ကမ်းပါး ထိပ်ဖျားကပ်လျက် ပြေးသွားရင်းတစ်ဘက်သို့ ဆွဲလိုက်သော မြင်း၏ ရှေ့ခြေများသည် ချောက်နှုတ်ခမ်းပါးကို နင်းမိကာ မြေပဲ့ကျသွား၏။

အရှိန်ဖြင့်ပြေးနေသော မြင်းမှာ ရှေ့ခြေနှစ်ချောင်း ချောက်ကမ်းပါးထဲသို့ ကျံသွားခြင်းကြောင့် ဒူးကွေးကာ ငိုက်ကျသွား၏။

ဟန်ချက်ပျက်သွားသည်ကို တစ်ဘက်က မြင်းကထိန်းမထားနိုင်ခဲ့ချေ။

လမ်းကွေ့ဖြစ်သည့်အတိုင်း မြင်းလှည်းဟန်ချက် ပျက်သွားသည်နှင့် ယိမ်းယိုင်ကာ တိမ်းမှောက်သွား၏။

ဤတွင် ကံဆိုးမှုက အဖော်ပါလာသည်။

တောင်ကွေ့တစ်ဘက်၌ ဆင်ခြေလျှောလမ်းကလေးဖြစ်နေ၏။ ထို့ကြောင့်...

တိမ်းမှောက်သွားသော မြင်းလှည်းသည် ဆင်ခြေလျှောအတိုင်း လိုမ့်သွားပြီး တောင်နံရံနှင့် ပြင်းထန်စွာဝင်ဆောင့်မိတော့သည်။

"ဝုန်း... "

မြင်းလှည်းအိမ်မှာ ရစရာ မရှိအောင် ပျက်စီးသွား၏။

ချောက်ကမ်းပါး အတွင်း ခြေကျံသွားသော မြင်းသာမက တစ်ဘက်မှမြင်းပါ ကြိုးများပြတ်ကာ မြင်းလှည်းအိမ်၏ ဖိချမှုကြောင့် တောင်အောက် ချောက်ကမ်းပါးထဲသို့ လွှင့်စဉ်ကျသွား၏။

ဝေထင်း အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွား၏။

သူ၏ အသက်အန္တရာယ်ထက် မြင်းလှည်းအိမ်ထဲ လိုက်ပါလာသော ဇနီးနှင့် သားအတွက် စိုးရိမ်ပူပန်မိသည်။

သူပူပန်မှုမှာ စိတ်ထဲ၌သာ ရှိလိုက်သည်။ ဖြစ်စဉ်မှာ စိတ်ပြောင်းလဲမှုကဲ့သို့ လျင်မြန်လှသည်။

မြင်းလှည်းပေါ်မှ ခုန်ဆင်းလိုက်ချိန်၌ မှောက်သွားသော မြင်းလှည်းရှေ့မှ မြင်းချိတ်သော သစ်သားတန်းကြီးက မမျှော်လင့်ဘဲ မြောက်တက်လာပြီး သူ၏ ခါးလယ်ကို ဖြတ်ရိုက်ချသလို ဖြစ်သွားသည်။

"အား... "

ဝေထင်းမှာ အလွန်ပြင်းထန်သော ဝေဒနာခံစားလိုက်ရပြီး ကြိုးပြတ်သွားသော စွန့်ပစ်မှာ တောင်အောက်သို့ လွှင့်စဉ်ကျသွားလေတော့သည်။

❦ ❦ ❦

ဝေထင်း၏ မျက်လုံးအိမ်မှ မျက်ရည်များ စီးကျလာသည်။

သူအနေနှင့် အသက်ရှင်ခဲ့ပြီ။ သူ၏ဇနီးနှင့် သားကား မည်သို့ ရှိမည်နည်း။

နောက်ဆုံး သတိလစ်မသွားမီ မြင်းလှည်းမှာ တောင်နံရံနှင့် ပြင်းထန်စွာ ဝင်ဆောင့်မိသည်ကို တွေ့ခဲ့၏။

သူ၏ ဇနီးနှင့် သားကလေးအော်သံ ကြားခဲ့ရသည်ဟု စိတ်ထဲ ထင်မိသည်။

သူ၏ ဇနီးနှင့်သားမှာ အသက်ရှင်နိုင်မည် မဟုတ်ဟု မယုံကြည်လိုသော်လည်း သူ၏ဇနီးနှင့် သားသည် ထိုသေဘေးမှ မလွတ်နိုင်ဟု သိရှိနေသည်။

သူ၏ တစ်ကိုယ်လုံးဒဏ်ရာဗရပွ ရှိနေ၏။

မျက်နှာမှာ ကျောက်တုံးကျောက်ခဲများဖြင့် ဆောင့်မိရာ ပါးရိုးကျိုးသွားသလို နားရွက်များ စုတ်ပြတ်သွား၏။

နဖူး၊ ပါးပြင်နှင့် နှုတ်ခမ်း၌ အသားများ ကြေမွနေပြီး ရှေသွားများ မရှိတော့ပေ။

မခံမရပ်နိုင်အောင် နာကျင်နေသည့်ကြားမှ ဇနီးနှင့်သားကို ရှာလိုစိတ် ပြင်းထန်နေသည်။

ဒေါသနဂါးပုကျင်ဟိုကိုသော်လည်းကောင်း၊ သွေးယက္ခကျွန်းရှဲကိုသော်လည်းကောင်း၊ သတိမရနိုင်တော့ချေ။ ဒေါသလည်း မထွက်နိုင်တော့ချေ။

သူ၏ဖခင်သေဆုံးသွားပြီး နောက်ပိုင်း ဇနီးနှင့်သားသည် သူ

ဘဝအတွက် အရေးကြီးဆုံး လူသားများဖြစ်ခဲ့သည် မဟုတ်ပါလား။

ဝေထင်းသည် လူးလိမ့်ပြီး ကြိုးစားထလိုက်သည်။

"ဘုရား.... ဘုရား...."

ဝေထင်း ဘုရားတမိသည်။

သူ၏ ဦးခေါင်း၊ လက်နှင့် ဝမ်းဗိုက်ပိုင်းလူပ်ရှား၍ ရသော်လည်း ခါးမှနေပြီးခြေဖျားအထိ အောက်ပိုင်းတစ်ခုလုံး လူပ်ရှား၍ မရတော့ချေ။

ဝေထင်း သုံးလေးကြိမ် ကြိုးစားလိုက်၏။

သို့သော်...

ခြေထောက်များကား တုတ်တုတ်မျှ လူပ်ရှားမလာချေ။

မြင်းချိတ်သည့် သစ်သားတန်းကြီး ဖြတ်ရိုက်လိုက်မိသည့် အရှိန်ကြောင့် အရိုးအဆစ်များလွဲကာ ခန္ဓာကိုယ်အောက်ပိုင်း သေသွားပြီဖြစ်ကြောင်း ချက်ချင်းနားလည်လိုက်မိလေတော့သည်။

ထိုသို့ ရိပ်မိလိုက်သည့် တစ်ခဏအတွင်းမှာပင် ဝေထင်းသည် လက်သီးနှစ်ဖက် ကျစ်ကျစ်ပါအောင် ဆုပ်ရင်း ရွိက်ကြီးတငင် ငိုကြွေးလိုက်လေတော့သည်။

ထိုအချိန်၌ မုဝါးနှင့် ယိုချိန်တို့ တောင်ပေါ်၌ ရှိနေကြသည်။

မုဝါးနှင့် ယိုချိန်တို့ နှစ်ယောက်၏ ရင်ထဲ ဖော်မပြနိုင်သော ဝမ်းနည်းကြေကွဲမှုများ ခံစားနေရသည်။

သူတို့အတွက် ဆုံးရှုံးမှုကား ကြီးမားလှသည်။

အချိန်တိုတိုအတွင်း ဆက်တိုက်ဖြစ်ပေါ်လာခြင်းကြောင့်

မည်သို့ဖြေသိမ့်ရမည်ကိုပင် မတွေးတတ်ကြတော့ချေ။

သူတို့သည် ပျက်စီးနေသော မြင်းလှည်းအနီးမှခွာကာ ဝေထင်းနှင့် ကလေးငယ်အား ချောက်ကမ်းပါးအောက်၌ ရှာဖွေရန် ဆုံးဖြတ်လိုက်ကြသည်။

ဝေထင်းနှင့် ကလေးငယ်တို့မှာ တောင်အောက်သို့ လွှင့်စဉ်ကျသွားမည်ဟု ယုံကြည်ထားကြ၏။

ထို့ကြောင့်...

တောင်အောက်ဆင်းရန် ဟန်ပြင်နေကြစဉ်မှာပင်...

မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ၏။

ကျန်းရဲ့ခေါင်းဆောင်သော မြင်းစီးသမားတစ်စုသည် တောင်ပေါ်ဒုန်းစိုင်းတက်လာကြလေပြီ။

"သူတို့ လာနေပြီဗျ... "

ယိုချိန်ကပြောလိုက်သည်။ သူ့လေသံ၌ ဒေါသသံ ပါနေသည်။

"ဘာလဲ... ခင်ဗျားက ရင်ဆိုင်ချင်လို့လား.... "

မုဝါး၏ စကားကြောင့် ယိုချိန် ရှုံးရှုံးငဲ့ငဲ့ဖြစ်သွားသည်။

"ကျုပ်တို့က သူတို့ကို ကြောက်ပြီး ရှောင်ပြေးသွားရမှာလား ဟွန်း... ဝေးပါသေးတယ်ဗျာ... အသေခံမယ်ဗျ... "

မုဝါး သက်ပြင်းချလိုက်သည်။

"သူငယ်ချင်း... တို့မှာ လုပ်စရာတွေ အများကြီး ရှိသေးတယ် ဘာမဟုတ်တဲ့ ကိစ္စလေးနဲ့တော့ အသက်အသေမခံနိုင်ဘူး... ကျုပ်တို့မှာ အဆိပ်မိထားတယ်ဆိုတာလည်း သတိရပါဦး... ပြီးတော့ ဝေထင်းတို့ သားအဖကို လိုက်ရှာရဦးမယ် မဟုတ်လား... သေသွားတဲ့ ဝေရှောင်ချင်းအပေါ် ပေးထားတဲ့ ကျုပ်တို့ကတိကို မေ့လို့မဖြစ်ဘူးလေဗျာ... "

ထိုစဉ်...

ကျန်းရဲ့တို့ လူစုမှာ တဖြည်းဖြည်း နီးကပ်လာပြီဖြစ်သည်။

ယိုချိန်က...

"ခင်ဗျား ဘယ်လိုသဘောရသလဲ... "

"ကျုပ်တို့ တောင်အောက်ဆင်းကြမယ်... ဝေထင်းတို့ သားအဖကို လိုက်ရှာရင်း သူတို့လက်က လွတ်အောင်လုပ်ရမှာပေါ့... ကျုပ်စိတ်ထဲမှာတော့ ဝေထင်းတို့သားအဖရဲ့ အလောင်းမတွေ့ရတဲ့အတွက် အသက်ရှင်နေသေးတယ်လို့ ယူဆမိတာပါ... သူတို့ကို မတွေ့တွေ့အောင်ရှာရမယ်... "

"ကောင်းပြီလေ... "

သူတို့နှစ်ယောက်သည် မြင်းလှည်းပျက်အနီးမှ ခွာကာ တောင်အောက်သို့ ဆင်းသွားကြ၏။

သူတို့သည် ကိုယ်ဖေါ်ပညာအလွန်ကောင်းသူများ ဖြစ်သည်။

ဤချောက်ကမ်းပါးမှာ သူတို့အတွက်အခက်အခဲကြီး မဟုတ်ပါ။

တစ်ခဏအတွင်းမှာပင် အောက်သို့ ရောက်ရှိသွားကြလေ၏။

ကျန်းရဲ့သည် ယိုချိန်တို့ တောင်အောက်သို့ ဆင်းပြေးသွားသည်ကို တွေ့သည်နှင့် အော်ဟစ်အမိန့်ပေးလိုက်သည်။

"ဟော... မလွတ်စေနဲ့... လိုက်ကြစမ်း... "

သူကိုယ်တိုင်လည်း မြင်းပေါ်မှ ခုန်ဆင်းပြီး တောင်အောက်သို့ ပြေးဆင်းသည်။

သူ၏ လူများသည် လက်နက်ကိုယ်စီ ဆွဲကာ ညာသံပေးရင်း တောင်အောက်သို့ သစ်ပင်များ ကျောက်တုံးများကို ဖက်တွယ်၍ လိုက်ဆင်းကြသည်။

ယိုချိန်နှင့် မုဝါ·ကိုမှာ ဝေ့ထင်းတို့ သားအဖကိုပင် ရှာရန် အချိန်မရတော့ပါချေ။

ကျန်းရှဲ့တို့ လူစု လိုက်လာကြသည်ဖြစ်ရာ သစ်ပင်များကို ကွေ့ပတ်ပြေးလွှားသွားသည်။ တောင်ခြေ၌ သစ်ပင်များ ကျောက်တုံးများ ပြည့်နေသည်။

အတော်ဝေးဝေး ပြေးမိသည့်အခါ မုဝါးက...

"ကျုပ်တို့ သည်အတိုင်း ပြေးနေလို့ကတော့ မထူးတော့ဘူး... လမ်းခွဲပြေးရအောင်... သူတို့ကို မျက်ခြေဖြတ်ပြီးမှ ပြန်ဆုံကြတာပေါ့ ဝေ့ထင်းတို့ သားအဖကို ရှာဖို့ အရေးကြီးတယ်ဗျ... "

ယိုချိန် သဘောတူလိုက်သည်။

သူတို့သည် နောက်မှ ထက်ကြပ်မကွာ ပြေးလိုက်လာသူများ လက်ကလွတ်အောင် လမ်းခွဲကာတစ်ယောက်ကဝဲဘက် တစ်ယောက်က ယာဘက်သို့ ပြေးသွားကြ၏။

ကျန်းရှဲ့တို့ လူစုလည်း မတတ်သာဘဲ လမ်းခွဲကာ လိုက်ကြရသည်။

သို့သော်...

အတော်ကလေးကြာအောင် ပြေးလိုက်သွားကြပြီးနောက် ဝယ် အားလုံးရပ်လိုက်ကြသည်။ သူတို့လည်း လူစုကွဲနေလေပြီ။ ယိုချိန်နှင့် မုဝါးတို့ တိုက်ခိုက်လျှင် ခုခံနိုင်ဖို့ မလွယ်ချေ။

ထိုအချိန်၌...

ထွက်ပြေးသွားသည့် ယိုချိန်နှင့် မုဝါးတို့မှာ သစ်ပင်တောအုပ်များအတွင်း ပြေးဝင်ပျောက်ကွယ်သွားခဲ့ကြလေပြီ။ ထို့ကြောင့်သူတို့ တောင်ပေါ် ပြန်တက်ရန် ဆုံးဖြတ်လိုက်ကြလေ၏။

ယိုချိန်နှင့် မုဝါးတို့မှာ လူခွဲပြီး ဝေးသည်ထက်ဝေးအောင် ပြေးသွားကြသည်။ ဝေ့ထင်းတို့ သားအဖအား ပြန်မရှာနိုင်သည့်အပြင် သူတို့နှစ်ယောက်လည်း လူချင်းကွဲသွားကြတော့သည်။

❣ ❣ ❣

မဟာမြိုင် သစ်တော... ။

ကြီးမားလှသော သစ်ပင်ကြီးများသည် ဤတောတောင်အတွင်း၌ ထူထပ်စွာ ရှိနေ၏။

ဤဒေသ၌ တောအုပ်များ ရေကန်များရှိသည်ကို အကြောင်းပြု၍ တောတိရစ္ဆာန်များ ပေါများစွာ ရှိနေပေသည်။

ကျား၊ ခြင်္သေ့၊ ဆင်ရိုင်း၊ ဝက်ဝံကဲ့သို့ အန္တရာယ်ပြုနိုင်လောက်သည့် တောကောင်ကြီးများ မရှိဘဲ သမင်၊ ယုန်၊ တောဝက်၊ ဆတ်၊ ဂျို

စသော တောတောင်ငယ်များ ကျင်လည်ကျက်စားရာ သစ်တောကြီး ဖြစ်နေခြင်းက မြို့နေမုဆိုးလုပ်ချင်သည့် ကြေးရတက်များ မျက်စိကျစရာ ဖြစ်နေသည်။

တကယ့်မုဆိုးများလည်း ဤတော၌ ရှိသည်။

မုဆိုးများ အလွန်ကြိုက်နှစ်သက်သော ဒေသကြီးမှာ ဤမဟာမြိုင်တောကြီးပင်။

ဤတောင်ကုန်းရပ်ဂန်းနှင့် မန်းမဝေးရှိ မြို့ကြီးများမှ အမဲလိုက်ဝါသနာပါသူများသည် ဤနေရာသို့ လာရောက်ကာ မုဆိုးအိမ်ကလေးများ တည်ဆောက်၍ တစ်ခွေလုံး အမဲလိုက်ကာ သားကောင်ဖမ်းဆီးကြ၏။

အချို့က မိုးရာသီ၌ မြို့ကြီးပြကြီးသို့ ပြန်သွားသော်လည်း အချို့မုဆိုးများကား မိုးရာသီတွင် ရေကန်များ၌ ကျင်လည်ကျက်စားသော ရေဘဲ၊ ဒင်းကြီး၊ ဗျိုင်းအစရှိသော သတ္တဝါများနှင့် ငါးများဖမ်းဆီးရန် ဆက်လက်နေထိုင်ကြပေသည်။

မုဆိုးအာဝီးသည် စန်းတုံးမြို့ ဇာတိဖြစ်၏။

သို့သော်...

သူသည် ဤတောင်ကုန်း သစ်တောရပ်ဝန်း၌ မုဆိုးအိမ်ကလေး ဆောက်ကာ တစ်နှစ်ပတ်လုံး အမဲလိုက်ငှက်ဖမ်းလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းသူ ဖြစ်လာခဲ့သည်။

မုဆိုးအာဝီးသည် ရိုးအ,ပြီး သတောကောင်းသူဖြစ်၏။

သားကောင်များ ရှာဖွေဖမ်းဆီးရာ၌ အလွန်ကျွမ်းကျင် လိမ္မာ

သော မုဆိုးတစ်ယောက်လည်း ဖြစ်သည်။

ယနေ့...

ယနေ့နံနက်တွင် တောင်ခြေရေကန်သို့ ရေဆင်းသောက်သော သမင်များကို စောင့်ဖမ်းရန် အိမ်မှ ခပ်စောစော ထွက်လာခဲ့သည်။

ထို့နောက်...

တောင်ခြေတစ်နေရာရှိ ရေကန်အနီးမှ သမင်များကိုဖမ်းဆီးရန် ချောင်းမြောင်းနေခဲ့သည်။ ရေသောက်ဆင်းလာသည့်သမင်များကိုစောင့်နေခြင်းပေတည်း။

နေအတော်မြင့်လာသည့်တိုင် ရေသောက်ဆင်းလာသော သမင်များကို မတွေ့ရချေ။

ထို့ကြောင့်...

အာဝီး အုံ့ဩနေမိသည်။

"ထူးခြားလှချည်လား... သည်ကနေ့ဘာကြောင့် သမင်တွေ ရေသောက်ဆင်းမလာတာလဲ မသိဘူး... "

ထိုစဉ်မှာပင်...

"ဝုန်း... "

တောင်ထိပ်ပိုင်းဆီမှ ကျယ်လောင်သော အသံကြီး ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဟင်... ဘာပါလိမ့်... "

အာဝီးမှာ စိတ်ဝင်စားမှုကို မထိန်းချုပ်နိုင်ဘဲ ချုံပုတ်အတွင်း

မှ တိုးထွက်ကာ တောင်ပေါ်သို့ မော့ကြည့်လိုက်လေသည်။

သစ်ပင်များ ချုံပုတ်များ ကာဆီးနေခြင်းကြောင့် တောင်ပေါ်သို့ ကောင်းစွာမမြင်တွေ့ရချေ။

အာဝီး ခေါင်းယမ်းကာ ချုံပုတ်အတွင်းသို့ ပြန်လည်ဝင်ရောက်ပုန်းအောင်းရန် စိတ်ကူးလိုက်၏။

ထိုစဉ်မှာပင်...

တောင်ပေါ်မှ မြင်းဟီသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"တစ်ခုခုတော့ ဖြစ်နေပြီ... "

အာဝီး တွေးတောရင်း တောင်ပေါ်သို့ တက်ရန်ဟန်ပြင်လိုက်သည်။

ထိုအခိုက်...

တဝေါဝေါမြည်သံများနှင့်အတူ တောင်ပေါ်မှ ဆင်ခြေလျော အတိုင်း ဖုန်လုံးများ အလိမ်းလိမ်း ထလာသည်ကို တွေ့လိုက်ရသည်။

"ဘာတွေကျလာတာလဲ... "

အာဝီးတွေးရင်း ချောက်ထဲမှ တောင်ပေါ်သို့ တက်ရန် စဉ်းစားလိုက်သည်။ သူစဉ်းစားနေစဉ်...

မြင်းနှစ်ကောင်သည် တောင်ခြေဆင်ခြေလျော်တစ်လျောက် ပေါက်ရောက်နေသော သစ်ပင်များ၊ ကျောက်တုံးကျောက်ခဲများနှင့် အတူ ချောက်ထဲသို့ ဖုံတစ်ထောင်းထောင်းနှင့် ကျဆင်းလာသည်ကို တွေ့ရသည်။

မြင်းနှစ်ကောင်စလုံးပင် သစ်ပင်များ၊ ကျောက်တုံး ကျောက်ခဲများနှင့် ရိုက်မိခြင်းကြောင့် သေဆုံးနေချေပြီ။

တောင်ပေါ်မှနေပြီး လူအသုံးအဆောင်ပစ္စည်းများ မြင်းလှည်းကျိုးပဲ့သည့် အပိုင်းအစများ တဝေါဝေါ ကျဆင်းလာသည်ကို တွေ့ရ၏။

ပစ္စည်းများ ရွေ့လျားတိုက်ဆင်းမှုကြောင့် ကျောက်တုံး ကျောက်ခဲများလည်း လိမ့်ဆင်းကျလာ၏။

အာဝီးသည် ကျောက်တုံး၊ ကျောက်ခဲအပိုင်းအစများ ထိမှန်မည်ကို စိုးရိမ်ကာ သစ်ပင်ကြီးတစ်ပင်၏ နောက်ကွယ်သို့ ကပျာကယာဝင်ရောက် ပုန်းကွယ်လိုက်၏။ မပုန်းကွယ်၍ မရချေ။ ထိုပစ္စည်းများ ထိမှန်လျှင် သူသေသွားနိုင်သည် မဟုတ်ပါလား။ မကြာမီ ကျဆင်းသံများ ငြိမ်သက်သွားသည်။

သူထွက်ကြည့်သောအခါ သစ်ပင်ခြေရင်း ချုံပုတ်ပေါ်၌ အဝတ်ထုပ်တစ်ထုပ် တင်နေသည်ကို တွေ့လိုက်ရ၏။ ထိုအထုပ်ဆီသို့ သူသွားနေစဉ်မှာပင် အထုပ်ထဲမှ အသံတစ်သံကို ကြားလိုက်ရသည်။

"အူဝဲ... "

သူသည် ပြေးသွားပြီး အဝတ်စလွန်လိုက်သည်နှင့် ကလေးငယ်ကို တွေ့လိုက်ရတော့သည်။

"ဟိုက်... "

အာဝီး မျက်လုံးပြူးသွား၏။

အဝတ်ဖြင့် လုံလုံခြုံခြုံ ထုပ်ထားသော ကလေးငယ်သည် ကု

သိုလ်ကံကောင်းလွန်စွာ ဘေးမသီရန်မခ ချုံပုတ်ပေါ်သို့ ကျလာခြင်း ဖြစ်လေသည်တကား။

တကယ်တော့ ကံဆိုးလှသည့် လူစုထဲတွင် ကံကောင်းလှသည့် တစ်ဦးတစ်လေတော့ ပါဝင်ရမည် မဟုတ်ပါလား... ။

တောင်ပေါ်မှ လွင့်စဉ်ကျလာပြီး ချုံပုတ်ပေါ်တင်နေသဖြင့် ကံကောင်းထောက်မပြီး အသက်ချမ်းသာရာ ရရှိသွားခြင်းပင်။

"မင်းတော်တော် ကံကောင်းတယ်... "

အာဝီးက ကလေး၏ နဖူးကို လက်ညှိုးဖြင့်တို့ကာ ပြောလိုက်လေသည်။

ကလေးမှာ ငိုနေရာမှ အာဝီး၏ စကားကြောင့် ပြုံးလာ၏။

အာဝီး သဘောကျသွားသည်။

"မင်း တစ်ယောက်တည်းလား... မင်းမိဘတွေကော... မင်းတို့ ဘယ်လိုဖြစ်လာတာလဲ... "

ကလေးကား သူ၏စကားကို နားလည်မည် မဟုတ်ချေ။

ကလေးပြုံးနေသည်ကို ကြည့်ကာ အာဝီးသဘောကျနေ၏။

"ကဲ... လာ... မင်းမိဘတွေဆီ သွားကြရအောင်... "

ပြောရင်းတောင်ပေါ်သို့ အပြေးတက်သွားသည်။

ကလေးချီထားရသော်လည်း တောင်ဆိတ်တစ်ကောင်ပမာ တောင်ပေါ်သို့ လျင်မြန်စွာ တက်သွားနိုင်ခဲ့သည်။ သူသည် ဤအရပ်၌ ကျင်လည်ခဲ့သည်မှာ ကြာမြင့်လှပြီ မဟုတ်ပါလော။

မကြာမီ...

တောင်ပေါ်လမ်းကလေးဆီသို့ အာဝီးရောက်ရှိသွားသည်။

လမ်းဘေး၌ တိမ်းမှောက်နေသော မြင်းလှည်းနှင့် မြင်းလှည်းဝိုက သေဆုံးနေသူများကို တွေ့လိုက်ရ၏။

"ဟိုက်... "

အာဝီး မျက်လုံးပြူးသွားသည်။

ကလေးကို ငုံကြည့်ရင်း...

"ကုန်ပြီ... တစ်ယောက်မှ အသက်မရှိတော့ဘူး... မင်းမိဘတွေက ဘယ်သူတွေလဲ... ငါ့ကို ပြောပါဦး... အားလုံးသေကုန်ပြီဆိုတော့ ဘယ်လိုလုပ်ကြမလဲ... မင်းကို ဘယ်သူကြည့်မလဲ... "

ကလေးကား ချော့မြှူနေသည်ထင်ကာ ပြုံး၍သာနေပေသည်။

အာဝီး ခေါင်းခါယမ်းလိုက်သည်။

"ဟူး... ငါဘဝမှာ သည်လိုအဖြစ်မျိုး သည်တစ်ခါပဲ တွေ့ဖူးသေးတယ်... တော်တော်ညံ့တဲ့ မြင်းလှည်းသမားပဲ... တောင်ပေါ်လမ်းမှာ ခပ်ကြမ်းကြမ်းမောင်းတော့ မှောက်မှာပေါ့... အင်း... ဒါက အရေးမကြီးဘူး... အရေးကြီးတာက မင်း... "

ပြောရင်း ကလေးနဖူးကို လက်ညှိုးဖြင့် ထိုးလိုက်၏။

ယခုတစ်ကြိမ်...

ကလေးထံမှ အံ့ခနဲ ငိုသံထွက်လာသည်။

အာဝီးမှာ ကလေးကို ကြည့်ရင်း ချစ်ခင်တွယ်တာစိတ်များ ဖြစ်ပေါ်လာ၏။

"အမယ်လေး... မငိုလိုက်ပါနဲ့ကွာ... ငါကအကောင်းပြောတာပါ... အခု အားလုံးသေကုန်ပြီ... မင်းတစ်ယောက်တည်း ကျန်ခဲ့တယ်... ဒါကြောင့် ဘယ်လိုလုပ်ရမလဲ မေးရတာပေါ့... မင်းကိုဘယ်သူက ကြည့်ရှုစောင့်ရှောက်မလဲ... "

"အဲ့... "

ကလေးငိုသံ ထွက်ပေါ်လာသည်။

အာဝီး ထခုန်လိုက်ပြီး...

"မင်းကို ဒီလိုပြောတာ မကြိုက်ဘူးထင်တယ်... ကဲ... ထားပါတော့ကွာ... ဘယ်သူမှ ဂရုမစိုက်လည်း ငါကပဲ မင်းကိုမွေးထားလိုက်ပါ့မယ်... ဟုတ်ပြီလား... "

သူ၏ စကားအဆုံး၌ ကလေးသည် အငိုရပ်သွား၏။ ထို့နောက်အံ့သြဖွယ်ရာ ပြုံးနေသည်ကို တွေ့လိုက်ရလေ၏။

အာဝီးလည်း ရယ်မောလိုက်၏။

"မင်းကငါနဲ့ နေဖို့ သဘောကျတာကိုး... ကောင်းပြီ... သွားကြတာပေါ့... ငါနဲ့ နေရင် မင်းဟာ မှဆိုးဖြစ်လာမှာပဲ... "

သူသည် ပြောပြောဆိုဆို ကလေးကို ပွေ့ချီကာ တောင်အောက်သို့ ပြန်ဆင်းသက်သွားလေ၏။

အာဝီး တောင်အောက်သို့ ပြန်ဆင်းသွားပြီးချိန် မရှေးမနှောင်းမှာပင် မုဝါးနှင့် ယိုချိန်တို့ ပြေးလွှားရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

❦ ❦ ❦

အခန်း [၁၈]

ကလေးငယ်၏ ကံကြမ္မာ

ဤနေ့ကား အာဝီးအဖို့ ထူးခြားသောနေ့တစ်နေ့ပင်။

ကံကောင်းသော နေ့လား၊ ကံဆိုးသောနေ့လောဟူကား အာဝီးမဝေခွဲနိုင်ချေ။

အဘယ်ကြောင့်ဆိုသော်...

သားကောင်မရဘဲ ကလေးတစ်ယောက်ကောက်ရလာခြင်းကြောင့်ပေတည်း။

ကလေးကိုတွေ့ရပြီးနောက် သားကောင်ဖမ်းရန် အာဝီး စိတ်မဝင်စားတော့ချေ။ သူသည် ကလေးငယ်ကိုသာ စိတ်ဝင်စားနေတော့သည်။ ထို့ကြောင့်...

ကလေးကို ပွေ့ချီကာ တောင်ခြေရောက်အနီးရှိ သူနေသောမုဆိုးအိမ်ကလေးသို့ ပြန်လာခဲ့သည်။

လမ်းတစ်လျှောက်လုံး ကလေးငယ်အား မည်သို့မည်ပုံ ကျွေးမွေးပြုစု စောင့်ရှောက်ရမည်ကို စဉ်းစားတွေးတောလာသည်။

သို့သော်...

ရေရေရာရာ အဖြေမပေါ်ချေ။

သူသည် အသက်လေးဆယ်ကျော် အရွယ်သို့ ရောက်လာသည့်တိုင် မုဆိုးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုလုပ်ခဲ့သူဖြစ်သည်။

မုဆိုးလုပ်ငန်း၌ အထူးကျွမ်းကျင်လိမ္မာနေခြင်းကြောင့် ရှိသော သားကောင်နှင့် အဝတ်အစား ဆေးဝါးအသုံးအဆောင်ပစ္စည်းများ လဲလှယ်ကာ အေးအေးဆေးဆေး နေထိုင်နိုင်ခဲ့ပေသည်။

အိမ်ထောင်မပြုခဲ့ခြင်းကြောင့် ကလေးမရသလို ကလေးကိုမည်သို့မည်ပုံ ထိန်းသိမ်းစောင့်ရှောက်ရမည်၊ မည်သို့ မည်ပုံကျွေးမွေးပြုစုရမည်ကိုလည်း နားမလည်ခဲ့ချေ။

ထို့ကြောင့်...

ကလေးတစ်ယောက်ရလာပြီး သံယောဇဉ်တွယ်ကာ ပြုစုစောင့်ရှောက်ရန် စိတ်ကူးမိသော်လည်း မလွယ်လှဟုတွေးကာ ရင်လေးနေမိခြင်းဖြစ်သည်။

သူသည်တွေးတော အဖြေရှာရင်း ပြန်လာခဲ့ရာ သူ၏မုဆိုးအိမ်ကလေးဆီသို့ပင် ပြန်လည်ရောက်ရှိလာလေတော့သည်။

ကလေးငယ်မှာ တောင်ပေါ်မှ ကျလာခဲ့သည့်တိုင် ထိခိုက်ပွန်းပဲ့ဒဏ်ရာ မရသည်ကို အံ့သြစွာ တွေ့ရသည်။

ချက်ချင်း ကြိမ်ခြင်းတောင်းတစ်ခု ရက်လုပ်ကာ ကလေးကို သူ၌ရှိသောအဝတ်များဖြင့် လုံခြုံစွာ ထည့်သိပ်လိုက်သည်။

ကလေးငယ်မှာ နွေးနွေးထွေးထွေးနေရခြင်းကြောင့် တစ်ခဏအတွင်း အိပ်ပျော်သွားသည်။

အဝီးက ကလေးငယ်အား သူအိပ်သော အတွင်းဘက်ခန်း၌ ထည့်ထားလိုက်၏။

ပြီးလျှင်...

အချိန်လွန်နေပြီ ဖြစ်သော နံနက်စာ စားသောက်ရန် ပြင်ဆင်လိုက်လေသည်။

ထိုစဉ်မှာပင်...

"ခွပ်ခွပ်... ခွပ်ခွပ်... "

"ခွပ်ခွပ်... ခွပ်ခွပ်... "

မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

အဝီး မျက်မှောင် ကြုတ်လိုက်၏။

"ဘယ်သူပါလိမ့်... "

တီးတိုးရေရွတ်ပြီး ပြတင်းပေါက်အနီးသို့ လျှောက်သွားကာ အပြင်ဘက်သို့ ချောင်းကြည့်လိုက်သည်။

မြင်းတစ်ကောင်သည် သူ၏ သစ်လုံးအိမ်ကလေးဆီသို့ စီးနှင်လာသည်ကိုတွေ့လိုက်ရသည်။

မြင်းစီးသမားမှာ တဖြည်းဖြည်း နီးကပ်လာသည်။

အဝီး ပြိုးလိုက်ပြီး တီးတိုးရေရွတ်လိုက်မိ၏။

"ဩော်... ဒို့ပေါ်က ဧည့်သည် လာနေတာကိုး... "

သူသည် အပြင်သို့ ထွက်လိုက်ပြီး...

အိမ်တံခါးကို ဖွင့်လိုက်သည်။

မကြာမီ...

မြင်းစီးသမားသည် အိမ်ရှေ့သို့ ရောက်လာပြီး မြင်းပေါ်မှ ခုန်ဆင်းကာ လှမ်းလာနေသည်ကို တွေ့ရ၏။

ထိုလူသည် အဖိုးတန် ပိုးဖဲအင်္ကျီများ ဝတ်ဆင်ထားသော လူရွယ်တစ်ယောက်ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

ရုပ်ရည်ခန့်ညားပြီး ချမ်းသာကြွယ်ဝသူ တစ်ယောက်၏ အသွင်အပြင်ရှိသည်ကို အာဝီးထင်ရှားစွာ တွေ့မြင်နေရသည်။

ထိုလူကို တွေ့လိုက်ရသောအခါ...

အာဝီး၏ မျက်နှာပြိုးရွှင်ချို့သာသွားသည်။ ထိုလူငယ်သည် သူနှင့် ရင်းနှီးကျွမ်းဝင်ပြီးသူ မဟုတ်ပါလော။

သူသည် အိမ်ကလေးအပြင်ဘက်သို့ ထွက်လိုက်ပြီး ပျူပျူ ငှာငှာ ကြိုဆိုလိုက်သည်။

"ဟော... ဆရာလေးပါလား... သည်ကနေ့ လာမယ်လို့ တောင် မထင်ဘူးဗျ... နေတောင်အတော်မြင့်နေပြီလေ... "

ထိုလူရွယ်က ပြုံးရင်း...

"အေးဗျာ... ကျုပ် မနက်စောစောလာဖို့ပဲ ... ဒါပေမဲ့ ကျုပ် ဇနီး နေမကောင်းဖြစ်နေလို့ သူ့အနားမှာနေရသေးတယ်... အခုသူအိပ် နေတုန်း ခဏထွက်လာတာ... သည်ကနေ့တော့ ခင်ဗျားနဲ့အတူ အမဲ လိုက်မထွက်နိုင်တာ စိတ်မရှိပါနဲ့ဗျာ... မနက်ဖြန် ကျုပ်ဇနီးနေထိုင် ကောင်းသွားရင် ကျုပ်လာခဲ့ပါ့မယ်... ဒါပေမဲ့ လာဖြစ်အောင် လာမယ်

လို့တော့ မပြောနိုင်ဘူးပေါ့ဗျာ... "

အာဝီး ခေါင်းညိတ်လိုက်သည်။

သူသည် ကတိစကားအပေါ် စောင့်သိလိုက်နာပြီး တန်ဖိုးထားသော လူရွယ်အပေါ် လေးစားမိသည်။

ဤလူငယ်သည် ယနေ့နံနက်ပိုင်း၌ သူနှင့်အတူ လာရောက် အမဲလိုက်မည်ဟု ယမန်တစ်ပတ်ခန့်က ပြောကြားခဲ့သူပေတည်း။

ဤလူငယ်နှင့် ရင်းနှီးခင်မင်ခဲ့သည်မှာ မြို့ပေါ်ရှိ ရွှေပုစွန် စားသောက်ဆိုင်ပိုင်ရှင် ဝမ်းတမှ အစပြုခဲ့ပေသည်။

ဝမ်းတသည် မြို့ပေါ်သို့ သားကောင်နှင့် သားမွေးများ လာရောင်းသည့် အာဝီးနှင့် သိကျွမ်းခဲ့သည်။

သားကောင်များ၏ ထူးဆန်းသော အသားမျိုးစုံသည် သူ၏ စားသောက်ဆိုင်အတွက် ကုန်ကြမ်းများဖြစ်သလို သားမွေးများသည် လည်း မြို့ပေါ်မှ အထူးနှစ်ခြိုက်ကြသော ပစ္စည်းများဖြစ်ပေသည်။

ဤသို့ဖြင့်...

နှစ်ပေါင်းများစွာ ကြာမြင့်လာသောအခါ ဝမ်းတနှင့် အာဝီးတို့မှာ ခင်မင်ရင်းနှီးသူများ ဖြစ်လာကြတော့၏။

ဝမ်းတသည် စားသောက်ဆိုင်အပြင် တည်းခိုခန်းပါ တွဲဖက် ဖွင့်လှစ်ထား၏။

ယခုတွေ့ရှိသော လူရွယ်မှာ ဝမ်းတက မိတ်ဆက်ပေးသော သူဖြစ်သည်။

ထိုလူရွယ်အမည်ကို မိတ်ဆက်ပေးစဉ်က ပြောကြားခဲ့သော်

လည်း အာဝီးက အမှတ်တမဲ့မို့ မေ့နေပြီ ဖြစ်သည်။ နောင်တွင် လူရွယ်၏ဝဲဘက်လက်မှ လက်သန်းကလေးတစ်ချောင်း ပြတ်နေသည်ကို သတိပြုမိခဲ့သည်။

လူရွယ်မှာ မုဆိုးအိမ်ကလေးသို့ ရောက်လာပြီး အမဲလိုက်လျှင် သူအဖော်လိုက်လိုကြောင်း သဘာဝရှုမျှော်ခင်းများနှင့် တောတိရစ္ဆာန်များ၏ သဘာဝနေထိုင်သည့် စရိုက်ကိုလည်းကောင်း အမဲလိုက်ပညာကို လည်းကောင်း၊ လေ့လာဆည်းပူးလိုသည်ဟု ပြောသည်။

ထိုအခါ...

အာဝီးက ဝမ်းတစ်၏ မျက်နှာကို ထောက်ထားကာ သဘောတူလက်ခံခဲ့ခြင်းဖြစ်သည်။

လူရွယ်သည် သူနှင့်အတူ ငါးကြိမ်မက တောထဲသို့ လိုက်ပါခဲ့ပူးပြီဖြစ်သည်။

ချမ်းသာကြွယ်ဝသူဖြစ်၍ ပင်ပန်းဆင်းရဲမှုဒဏ်ကို မခံနိုင်ဟု ထင်မှတ်ခဲ့သော်လည်း တကယ်တမ်းတွင် လူရွယ်က သူထက်ပင် ဒဏ်ခံနိုင်ပြီး ကြံ့ခိုင်သူဖြစ်ကြောင်း သိရသည့်အခါ ပို၍လေးစားခင်မင်လာလေတော့သည်။

ထို့အပြင်...

လူရွယ်နှင့် စပ်လျဉ်း၍ ချမ်းသာကြွယ်ဝသူဖြစ်ပြီး အိမ်ထောင်ကျပြီးနောက် ကလေးမရသဖြင့် ဇနီးမောင်နှံနှစ်ယောက်စလုံး စိတ်သောက ရောက်နေကြောင်းကိုပါ သိခဲ့သည်။

လူရွယ်၏ ဇနီးသည် ကလေးလိုချင်စိတ်ပြင်းပြပြီး ကလေးမရသည့်အခါ အခြားသော ရောဂါဝေဒနာအမျောင့်ပယောဂများ ဝင်ရောက်လာပြီး ကျန်းမာရေး ချို့ချာလာသည်။

ယခု...

ဇနီးသည်၏ ကျန်းမာရေးအတွက် သမားတော်ကြီးများ၏ ညွှန်ကြားချက်ဖြင့် တောမြို့ကလေးဌ လာရောက်အနားယူနေခြင်းပင် ဖြစ်ပေသည်။

လူရွယ်က အကျိုးအကြောင်း ရှင်းပြပြီးလျှင်...

"တော်တော်ကြာ... ကျုပ်ဇနီး အိပ်ရာကနိုးလို့ မတွေ့ရင် စိတ်သောကရောက်နေပါလိမ့်မယ်... ကျုပ်ကို ပြန်ခွင့်ပြုပါဦးဗျာ..."

ပြောရင်း ထွက်သွားရန် ခြေလှမ်းပြင်လိုက်သည်။

လူရွယ် စိတ်ညစ်ညူးနေသည့် အသွင်တွေ့ရသည့်အခါ အာဝီး စိတ်မကောင်းဖြစ်သွားမိသည်။ လူရွယ်နှင့်သူသည် ခင်မင်ရင်းနှီးသူများဖြစ်ကြသည် မဟုတ်ပါလော။

အခြေအနေကို ကြည့်ရှုခြင်းအားဖြင့် လူရွယ်နောက်တစ်ကြိမ် လာရောက်နိုင်မည် မဟုတ်ကြောင်းနားလည်မိသည်။

လူရွယ်အား ခင်မင်မိသည်ဖြစ်ရာ အထိမ်းအမှတ်ပစ္စည်း တစ်ခုခု လက်ဆောင်ပေးရန် ရုတ်တရက် စိတ်ကူးပေါ်လာသည်။

အပြေးအလွှား စဉ်းစားလိုက်သောအခါ ယမန်နှစ်က ရရှိခဲ့သော ကျားသစ်သားရေတစ်ချပ်မှာ မရောင်းရသေးဘဲ ရှိနေသည်ကို သတိရလာမိသည်။

ကျားသစ်သားရေအား မရောင်းသေးသည်မှာ ဈေးကောင်းကောင်းလိုချင်၍ မဟုတ်ပါ။

အလှသိမ်းထားရန်သာ ဖြစ်ပေသည်။

အဖိုးတန်ပစ္စည်းဟူ၍ ယင်းကျားသစ်သားရေတစ်ချပ်သာ ရှိရာ လက်ဆောင်ပေးလိုက်ရန် စိတ်ကူးမိလိုက်၏။

ထို့ကြောင့်...

"ဆရာလေး... ခဏနေပါဦးဗျာ... "

သူသည် ထွက်ခွာရန်ပြင်နေသော လူရွယ်ကို ဟန့်တားလိုက်သည်။

"ဘာကိစ္စများရှိလို့လဲဗျ... "

"ဩော်... ဆရာလေးကို လက်ဆောင်ပစ္စည်းလေးတစ်ခုပေးလိုက်ချင်လို့ပါ... တော်တော်နဲ့ ဆရာလေးလည်း ကျုပ်ဆီမရောက်တော့ဘူးလို့ ထင်လို့ပါ... "

ပြောပြောဆိုဆို အတွင်းဘက်သို့ ခပ်သုတ်သုတ်ဝင်သွားလေသည်။

သူတို့နှေးနေလျှင် လူရွယ်ငြင်းဆန်မည်ကို ရိပ်မိထားပြီးဖြစ်သည်။

ထို့ကြောင့်...

အိပ်ခန်းအတွင်း ဝင်သွားပြီး ကျားသစ်သားရေကို ရွာဖွေလိုက်၏။

ထိုအခါမှ...

ကျားသစ်သားရေမှာ အိပ်ရာပေါ်ခင်းထားပြီး ကလေးတင်သိပ်ထားမိသည်ကို သတိရလာ၏။

ကလေးကို ပွေ့ချီ၍ ဘေးဖယ်လိုက်ရာ သေးပေါက်ထားခြင်းကြောင့် ကလေးတစ်ကိုယ်လုံး စိုရွဲစိုနေသည်ကို တွေ့ရသည်။

"အင်း... ဒုက္ခပဲ... သည်အတိုင်းသာဆိုရင်တော့ အအေးပတ်တော့မှာပဲ... "

ပြောရင်း ကလေးကိုယ်ပေါ်မှ အနီးပိတ်စများကို ခွာကာ အခြားအဝတ်အစားများနှင့် လဲလှယ်ထုပ်လိုက်၏။

ဤတွင်...

ကလေး၏ဝမ်းဗိုက်၌ ရစ်ပတ်ထားသော ခပ်ပျော့ပျော့ ရှည်မျောမျော အိတ်ကလေးကို တွေ့ရှိသွားသည်။

"ဘာပါလိမ့်... "

သူသည် တီးတိုးရေရွတ်ပြီး ဖြုတ်ယူလိုက်၏။

အိတ်ကလေးအတွင်း၌ ခပ်ပါးပါးစာအုပ်ကလေး တစ်အုပ် ရှိနေသည်ကို တွေ့ရသည်။

အာဝီးသည် စာပေပညာသင်ကြားခဲ့ခြင်း မရှိသဖြင့် စာမတတ်ပါချေ။

စာမဖတ်တတ်ခြင်းကြောင့် စာအုပ်ကလေးကို စိတ်မဝင်စားဘဲ အိတ်ထဲပြန်ထည့်ကာ ခေါင်းအုံးအောက် ထိုးသွင်းထားလိုက်လေသည်။

ယခုလောလောဆယ် လူရွယ်အား အပြင်၌ စောင့်ထားခိုင်း

ရမည်ကို အားတုံ့အားနာဖြစ်မိ၏။

သို့ဖြစ်၍...

ကလေးအား အမြန်ဆုံး လဲလှယ်ပေးပြီး ကျားသစ်သားရေကို ဆွဲယူကာ အပြင်ဘက် ထွက်ခဲ့သည်။

ကျားသစ်သားရေမှာ အလွန်ပင် လှပတင့်တယ်လှသည်။

"ဟာ... လှလိုက်တာဗျာ... "

လူရွယ်ကလည်း ကျားသစ်သားရေကို တွေ့သည့်အခါ လိုချင်မက်မောသွားပုံရသည်။

အာဝီးက...

"ဟောသည် ကျားသစ်သားရေကို ကျုပ်ရဲ့အမှတ်တရ လက်ဆောင်ပစ္စည်းအဖြစ် လက်ခံပါဗျာ... "

ပြောပြောဆိုဆို ကမ်းပေးလိုက်ရာ လူရွယ်က ငြင်းဆန်ခြင်းမပြုဘဲ လက်ခံယူလိုက်သည်။

ပြီးနောက် အင်္ကျီအိတ်ထဲ လက်နှိုက်ကာ အထုပ်ကလေးတစ်ထုပ်ယူလိုက်ပြီး...

"ခင်ဗျားပေးတဲ့ ကျားသစ်သားရေကို ကျုပ်က လက်ဆောင်အဖြစ်လက်ခံသလို ကျုပ်ရဲ့လက်ဆောင်ကိုလည်း လက်ခံရလိမ့်မယ်..."

အထုပ်ကလေးကို လှမ်းပေးလိုက်သည်။

အာဝီးလည်း ငြင်းပယ်ခြင်းမပြုနိုင်ဘဲ လက်ခံယူလိုက်ရ၏။

"ကဲ... ကျုပ်တို့နောက်မှ တွေ့ကြသေးတာပေါ့... ကျုပ်ဇနီးစိတ်ပူနေလိမ့်မယ်... သွားတော့မယ်ဗျို့... "

သူသည်ပြောပြောဆိုဆို ထွက်သွားရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင်...

"အူဝဲ... အူဝဲ... အူဝဲ... "

အခန်းတွင်းမှ ကလေးငယ်၏ ငိုသံစူးရှရှ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

"အူဝဲ... အူဝဲ... အူဝဲ... "

ကလေးငိုသံသည် အဆက်မပြတ် ထွက်ပေါ်လာသည်။

အာဝီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားသည်။

"ဟင်... ကလေးငိုနေပြီ... "

ပြောရင်းအတွင်းဘက်ခန်းသို့ ပြေးဝင်သွားလေ၏။

ကလေးမှာ နို့ဆာနေခြင်းကြောင့် ငိုနေခြင်းဖြစ်ပေသည်။

နို့ချိုတိုက်ကျွေးမည့်သူ မရှိခြင်းကြောင့် အဆက်မပြတ် ငိုနေပေတော့သည်။

အာဝီးက ကလေးကို ပွေ့ချီရင်း...

"အိုး... တိတ်ပါ... တိတ်ပါ... ဘာဘက မင်းကို မုန့်တွေ အများကြီးကျွေးမှာ... တောထဲက ယုန်ကလေးတွေ ငှက်ကလေးတွေလည်း ဖမ်းပေးမယ်... လိပ်ပြာလှလှလေးတွေလည်း ဖမ်းပေးမယ်... မငိုနဲ့ ဟုတ်လား... "

သူသည် ကလေးကို ပွေ့ချီရင်း ချော့မော့နှစ်သိမ့်လိုက်သည်။

ကလေးငယ်ကား သူ၏ စကားကိုလုံးဝ နားလည်နိုင်မည်မဟုတ်ချေ။

နို့ဆာချိန်၌ နို့မစို့ရခြင်းကြောင့် ဆတက်ထမ်းပိုး တိုးကာ ငို ကြွေးနေလေတော့သည်။

ကလေးချော့ရင်း စိတ်ရှုပ်သွားခြင်းကြောင့် လူရွယ်ကိုပင် ဂရုမပြုမိတော့ချေ။ ကလေးငယ်ကိုသာ အိုအိုအဲ့အဲ့ဖြင့် ချော့မြူနေသည်။

ကလေးငိုနေသည်ကို တိတ်အောင်ကြိုးစားပမ်းစား ချော့နေ၏။

ကလေးမှာ အငိုမတိတ်ဘဲ ပို၍သာ ဆိုးလာတော့သည်။

ထိုစဉ်...

"ဘယ်က,ကလေးလဲဗျ... ကျုပ်အရင်တစ်ခေါက် သည်ကို ရောက်တုန်းက မတွေ့မိပါလား... "

စူးစမ်းသော စကားသံက နောက်ကျောဘက်မှ ထွက်ပေါ်လာသည်။

လူရွယ်သည် အခန်းဝသို့ပင် ရောက်နေပြီဖြစ်သည်။

အဝိုး ချီပိုးထားသော ကလေးကို စိတ်ဝင်စားစွာဖြင့် ကြည့်နေ၏။

လူရွယ်၏ မျက်လုံးများအရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပနေပြီး ရှေ့သို့တိုးလာ၏။

အဝိုးက လူရွယ်ဘက်သို့ လှည့်ကာ ပြုံးပြရင်း...

"ကျုပ်ကောက်ရလာခဲ့တဲ့ ကလေးပါဗျာ... "

အဝိုးသည် တုံးတိတိပြောလိုက်သည်။

အဝိုအလိုမရှိ အမှန်အတိုင်း ပြောလိုက်ခြင်းဖြစ်သည်။

သူ၏ စကားကြောင့် လူရွယ်စိတ်ဝင်စားသွားလေသည်။

"ဗျာ... ခင်ဗျားကောက်ရလာတာ ဟုတ်လား... ဘယ်က ကောက်ရလာတာလဲ... မိဘတွေကော မရှိဘူးလားဗျာ... "

"ဒါတော့ ကျုပ်လည်း မသိဘူး... အခုလောလောဆယ် ကလေးအငိုတိတ်ဖို့က အရေးကြီးတယ်ဗျ... "

"ဟုတ်တယ်... ကလေးနို့ဆာလို့ ငိုတာပဲ ဖြစ်ရမယ်... "

"ဟာ... ကျုပ်က နို့ဘယ်လိုလုပ် တိုက်ရမှာလဲဗျ... "

လူရွယ်က ခေါင်းကုတ်ကာ...

"ဟုတ်ပြီ... ဟုတ်ပြီ... ပျားရည်တိုက်ရင်လည်း ရတယ်ဆိုပဲ ခင်ဗျားမှာ ပျားရည်ကော မရှိဘူးလားဗျ... "

"ရှိတယ်... "

အဝိုးက သိမ်းဆည်းထားသော နှစ်ချို့ပျားရည်ပုလင်းကို သတိရလာပြီး ပြောလိုက်သည်။

ထိုပျားရည်ပုလင်းအား နှစ်သစ်ကူး လက်ဆောင်အဖြစ် စားသောက်ဆိုင်ပိုင်ရှင် ဝမ်းတအားပေးရန် ရည်ရွယ်ကာ သိမ်းဆည်းထားခဲ့ခြင်းဖြစ်သည်။

"ခင်ဗျားမြန်မြန်သွားယူလိုက်ပါ... ကျုပ်ကလေးချီထားမယ်... "

အဝိုးက လူရွယ်လက်ထဲသို့ ကလေးကို လွှဲပြောင်းပေးလိုက်လေသည်။

အာဝီးသည် သိမ်းဆည်းထားသော ပျားရည်ပုလင်းကို သွားယူလိုက်သည်။

လူရွယ်၏ မျက်နှာ ပြုံးရွှင်နေသည်။

ကလေးကို ကြည့်ကာ ဝမ်းသာဝိတိ ဖြစ်နေဟန်ရှိ၏။

"သားကြီးက ဖေဖေ့သားကြီးပဲ... မင့်နဲ့တော့... တိတ်နော် သားကို ဖေဖေက ပျားရည်တိုက်မယ်လေ... သားနို့ဆာနေပြီဆိုတာ ဖေဖေသိပါတယ် သားရယ်... "

ကလေးမှာ ယောကျ်ားလေး ဖြစ်ကြောင်းသိထားပြီး ဖြစ်သည်။

အာဝီးပင်လျှင် အံ့သြသွားရလေ၏။

အာဝီးက ပျားရည်ပုလင်းအဖုံး ဖွင့်ပေးလိုက်၏။

လူရွယ်က လက်ညှိုးတစ်ချောင်းဖြင့် တို့ကာ ကလေးပါးစပ်ထဲ ထည့်ပေးလိုက်၏။

ကလေးမှာ နို့အမှတ်နှင့် အားပါးတရ စုပ်နေ၏။

ကလေးငယ်က သူ၏လက်ကို တပြွတ်ပြွတ်စုပ်နေခြင်းကြောင့် လူရွယ်သဘောကျစွာ တဟားဟားရယ်မောလိုက်လေသည်။

"ဟား... ဟား... ဟား... ကျုပ်လက်ကို နို့အမှတ်နဲ့ စို့နေတာဗျ... ဟား... ဟား... ဟား... ယားလိုက်တာ... "

အာဝီးလည်း ပြုံးလိုက်သည်။

ပျားရည်နှင့် နို့ရည်ချင်း အရသာတူနိုင်မည် မဟုတ်သော်

လည်း ပျားရည်က ချိုသဖြင့် ကလေးအငိုတိတ်ကာ တပြွတ်ပြွတ်စုပ်နေခြင်းပင်။

အာဝီး ရယ်မောလိုက်သည်။

"ဟား... ဟား... သည်နေရာမှာတော့ ခင်ဗျားက ကျုပ်ထက် ကံလေးအလိုသိတတ်နေပြီ... ခင်ဗျားမရှိဘဲ ကျုပ်တစ်ယောက်တည်းဆိုရင် ဘာလုပ်ရမှန်းသိမှာ မဟုတ်ဘူးဗျ... "

"သည်ကလေးကို ခင်ဗျား ကောက်ရလာတာနော်... "

အာဝီးက ၄င်္ကာဖမ်းသွားရင်း ကြိုဆိုရသည်ကို ပြောပြလိုက်သည်။

လူရွယ်က ဦးခေါင်းတဆတ်ဆတ် ညိတ်ကာနားထောင်နေ၏။

အာဝီး စကားဆုံးသွားသည့်အခါ...

"အင်း... ကလေးရဲ့မိဘတွေသေကုန်ကြပြီကိုး... ကလေးအကြောင်းသိတဲ့လူ တစ်ယောက်မှ မရှိတော့ဘူး ဆိုပါတော့... "

"ဟုတ်တယ်... ကျုပ်လိုက်ရှာပြီးပြီ... အားလုံး သေကုန်ကြပြီ... သည်ကလေးတစ်ယောက်ပဲ အသက်ရှင်လျက်ရှိတယ်... သူဟာ ဘယ်လောက်ကံကောင်းသလဲဆိုရင် တောင်ပေါ်က ပြုတ်ကျလာတာတောင် အသက်လဲမသေဘူး... ဒဏ်ရာလဲ မရဘူး... ချို့ပုတ်တစ်ခုပေါ်တင်ပြီး အသက်ရှင်နေခဲ့တာဗျ... ကျုပ်နဲ့ ထိုက်လို့ ကျုပ်ရတယ်လို့ ဆိုရမှာပေါ့ဗျာ... "

အာဝီး ဝမ်းသာအားရ ရှင်းပြနေ၏။

အာဝီး စကားကြားရသောအခါ လူရွယ်မျက်နှာပျက်သွားသည်။

သို့သော်...

ချက်ချင်းပင် ဣန္ဒြေဆည်ပြီး...

"ဒါထက် ခင်ဗျားက သည်ကလေးကို ကြီးပြင်းလာအောင် ဘယ်လို ကျွေးမွေးပြုစုစောင့်ရှောက်မယ်လို့ စိတ်ကူးထားသလဲ... "

"ဒါတော့... "

အာဝီး ရုတ်တရက် မည်သို့ ပြောရမှန်း မသိဖြစ်သွား၏။

လူရွယ်က အာဝီးငိုင်နေသည်ကို အခွင့်ကောင်းယူကာ...

"ကျုပ်စိတ်ထင်တော့ ကလေးကြီးပြင်းလာတဲ့အထိ ထိန်းသိမ်းစောင့်ရှောက်ဖို့ ခင်ဗျားအတွက် အတော်ကလေး တာဝန်ကြီးလိမ့်မယ်လို့ ထင်မိပါတယ်ဗျာ... သူ့တော့ ကျုပ်တစ်ခုပြောချင်တယ်... "

"ပြောပါ... "

"ကျုပ်က စေတနာနဲ့ ပြောတာနော်... ပြီးတော့အကူအညီတောင်းတဲ့ သဘောပါ... ကျုပ်ကို စိတ်မဆိုးဖို့တော့ ကြိုတင်တောင်းပန်ချင်ပါတယ်... "

အာဝီး ခေါင်းညိတ်လိုက်သည်။

"ပြောပါဗျာ... ကျုပ်စိတ်မဆိုးပါဘူး... "

လူရွယ်က သက်ပြင်းချရင်း...

"ကျုပ်တို့ ဇနီးမောင်နှံဟာ ကလေးရှားရှားခဲ့ကြတာ နှစ်ပေါင်းအတော်ကြာပါပြီဗျာ... ကျုပ်ဇနီးဟာ ကလေးရနိုင်တော့တဲ့ အခြေအနေ မရှိဘူးလို့တောင် ထင်ရပါတယ်... ဒါကြောင့် ကလေးကို ကျုပ်မွေးစားပါရစေလား... သားအရင်းလို ပြုစုစောင့်ရှောက်ပါ့မယ်လို့ ကျုပ်ကတိပေးပါတယ်ဗျာ... ပြီးတော့ ကလေးဟာ ကျုပ်ဆီမှာဆို ပြည့်ပြည့်စုံစုံ လိုလေသေးမရှိ နေနိုင်မယ် မဟုတ်လား... မိတ်ဆွေကို အထင်သေးပြီးပြောတာ မဟုတ်ပါဘူးဗျာ... "

အာဝီးတွေဝေသွား၏။

ရင်ထဲ၌ ဝမ်းနည်းကြေကွဲမှုများ ပေါ်ပေါက်လာသည်။

သူသည် တစ်ခဏကလေးမျှ ကြိုဆိုလိုက်ရသော်လည်း ကလေးငယ်အပေါ် သံယောဇဉ် ငြိတွယ်မိပြီဖြစ်၍ ပြန်လည်စွန့်လွှတ်ရမည်ကို လုံးဝမလိုလားနိုင်ဘဲ ရှိနေသည်။

သို့ရာတွင်...

သူအနေဖြင့် ကလေးငယ်ကို လူတစ်လုံး သူတစ်လုံးဖြစ်လာအောင် ကျွေးမွေးပြုစုရန် အတော်ပင် ခက်ခဲကြောင်းနားလည်မိသည်။

သူကိုယ်တိုင်ပင်လျှင် အမဲလိုက် မုဆိုးဘဝဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်နေရသူ မဟုတ်လား။

သူ၏လက်ထဲ၌ ကလေးငယ်သည် ဆင်းရဲနွမ်းပါးနေပေလိမ့်မည်။ သူအမဲလိုက်ထွက်လျှင် သည်ကလေးငယ်ကို မည်သူက ပြုစုစောင့်ရှောက်ပါမည်နည်း... သူသည် ကလေးငယ်ကို သံယောဇဉ်ရှိသော်လည်း အမြဲတမ်းကလေးအနီး၌ နေနိုင်မည် မဟုတ်ပါ။

မြင်းလှည်းမောက်ကာ သေဆုံးနေကြသည့် မြင်ကွင်းကို ပြန်လည်မြင်ယောင်လာ၏။

ကလေး၏ မိဘများမှာ အဆင့်အတန်းနိမ့်သူများ မဟုတ်ကြဟု ရိပ်မိသည်။

သူတို့၏ လက်ထဲ၌သာဆိုလျှင် ကလေးသည် တင့်တောင်းတင့်တယ်နေထိုင်ကြီးပြင်း ရပေလိမ့်မည်။

မိရင်း ဖရင်းများသည် လူလက်ထဲမှာထက် လူရွယ်၏ လက်ထဲ၌ ကလေးကို ကြီးပြင်းစေလိမ့်မည်သာ ဖြစ်၏။

အာဝီးတွေဝေစဉ်းစားနေသည်ကို လူရွယ်က မျှော်လင့်ချက်ကြီးစွာဖြင့် စောင့်စားနေ၏။

လူရွယ်သည် အာဝီး၏ အဖြေကို ရင်တထိတ်ထိတ်ဖြင့် စောင့်နေမိ၏။

မမျှော်လင့်ဘဲ ကလေးတစ်ယောက်ရရှိခြင်းသည် အဖိုးမဖြတ်နိုင်သော ဆုလာဘ်တစ်ပါးဟု လူရွယ်ယုံကြည်သည်။

ကလေး၏ မိဘများ မည်သူ မည်ဝါဖြစ်ကြောင်း မသိရပါ။

သေဆုံးကုန်ပြီဖြစ်၍လည်း ကလေးအတွက် နောက်ကြောင်း ရှင်းလှသည်။

သူလက်ထဲ ရောက်လျှင် သူ၏ကလေးဖြစ်လာပြီး မွေးစားသားဟု မည်သူမှ သိနိုင်တော့မည် မဟုတ်ချေ။

အခြားသူ တစ်ယောက်၏ ကလေးကို ယူမွေးစားသည်က အချိန်တန်လျှင် မိရင်းဖရင်းပြဿနာပေါ်လာနိုင်သည်။

ယခုမူ...

ထိုသို့သော ပြဿနာမျိုးနှင့်လည်း ကြုံတွေ့စရာအကြောင်းလုံးဝ မရှိတော့ချေ။

လူရွယ်မှာ ကလေးအား ပိုင်ဆိုင်ရယူလိုစိတ် ပြင်းပြလာလေတော့သည်။

ထိုစဉ်...

အာဝီး၏ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

"အင်း... ကလေးအပေါ်မှာ ကျုပ်အတော်လေး သံယောဇဉ်ရှိနေပါပြီဗျာ... ဒါပေမယ့် ကျုပ်နဲ့အတူနေရင် ကလေးဟာ ကျုပ်လိုစာ မတတ်ပေမတတ် တောထဲတောင်ထဲ မုဆိုးဘဝပဲ ရောက်ရမှာပါ... သည်တော့ ခင်ဗျားက သားအရင်းလို သဘောထားပြီး မွေးစားမယ်ဆိုရင် ခေါ်သွားနိုင်ပါတယ်ဗျာ... "

အာဝီး၏ စကားသံက တုန်ယင် အက်ကွဲနေသည်။

လူရွယ်မူကား ထိုစကားကြားလျှင် ထခုန်မိမတတ် ဝမ်းသာသွားလေ၏။

"ခင်... ခင်ဗျား တကယ်ပြောတာနော်... "

"တကယ်ပါ... "

"ကောင်းပြီ... ကလေးကို ကျုပ်ခေါ်သွားမယ်... ဒါပေမယ့် တစ်ခုတော့ ပြောပါရစေဗျာ... "

"ပြောပါ... "

"ကလေးကို ကျွပ်က သားအရင်းလို သဘောထားပြီး မွေး
မှာပါ... ကျွပ်သားလို့ပဲ လူတွေသိစေချင်တယ်... ကျွပ်မွေးစားခဲ့တယ်
လို့ ဘယ်သူမှ မသိစေချင်ဘူးဗျ... "

အာဝီးမှာ တောထဲတောင်ထဲ၌ရှိသော်လည်း ဤမျှလောက်
တော့ ပါးနပ်လိမ္မာပါသေး၏။

ဦးခေါင်း ဆတ်ခနဲ ညိတ်ရင်း...

"စိတ်ချပါဗျာ... သည်ကလေးကို ခင်ဗျားမွေးစားခဲ့တယ်
ဆိုတာ ဘယ်သူ့ကိုမှ ကျွပ်မပြောပါဘူး... "

"ကျေးဇူးတင်လိုက်တာဗျာ... "

လူရွယ်သည် ကလေးကို ပိုင်ဆိုင်ရပြီ ဖြစ်ရာ အာဝီး စိတ်သ
ဘောထားပြောင်းလဲသွားမည်ကို စိုးရိမ်ကာ ချက်ချင်းနှုတ်ဆက်ထွက်
သွားတော့၏။

အာဝီးက လူရွယ်မြင်ကွင်းမှ ကွယ်ပျောက်သွားသည်အထိ
ငေးကြည့်နေလိုက်၏။

ပြီးလျှင် အိမ်တံခါးပိတ်လိုက်သည်။

သူ၏ ပခုံးပေါ်မှ ဝန်ထုပ်ဝန်ပိုးကြီးကား ကျသွားပြီဖြစ်ပ
သည်။

သို့သော်...

ရင်ထဲ၌ နောက်ထပ်ဝန်ထုပ်ဝန်ပိုးတစ်ခု ဝင်ရောက်နေသည်
ဟု မဆီလျော်စွာ ခံစားနေရသည်။

"အင်း... "

အာဝီး သက်ပြင်းတစ်ချက်လေးပင်စွာ ချလိုက်မိလေတော့
သည်။

သို့ဖြင့် တဖြည်းဖြည်း နေစောင်းလာသည်။

မကြာမီ နေဝန်းနီမှာ အနောက်ဘက်၌ ငုပ်လျှိုးကွယ်ပျောက်
သွားသည်။

အမှောင်ထု ဝင်ရောက်လာသည့်အခါ အာဝီးသည် သစ်လုံး
အိမ်ကလေးအတွင်း မီးအိမ်ထွန်းညှိလိုက်သည်။

ယနေ့ ရင်ထဲဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်ခံစား
နေရခြင်းကြောင့် ဝမ်းဗိုက်ဆာလောင်နေသည်ကိုပင် မေ့လျော့ခဲ့သည်
အထိဖြစ်၏။

မိုးချုပ်လာမှ ဗိုက်ဆာလာသည်။

အာလူးနှင့် တောကြက်သားချက်ထားသော ဟင်းကို ဆန်
ပြုတ်နှင့် ခပ်သွက်သွက် စားပစ်လိုက်သည်။

ညစာစားပြီးနောက် တစ်ကိုယ်လုံး မောပန်းနွမ်းနယ်နေ
သလို ခံစားရခြင်းကြောင့် စောစောစီးစီး အိပ်ရာဝင်ခဲ့သည်။

အိပ်ရာထဲ၌ လဲချပြီးလျှင် မနက်က ကလေးငယ် တစ်ရေး
တစ်မော အိပ်စက်ခဲ့သေးသည်ကို ပြန်လည်အမှတ်ရလာလေသည်။

ချစ်စရာကောင်းသော ကလေးငယ်၏ မျက်နှာကိုသာ မြင်
ယောင်နေမိလေတော့သည်။

အိပ်ရာပေါ်၌ လူးလိမ့်ရင်း...

"အင်း... ကလေးဟာ လူမှန်နေရာမှန် ရောက်သွားတာပဲ...

ငါဘာမှ စိတ်မကောင်းဖြစ်စရာ မလိုပါဘူး... ငါ့ဆီမှာနေရင်လည်း လူဖြစ်ရုံးမှာပဲ... "

တွေးရင်း စိတ်ကို ဖြေသိမ့်လိုက်သည်။

ထို့နောက်...

အိပ်စက်ရန် ကြိုးစားလိုက်သည်။

ဤတွင်...

ခေါင်းအုံးအောက်သို့ လက်နှိုက်မိပြီး အထုပ်ကလေးကို စမ်းမိလေသည်။

"ဟင်... "

အာဝီး အလန့်တကြား အော်ဟစ်ရင်း လူးလိမ့်ထလိုက်သည်။

အထုပ်ကလေးတစ်ထုပ်ကို ဆွဲထုတ်ကာ အတွင်းဘက်မှ စာအုပ်ကလေးကို ယူကြည့်လိုက်၏။

စာအုပ်အဖုံး၌ စာရေးထားသည်ကို လည်းကောင်း၊ အတွင်းဘက်၌ စာရေးထားသည်ကို လည်းကောင်း၊ တွေ့ရသော်လည်း စာမတတ်သဖြင့် သူမဖတ်တတ်ချေ။

စာဖတ်တတ်လျှင်တော့ ကောင်းလေစွဟု တွေးမိသည်။

စာအုပ်ကလေးကို လှန်လှောကြည့်လိုက်သောအခါ ခြေလက်ကိုယ်ဟန်အနေအထား အမျိုးမျိုးရှိသော လူရုပ်ပုံများရှိနေသည်ကို တွေ့ရ ပြန်သည်။

"တစ်ခုခုတော့ တစ်ခုခုပဲ... "

စာအုပ်ကလေးကို ကြည့်ရင်း ကလေး၏ ရင်ဘတ်၌ သေ

သေချာချာ ချည်နှောင်ထားသည်ကို မြင်ယောင်လာ၏။

"အင်း... ကလေးရဲ့ မိဘတွေက သည်စာအုပ်ကလေးကို ကလေးနဲ့အတူ သေအတူရှင်မကွာ ရှိစေချင်ပုံရတယ်... ဒါဟာ ငါ့အတွက်လည်း ဘာမှအသုံးမဝင်ဘူး... ငါ့ပစ္စည်းလည်း မဟုတ်ဘူး... ကလေးပစ္စည်းဆိုတော့ အင်း... မနက်သွားပို့ပေးလိုက်တာ ကောင်းမယ်... "

နောက်ဆုံးတွင် မနက်မိုးလင်းသည်နှင့် စာအုပ်ကလေးကို သွားပို့ပေးရန် ဆုံးဖြတ်လိုက်၏။

ထို့နောက်...

အိပ်ပျော်အောင် ကြိုးစားလိုက်လေတော့သည်။

❦ ❦ ❦

ရွှေပုစွန်စားသောက်ဆိုင်... ။

ရွှေပုစွန် စားသောက်ဆိုင်သည် နံနက်အုန်းမောင်းလေးချက်တီးအချိန်ကပင် စတင်ဖွင့်လှစ်ပြီး ည၌နက်သန်းခေါင်အချိန်အထိ စားသောက်စရာနှင့် အရက်များ ရောင်းချသော စားသောက်ဆိုင်ဖြစ်ပေသည်။

တည်းခိုခန်းနှင့် တွဲဖက်ဖွင့်လှစ်ထားခြင်းကြောင့် အိပ်မပျော်သော ည့ဉ်သည်များ နံနက်စောစော စားသောက်တတ်သော ည့ဉ်သည်များအတွက် အဆင်ပြေလှသည်။

ဆိုပြီးစဉ်းစားလည်း...

ရပ်ကွက်မှလာသော စည်သည်များသည် ရွှေပုစွန်တည်းခို
၌ ဦးစားပေးတည်းခိုကြသည်။

ရွှေပုစွန်စားသောက်ဆိုင်ပိုင်ရှင် ဝမ်းတသည် အကွက်မြ
ဖြစ်ရာ နှစ်အနည်းငယ်အတွင်း ချမ်းသာကြွယ်ဝလာခဲ့သည်မှာ အ
စရာမဟုတ်ချေ။

ယနေ့နံနက် စားသောက်ဆိုင်တံခါးများ ဖွင့်လှစ်လိုက်
နှင့် ဆိုင်အပြင်ဘက်၌ ည့်သည်တစ်ယောက် ရောက်ရှိနေသည်
တွေ့မြင်လိုက်ရလေသည်။

"ဟင်... "

ဆိုင်လုလင်များ အံ့သြသွားကြသည်။

သူတို့သည် ထိုည့်သည်ကို သိရှိထားကြ၏။

"မုဆိုးကြီး အာဝီးပါလား... စောစောစီးစီး ဘာများအရေး
လို့လဲဗျ... ကျွန်တော်တို့ စားသောက်ဆိုင်အတွက် အကောင်းဆုံး ပ
လျာဖြစ်နိုင်တဲ့ အမဲရလာလို့လားဗျာ... "

ဟု ဆိုင်လုလင်တစ်ယောက်က မေးမြန်းလိုက်လေသ

အာဝီးထံ၌ သားကောင်လုံးဝပါမလာချေ။

အထုပ်အပိုးလည်း ပါမလာဘဲ ခြေလွတ်လက်လွတ် ဖြ
၏။

"ဟင်းလျာလာပို့တာ မဟုတ်ဘူး... အရေးကြီးတဲ့ ကိ
မင်းတို့ဆရာနဲ့ တွေ့ချင်လို့ပါ... "

"ဆရာသည် အချိန်အိပ်ရာက ထဦးမှာ မဟုတ်ဘူး... "

ဝမ်းတအား အိပ်ရာထဲမှ နှိုးခေါ်ရအောင် အရေးကြီးသော
ကိစ္စမဲဟုတ်ဟု သူနားလည်ထား၏။

ထို့အပြင်...

ဝမ်တကို နှိုးလိုက်လျှင် လူမသိစေချင်သော ကိစ္စ၌ သိသူ
တစ်ယောက် ပိုများလာသည်သာ အဖတ်တင်မည်ကို တွေးမိသည်။

"သူအိပ်နေတုန်းပဲဆိုရင် ရှိပါစေတော့ကွာ... သူ့ကို တွေ့ဖို့
ထက် မင်းတို့ဆီမှာ တည်းခိုနေတဲ့ လူတစ်ယောက်ကို တွေ့ချင်လို့
ပါ... "

"ဘယ်သူများလဲဗျာ... "

အာတီးခေါင်းကုတ်လိုက်သည်။

ကလေးယူသွားသော လူရွယ်၏ အမည်ကို သူမေ့လျော့နေ
မြီဖြစ်သည်။

အာဝီး သက်ပြင်းချလိုက်သည်။

"သူနာမည်ကောင်းကောင်း မမှတ်မိတော့ဘူး... သူဟာ
မင်းတို့ဆရာ ဝမ်းတ မိတ်ဆက်ပေးလို့ ငါနဲ့အတူ အမဲလိုက်ရာမှာ ငါးခါ
လောက်တောင် လိုက်လာဖူးသေးတယ်... သူ့ရဲ့ယာဘက်လက်သန်း
လေးတစ်ချောင်း ပြတ်နေတယ်လေ... "

"ဩော်... အခန်းအမှတ်သုံးက လူကိုပြောတာထင်တယ်...
သူမရှိတော့ဘူးဗျ... မနေ့ညကပဲ ထွက်သွားကြပြီ... "

အာဝီးအထိတ်တလန့် ဖြစ်သွားသည်။

"ဘာ... သူတို့ ထွက်သွားကြပြီ ဟုတ်လား... "

ဆိုင်လုလင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်... သူတို့ဟာ အရေးကြီးတဲ့ ကိစ္စရှိလို့ ထင်ပါ တယ်... အခန်းခနဲ့ စားသောက်ခ တစ်လစာကြိုတင်ပေးထားပေမယ့် ရက်ပြည့်အောင်မနေဘဲ ထွက်သွားကြတယ်... သူတို့နဲ့အတူ မွေးစား ဖို့ ကလေးတစ်ယောက်ပါ ခေါ်သွားကြတယ်လေ... သူတို့ဟာ မမျှော် လင့်ဘဲ ကလေးကို ရခဲ့လို့ အတော်ပျော်နေကြပုံပဲ... "

မမျှော်လင့်သော စကားကြားလိုက်ရသဖြင့် အာဝီးငိုင်ကျ သွားလေသည်။ ဆိုင်လုလင်ကို ကြည့်ရင်း...

"သူ့ရဲ့ ယာဘက်လက်သန်း ပြတ်နေတာ သေချာပါတယ် နော်... "

"သေချာပါတယ်... ဆရာဝန်းက သူ့ကိုအရေးပေးဆက်ဆံရ မယ်လို့ မှာထားလို့ ကျွန်တော်တို့ သတိပြုမိတာပါ... ပြီးတော့ သူဟာ အမဲလိုက်မယ်ဆိုပြီး မုဆိုးကြီးဆီကို ခေါ်သွားတာလဲ သိထားကြတာ ပဲ... "

"သူ့ဆီမှာ ကလေးပါသွားတယ်ဆိုတာ သေချာပါတယ် နော်... "

"ဟုတ်ကဲ့... သေချာပါတယ်... ဘာကြောင့်လဲဆိုတော့ ကလေးကို တိုက်ကျွေးဖို့ နွားနို့သန့်သန့်ကို ချက်ချင်းပို့ပေးဖို့ မှာခဲ့တာ ကျွန်တော်ကိုယ်တိုင် သွားပို့ရပါသေးတယ်... မုဆိုးကြီးက သူတို့ကို စုံစမ်းတာ ဘယ်လိုအကြောင်းရှိနေလို့လဲဗျ... "

အာဝီး ခေါင်းခါယမ်းလိုက်သည်။

"ဘယ်လိုအကြောင်းမှ မရှိပါဘူး... သူက ကလေးတစ် ယောက်အပိုင်ရမယ်ဆိုရင် မွေးစားမယ်လို့ ကျုပ်ကိုမကြာခဏ ပြော ဖူးတာပဲ... ပြီးတော့ တောဝက်ဖမ်းချင်တယ်... တောဝက်တွေ့ရင် ပြောပါမှာထားလို့ ကျုပ်လာခေါ်တာပါ... သူထွက်သွားရင်လည်း ပြီး တာပါပဲလေ... "

"ဒါထက်... ကျွန်တော်တို့ဆရာကို ဘာမှာခဲ့ဦးမလဲခင်ဗျာ... "

"ဘာမှ မမှာတော့ပါဘူးကွာ... ကဲ... ငါသွားဦးမယ်... "

အာဝီးက စားသောက်ဆိုင်ရှေ့မှ ခြေလှမ်းသွက်သွက်ဖြင့် လှမ်းထွက်ခဲ့လေသည်။

စားသောက်ဆိုင်နှင့် အတော်ကလေး ဝေးသောနေရာ ရောက်မှ ကလေးပိုင်ပစ္စည်းဖြစ်သော စာအုပ်ကလေးသူထံ ပြန်ပါလာ သည်ကို သတိရလာ၏။

"အင်းလေ... သူဟာ တစ်ချိန်ချိန် ငါ့ဆီရောက်လာပြီး ကလေးအကြောင်းပြောပြဦးမှာပေါ့... သည်အခါမှ ပေးရတော့မှာ ပေါ့... ငါပဲ လုံလုံခြုံခြုံသိမ်းဆည်းထားလိုက်တော့မယ်... "

အာဝီးသည် ကိုယ့်အတွေးနှင့်ကိုယ် ကျေနပ်သွားပြီး မြို့ ကလေးမှ ခပ်သုတ်သုတ် ထွက်သွားလေတော့သည်။

အရှေ့ဘက်၌ ရောင်နီများ ပျို့အန်လာပြီဖြစ်သည်။

❦ ❦ ❦

အခန်း [၁၉]

လေတံခွန်လိုက်ပူ

နေဝန်းနီမှာ အရှေ့ဘက်မှ ထွက်ပေါ်လာပြီး အနောက်ဘက်သို့ ဝင်ပျောက်သွား၏။

ရာသီဥတုမှာလည်း အလိုလိုပြောင်းလဲနေသည်။

အလယ၊ အနှစ်နှစ်ကို အချိန်စက်ဝိုင်းက တိုက်စားကာ တစ်ပတ်ပြီး တစ်ပတ်လှည့်ပတ်နေလျက် ရှိသည်။

ဤသို့ဖြင့်...

ရက်လများသည် တစ်ရွေ့ရွေ့ကုန်ဆုံးသွားလေတော့သည်။

ထင်းရှူးမြို့... ။

ထင်းရှူးမြို့သည် လုရန်မြို့နှင့် ငါးမိုင်ခန့်သာ ကွာဝေးသော ကုန်သည်လမ်းမကြီးပေါ်၌ တည်ရှိသည်။

ထိုမြို့သည် ပေါများစွာပေါက်ရောက်သော ထင်းရှူးပင်များကို အစွဲပြုကာ ထင်းရှူးမြို့ဟု ခေါ်တွင်ခြင်းပင် ဖြစ်သည်။

ထင်းရှူးမြို့သည် အလွန်အေးချမ်းသော မြို့တစ်မြို့ဖြစ်၏။

ကုန်သည်လမ်းမကြီးကို အသုံးပြုကာ ကုန်စည်ရောင်းဝယ်အက်ကားကြသော ကုန်သည်များသည် အချိန်လင့်သွားပါက လုရန်သို့ ခရီးဆက်ရန် မကြိုးစားကြတော့ဘဲ ထင်းရှူးမြို့၌ပင် တစ်ညတာနားယူတတ်ကြသည်။

လုရန်မြို့၏ နံနက်ခင်းစေ့းသည် အလွန်စည်ကား သိုက်မြိုက်း အနယ်နယ်အရပ်ရပ်မှ ကုန်စည်များ အပြိုင်အဆိုင် ရောင်းချမှုရှိ၏။

ထို့ကြောင့်...

ထင်းရှူးမြို့၌ တစ်ညတာ တည်းခိုသော ကုန်သည်များသည် နက်စောစော ထသွားပါက လုရန်မြို့ မနက်စေ့းကို မီသဖြင့် အပူပင်မရှိ တည်းခိုအနားယူနိုင်ကြသည်။

အချို့က အေးအေးချမ်းချမ်းရှိသော ထင်းရှူးမြို့ကို သဘောကျပြီး တစ်ညတာ နားကာ နံနက်ခင်းစေ့းမီရန် မနက်စောစောထသွားတတ်၏။

သို့ဖြစ်ရာ...

ထင်းရှူးမြို့သည် လုရန်မြို့ကို အမှီပြုကာ စည်ကားသိုက်မြိုက်သည်ဟု ဆိုရပေလိမ့်မည်။

ထင်းရှူးမြို့၌ အိမ်ခြေသုံးရာကျော်မျှသာ ရှိသဖြင့် မြို့သူမြို့သား း တစ်ယောက်ကို တစ်ယောက် သိကျွမ်းခင်မင်သည်မှာ မထူးဆန်းပေ။

အထူးသဖြင့်...

ချမ်းသာ ကြွယ်ဝသူများဆိုလျှင် ဝိုင်း လူသိများလေ၏။

ထင်းရှူးမြို့၌ လူသိများပြီး ကျော်ကြားသူ၊ တစ်မြို့လုံး လေးစားချစ်ခင်သူဟူ၍ကား များများစားစားရှိလှသည် မဟုတ်ပါ။

ထိုလူနည်းစု အတွင်း၌ မြို့တောင်ပိုင်းရှိ စာပေပညာရှင် ချင်းဖုန်းမှာ တစ်ယောက်အပါအဝင် ဖြစ်ပေသည်။

ချင်းဖုန်း၏ မိဘဘိုးဘွားများသည် အစဉ်အဆက်ကပင် ချမ်းသာကြွယ်ဝခဲ့ကြပြီး တစ်သက်စားမကုန်နိုင်သော ပစ္စည်းဥစ္စာ ရတနာများ ပိုင်ဆိုင်ခဲ့ကြ၏။

စာပေပညာရှင် ချင်းဖုန်းသည် စည်ကားလှသော လုရန်မြို့မှ နေပြီး ထင်းရှူးမြို့ငယ်ကလေး၌ လာရောက်အခြေစိုက် နေထိုင်ခဲ့သူ ဖြစ်၏။

လုရန်မြို့တွင် ချင်းဖုန်း၏ စားသောက်ဆိုင်များ၊ အာမခံငွေနှုပ်ငန်းများ စသည်ဆိုင်များ ရှိသည်။

ချင်းဖုန်းသည် လုရန်မြို့၌ ချမ်းသာကြွယ်ဝသော ကုန်သည်အဖြစ် ရပ်တည်ခဲ့သော်လည်း ထင်းရှူးမြို့ကလေး၌မူ ရိုးသားဖြောင့်မတ်သော စာပေပညာရှင်ဘဝကို ခံယူထားခဲ့၏။

ထင်းရှူးမြို့ကလေး၌ပင် အခြေချပြီး လုရန်မြို့မှ စီးပွားရေးလုပ်ငန်းများကို တပည့်များအား လွှဲအပ်၍ စီမံအုပ်ချုပ်ခဲ့သည်။

စာပေပညာရှင် ချင်းဖုန်းအား လူသိများသလို သူ၏သားသမီးများဖြစ်ကြသော ချင်းလွေ၊ ချင်းရှမ်းနှင့် ချင်းချင်းတို့ကိုလည်း တစ်မြို့လုံးက သိရှိထားကြပေတော့သည်။

❦ ❦ ❦

သိုင်းလောကဌ် လျှမ်းလျှမ်းတောက် ကျော်ကြားသော သံမဏိဂိုဏ်းကား ပြိုကွဲပျက်စီးသွားခဲ့ချေပြီ။

သိုင်းလောက၏ အထင်ကရ ဂိုဏ်းကြီးများ ဖြစ်ကြသော ရှောင်လင်၊ ဝူတန်၊ ဂူဗီ၊ ဝါမေ စသော ဂိုဏ်းကြီးများသည် သိုင်းလောကအကျိုး သယ်ဝိုးနေသော သံမဏိဂိုဏ်းပျက်စီးသွားခြင်းအတွက် အလွန်ပင် ကြေကွဲဝမ်းနည်းခြင်း ဖြစ်ခဲ့ကြပေသည်။

သံမဏိဂိုဏ်း အဘယ်ကြောင့် ပျက်စီးသွားရသည်ကိုလည်း ဆန်းစစ် အဖြေရှာခဲ့ကြ၏။

တစ်နှစ်ခန့်ကြာမှ ဒေါသနဂါးပုကျင်ဟို၏ လက်ချက်ကြောင့် ဖြစ်ကြောင်း သိကြရလေတော့၏။ ထိုအချိန်၌ သိုင်းလောကတွင် ဒေါသနဂါးပုကျင်ဟို ဦးဆောင်သော မီးနဂါးဂိုဏ်းသည် အင်အားတောင့်တင်းလာကာ အဖျက်လုပ်ငန်းများ လုပ်ကိုင်ရင်း နာမည်ဆိုးဖြင့် လျှမ်းလျှမ်းတောက် ကျော်ကြားလာသည်။ အောက်လမ်းသိုင်းဂိုဏ်း၏ လုပ်ရပ်သည် မကောင်းမှုသာဖြစ်သည် မဟုတ်ပါလော။

သို့ဖြစ်ရာ...

ရှောင်လင်၊ ဝူတန်၊ ဂူဗီ၊ ဝါမေ စသော အထင်ကရ ဂိုဏ်းကြီးများက မီးနဂါးဂိုဏ်းကို ဖြိုဖျက်ရန် ကြိုးပမ်းကြတော့သည်။

သို့သော်...

ပုကျင်ဟို၏ မီးနဂါးဂိုဏ်းသည် အလွန်ခိုင်မာတောင့်တင်းနေပြီး ဌာနခွဲများ တိုင်းပြည်နှင့် အဝှမ်းဖွင့်လှစ်ထားနိုင်ပြီဖြစ်ရာ လွယ်လွယ်ကူကူ ဖြိုဖျက်၍ မရတော့ချေ။

ထို့အပြင်...

ဒေါသနဂါး ပုကျင်ဟို၏ ကြောက်မက်ဖွယ်ကောင်းအောင် ထက်မြက်သော လောင်မီးလက်ဝါးသိုင်းပညာက အထင်ကရသိုင်း ဂိုဏ်းကြီးများအား လက်တွန့်သွားစေခဲ့သည်။

ပုကျင်ဟို၏အရှိန်အဝါ ကြီးမားလွန်းသောကြောင့် ထိပ်တိုက် ရင်မဆိုင်ဝံ့ကြတော့ဘဲ အခြားနည်းလမ်းကို အသုံးပြုကာ နှိမ်နင်းရန် ကြံဆရွာဖွေကြရတော့သည်။

ထိုအချိန်၌...

ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်ခြင်း၊ မီးနဂါးဂိုဏ်း၏ ဌာနခွဲများ ကို ချေမှုန်းပစ်ခြင်းများ၊ မပြုလုပ်တော့ဘဲ ခေတ္တခဏ လျစ်လျူရှုထား လိုက်ကြသည်။

ထို့ကြောင့်လည်း...

ပုကျင်ဟို ဦးဆောင်သော မီးနဂါးဂိုဏ်းသည် သိုင်းလောက ၌ ထင်တိုင်းကြီးရန် အခွင့်အရေးများ ရရှိကာ မင်းမူသောင်းကျန်းနေ လေတော့သည်။

နေသာသောနေ့ ဖြစ်ပါသည်။

နံနက်စာ စားချိန်ရောက်နေပြီ ဖြစ်သော်လည်း ထင်းရှူးမြို့ ၏ လမ်းမများပေါ်၌ လူစည်ကားနေဆဲဖြစ်သည်။

လမ်းပေါ်မှာကဲ့သို့ စားသောက်ဆိုင်များ၌လည်း လူစည် ကားနေသည်။

မြို့လယ်လမ်းဆုံလမ်းခွရှိ စားသောက်ဆိုင်၌ ထိုင်စရာနေရာ

အောင် စားသောက်သူများဖြင့် စည်ကားနေ၏။

ဝင်သူထွက်သူများ စည်ကားနေသလို ဆိုင်လုလင်များလည်း ကမ်းမလည်အောင် အလုပ်ရှုပ်နေကြသည်။

စားသောက်ဆိုင်ရှေ့သို့ အဖြူရောင် ဝတ်ဆင်ထားသော ယ်တစ်ယောက် ရောက်ရှိလာသည်။

လူငယ်က စားသောက်ဆိုင် အပေါက်ဝမှနေပြီး အတွင်းဘက် အကဲခတ်ကြည့်လိုက်၏။

ပြီးလျှင်...ယပ်တောင်တစ်ချောင်းကိုထုတ်ယူကာ တဖျပ်ဖျပ် နေသည်။

စားသောက်ဆိုင်ထဲသို့ လှမ်းဝင်ခြင်းမပြုသလို ပြန်ထွက်သွား းလည်း မပြုဘဲအပေါက်ဝ၌ ရပ်ကာ စားသောက်ဆိုင်ထဲသို့ အကဲ ခတ်ကြည့်နေခြင်း ဖြစ်ပေသည်။

သူ့အား မည်သူမျှ သတိမပြုမိသော်လည်း တခဏအကြာ ဆိုင်လုလင်တစ်ယောက်က သတိပြုမိသွား၏။

လူရွယ်ထံသို့ ချက်ချင်းပြေးသွားပြီး...

"ဟာ... ဆရာလေး... ချင်းရှမ်းပါလား... ဆိုင်ထဲကို ကြွပါ ဦး..."

ဆိုင်လုလင်သည် လူရွယ်အား ကောင်းစွာ သိရှိထားပုံရ၏။

သူ၏ စကားအရ လူရွယ်၏ အမည်မှာ ချင်းရှမ်းဖြစ်ကြောင်း ဖြစ်သည်။

ချင်းရှမ်းက တင်းမာသော မျက်နှာထားဖြင့်...

"ဆိုင်ထဲ ကြွတာတော့ ဟုတ်ပါပြီ... ကျွပ်က ဘယ်နေရာမှာ ထိုင်ရမှာလဲ... "

"သြော်... နေရာထိုင်ခင်း လုပ်ပေးပါ့မယ်ဗျာ... ကြွပါ... ကြွပါ... "

ဆိုင်လုလင်က ရှေ့မှ လမ်းပြခေါ်သွား၏။

ချင်းရှမ်းက နောက်မှ လိုက်သွား၏။

ဆိုင်လုလင်သည် ဆိုင်ထဲမျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်၏။

လူလေးယောက် ဝိုင်းဖွဲ့စားသောက်နိုင်သည့် စားပွဲဝိုင်းသို့ ခေါ်ဆောင်သွားသည်။

ထိုစားပွဲ၌ လူသုံးယောက်ထိုင်လျက်ရှိသည်။

"လာပါ... ဆရာလေး... "

ဆိုင်လုလင်က ဝမ်းသာအားရဖြင့် ချင်းရှမ်းကို ခေါ်ကာ ထိုစားပွဲ၌ နေရာချထားပေးလိုက်သည်။

ချင်းရှမ်းမှာ အခြားလူများနှင့် ရောနှောစားသောက်ရမည်ကို ကျေနပ်ပုံမရပါချေ။

သို့သော်... ဆိုင်ထဲ၌ စားသောက်နေသူများ ပြည့်ကျပ်နေသဖြင့် မတတ်သာတော့ဘဲ ထိုင်ချလိုက်ရသည်။

ဆိုင်လုလင်သည် မည်သို့သော စားသောက်ဖွယ်ရာများ မှာကြားရမည်ကို မမေးဘဲ ချင်းရှမ်းအနီးမှ ထွက်ခွာသွား၏။

ချင်းရှမ်းကြိုက်နှစ်သက်သော (သို့မဟုတ်) ဤဆိုင်သို့ရောက်

လာလျှင် မည်သို့သော စားသောက်ဖွယ်ရာများကို စားတတ်ကြောင်း သိရှိထားပုံရသည်။

ချင်းရှမ်းကလည်း မှာကြားခြင်း မပြုချေ။

မကြာမီ...

ထိုဆိုင်လုလင်ပင် လင်ပန်းတစ်ချပ် ကိုင်ဆောင်ကာ ပြန်လည်ရောက်ရှိလာသည်။

ဆိုင်လုလင် ကိုင်ဆောင်ထားသော လင်ပန်းထဲ၌ ကြက်သား၊ ငုံးဥ၊ အသီးအရွက်များဖြင့် ချက်ထားသော မြူစွမ်တစ်ပွဲ၊ ဝက်အူမကြီးသုတ် တစ်ပွဲ၊ အခေါက်ကင် တစ်ပွဲ၊ ပဲပြားနှင့် ဟင်းသီးဟင်းရွက်တို့ ပါလာသည်။

ဆိုင်လုလင်က...

"ဆရာလေး အကြိုက်ယူလာပါတယ်... "

သူသည် ပြောပြောဆိုဆိုနှင့် စားသောက်ဖွယ်ရာ ပန်းကန်များ ချပေးလိုက်၏။

စားသောက်ဖွယ်ရာများသည် ယခုပင် ချက်ပြုတ်ကြော်လှော်ထားသည်ဖြစ်ရာ အငွေ့တစ်ထောင်းထောင်း ထနေ၏။

ချင်းရှမ်း သဘောကျစွာ ပြုံးလိုက်သည်။

"မင်းမဆိုးဘူး... "

ပြောရင်း ငွေတုံးကလေးတစ်တုံး ထုတ်ကာ ဆုချလိုက်သည်။

ထိုအခါ ...

ဆိုင်လုလင်ပျော်ရွှင်သွားသည်။

ငွေတုံးကလေးသည် စားသောက်ဖွယ်ရာများ၏ တန်ဖိုး
အဆပေါင်းနှစ်ဆယ်ကျော်မျှ တန်ဖိုးရှိသည်။

ဆိုင်လုလင်သည် ခါးကိုင်းသွားသည်အထိ အထပ်ထ
ညွတ်ပြီး ထွက်သွား၏။

ချမ်းရှမ်း စားသောက်ပြီးချိန်လောက်တွင် ပြန်ရောက်လ
မည်မှာ သံသယဖြစ်စရာ မလိုချေ။

ချင်းရှမ်းက သူနှင့် တစ်စားပွဲတည်း စားသောက်နေသူ
ယောက်ကို မသိမသာ အကဲခတ်ကြည့်လိုက်သည်။

ထိုသူသုံးယောက်မှာ အညိုရောင်အင်္ကျီအစားများ ဝတ်
ထားကြပြီး ပခုံးနှင့်အမဲသားရောချက်ထားသော ဟင်းနှင့်ပေါင်မုန့်
ကို လည်းကောင်း၊ အရက်နှင့် မြေပဲဆံများကိုလည်းကောင်း
သောက်နေကြခြင်းဖြစ်၏။

ဤစားသောက်ဖွယ်ရာများသည် ထင်းရှူးမြို့ကရ
အလုပ်ကြမ်းသမားများသာ စားသောက်လေ့ရှိသော ဈေးအပေါ
စားသောက်ဖွယ်ရာများ ဖြစ်ပေသည်။

ထိုလူသုံးယောက်သည် ဆင်းရဲနွမ်းပါးသူများ ဖြစ်နိုင်၏
သူတို့၏ အဝတ်အစားများမှာ ဖျင်ကြမ်းနှင့် ချုပ်ထား
မလျော်မပတ်သည်မှာ ကြာပြီဖြစ်ရာ ချေးအလိမ်းလိမ်းကပ်ငြိကာ
ပတ်နံစော်နေပေတော့သည်။

ထိုလူသုံးယောက်၏ အနံ့အသက်များ နှာခေါင်းထဲတို့
လာခြင်းကြောင့် ချင်းရှမ်း စိတ်ပျက်သွား၏။

နှာခေါင်းရှုံ့လိုက်ပြီး လက်ထဲမှ တူကို ပြန်ချလိုက်သည်။

ထိုလူသုံးယောက်အနီး၌ မည်သို့မည်ပုံ စားသောက်ရမည်ကို
စဉ်းစားမရဘဲ ဖြစ်နေသည်။

"ဒုက္ခပဲ... "

ချင်းရှမ်းက နှုတ်မှ လွတ်ခနဲ အသံထွက်သွား၏။

ထိုလူသုံးယောက်သည် အားပါးတရ စားသောက်နေရာမှ
လှည့်ကြည့်လာကြသည်။

တစ်ယောက်က ဝါကျင့်ကျင့်သွားများ ပေါ်လာသည်အထိ
ပြုံးပြလိုက်ပြီး ချင်းရှမ်းကို ကြည့်၍မေးလိုက်၏။

"ဘာဖြစ်လို့လဲကွ... "

ထိုလူ စကားအရ သူတို့သည်ယဉ်ယဉ်ကျေးကျေး မပြော
တတ်ဘဲ ရိုင်းစိုင်းခက်ထန်သူများ ဖြစ်မည်ဟု ချင်းရှမ်းတွေးလိုက်မိ
သည်။

ထို့ကြောင့်...

မသိကျိုးကျွံပြုကာ စကားမပြောဘဲ နေလိုက်လေသည်။

"ဘာလဲ... မင်း စကားမပြောတတ်ဘူးလား... "

ဤတွင် အခြားတစ်ယောက်က...

"မင်း ဘာတွေလျှောက်ပြောနေတာလဲ... စောစောကသူနဲ့
ဆိုင်လုလင် စကားပြောနေကြတာ မကြားဘူးလား... ဘာလို့ စကား
မပြောတတ်ရမှာလဲ... "

"သြော်... ဟုတ်သားပဲ... ငါမေးတော့ ဘာဖြစ်လို့ မဖြေတာ

လဲမသိဘူး... "

"ဘာဖြစ်ရမှာလဲ... မင်းနဲ့ အဖက်လုပ်ပြီး စကားမပြောချင်လို့ နေမှာပေါ့ကွ... "

"ဘာ... "

ထိုလူ ဒေါပွသွားသည်။

ချင်းရှမ်းကို စိုက်ကြည့်လိုက်ပြီး...

"သူပြောတာ ဟုတ်သလားကွ... "

ချင်းရှမ်းက မှန်သည်လည်း မပြော... မှားသည်လည်း မပြော ထုံကျိဘာဝေ နေလိုက်သည်။

ထို့ကြောင့်...

ထိုလူပို၍ ဒေါပွသွားလေသည်။

"ဟေ့... မင်းနားပင်းနေသလား... ငါပြောတာ မကြားဘူးလား... "

ယခုတစ်ကြိမ်တွင်...

ချင်းရှမ်း လူပ်လူပ်ရှားရှား ဖြစ်သွားသည်။

ထိုလူအား ခက်ထန်သော အကြည့်ဖြင့် ကြည့်ကာ...

"ခင်ဗျား လွန်လွန်းပြီထင်တယ်... ကျုပ်ကို စကားမပြောတတ်ဘူး... အနေတယ်လို့ ပြောတယ်... နားပင်းနေတယ်လို့လည်း စွပ်စွဲသေးတယ်... ကျုပ်က ခင်ဗျားတို့ကို ကောင်းတယ်ဆိုးတယ် ဘာမှ ဝေဖန်မပြောဘူး... ခင်ဗျားတို့ ဘာသာ စားချင်တာစား... လုပ်ချင်တာလုပ်... ကျုပ်အလုပ်မဟုတ်ဘူး... ကျုပ်ကိုလည်း ဘာမှ

ပြောစရာမလိုဘူးဗျ... "

ဟု ခပ်ပြတ်ပြတ် ပြန်ပြောလိုက်လေသည်

ချင်းရှမ်း၏ စကားကြောင့် လူထွားကြီး ရယ်မောလိုက်၏။

"ဟား... ဟား... ဟား... "

သူက အားပါးတရ ရယ်မောလိုက်ခြင်းကြောင့် အရက်နံ့ ထောင်းခနဲ ထွက်ကာ တံတွေးများ ချင်းရှမ်း၏ မျက်နှာကို စဉ်သွားလေသည်။

ချင်းရှမ်း ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။

ရယ်မောနေသော ထိုလူ၏ မျက်နှာချက်ချင်း တည်သွားလေသည်။ ချင်းရှမ်းနည်းတူ ထရပ်လိုက်သည်။

မျက်နှာချင်းဆိုင် ရပ်လိုက်သောအခါ ချင်းရှမ်းထက် နှစ်ဆခန့် ကြီးမားသော ကိုယ်လုံးရှိပြီး ဦးခေါင်းတစ်လုံးစာ အရပ်ပိုမြင့်သည်ကို တွေ့ရသည်။

သို့သော်...

ချင်းရှမ်း၏ မျက်နှာတွင် ကြောက်ရွံ့ထိတ်လန့်သွားသည့် အရိပ်အယောင် တစ်စက်ကလေးမျှ မတွေ့ရချေ။

မျက်နှာထား ခပ်တင်းတင်းဖြင့် လူထွားကြီးကို ကြည့်သည်။

လူထွားကြီးက ပြုံးစေ့စေ့ဖြင့်...

"မင်းက တို့နဲ့ တစ်စားပွဲတည်း စားရသောက်ရမှာကို မလိုလားဘူးဆိုတာ ငါရိပ်မိတယ်... မင်းမစားချင်ရင် တခြားစားပွဲကို ပြောင်းပြီးစားပေါ့... ဒုက္ခလေးဘာလေး ညည်းနေစရာ မလိုပါဘူး...

ငါပြောတာကြားတယ် မဟုတ်လား... ကဲ... မင်းရဲ့ စားသောက်စ
တွေ ယူပြီး တခြားစားပွဲမှာ သွားစားပေတော့... "

ချင်းရှမ်း ပခုံးတွန့်လိုက်သည်။

"ခင်ဗျားတို့ တော်တော် တရားလွန်တာကိုး... ကောင်း
လေ... ကျုပ်အဆိုး မဟုတ်တော့ဘူး... "

စကားဆုံးသည်နှင့် ချင်းရှမ်းသည် လူထွားကြီး၏ မျက်နှ
တည့်တည့်သို့ လက်သီးတစ်လုံး ပစ်ယွင်းလိုက်လေသည်။

လျှပ်တစ်ပြက် ထိုးသွင်းလိုက်ခြင်းကြောင့် လူထွားကြီးမှ
ရှောင်ရန် ကြိုးစားလိုက်သော်လည်း မလွတ်တော့ချေ။

"ခွပ်... "

မြည်သံနှင့်အတူ မျက်လုံးထဲ၌ ကြယ်များလများပေါ်လာပြီ
လူထွားကြီး ပက်လက်လန် လဲကျသွားလေသည်။

လူနှင့် ကုလားထိုင်ပါ ဝရန်းသုန်းကား လဲကျသွားခြင်းဖြ
၏။ ထိုလူခံလိုက်ရသည်ကိုတွေ့လျှင် အဖော်နှစ်ယောက် ဝုန်းခနဲ ထ
လိုက်၏။

တစ်ယောက်က တဟားဟားရယ်မောရင်း...

"ဟား... ဟား... ဟား... ကျောက်ယို ဒီတစ်ခါတော့မင်း
လိုက်ရပြီ မဟုတ်လား... ငါပြောသားပဲ... နေရာတကာ စွာကျယ်စွ
ကျယ် လုပ်မနေပါနဲ့လို့... အခု ဘယ်နှယ်လဲ... ကောင်းသေးရဲ့လား
ကိုယ့်တူ ကိုယ့်သားအရွယ်က ဆုံးမတာ ခံလိုက်ရပြီ မဟုတ်လား
ဟား... ဟား... ဟား... "

ထိုသူ စကားအရ လူထွားကြီး၏ အမည်မှာ ကျောက်ယိုဖြစ်
ကြောင်း သိရသည်။

တစ်ယောက်က သူ့အား လှောင်ပြောင်ရယ်မောသော်လည်း
ကျန်တစ်ယောက်ကမူ ချင်းရှမ်းကို မကျေမနပ်ကြည့်ကာ...

"သူများက ပါးစပ်နဲ့ ပြောတာ မင်းက လက်ပါလာတာကိုး...
ကောင်းပြီ... လက်ပါလာတဲ့အကျိုး အခုသိရမယ်... "

စကားဆုံးသည်နှင့် လျှပ်တစ်ပြက် တိုက်ခိုက်လိုက်၏။

ချင်းရှမ်းမှာ တစ်ယောက်ကိုတစ်ယောက် တိုက်ခိုက်လိုက်
လျှင် ကျန်နှစ်ယောက်က လက်ဝိုက်ကြည့်နေမည် မဟုတ်ဘဲ တိုက်
ခိုက်လာမည်ဖြစ်ကြောင်း နားလည်ထားပြီး ဖြစ်သည်။

ထို့ကြောင့်...

ခုခံတိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်၏။

သူ့အားတိုက်ခိုက်လာသည်နှင့် စားပွဲပေါ်မှ မြူစွမ်ပြုတ် ပန်း
ကန်ကို ကောက်ယူကာ ပစ်ပေါက်လိုက်လေသည်။

"ခွပ်... "

မြူစွမ်ပြုတ်ပန်းကန်သည် ထိုလူ၏ မျက်နှာကို တည့်တည့်
မတ်မတ် ထိမှန်သွားလေသည်။

"အမယ်လေး... "

ထိုလူအော်ဟစ်ရင်း နောက်ခုန်ဆုတ်လိုက်သည်။

သူ၏ မျက်နှာအပူလောင်သွားပြီး မြူစွမ်ဖတ်များ ပေကျံ
ကုန်ရာ ရယ်စရာ ဖြစ်သွားတော့၏။

မြူစွမ်ပြုတ်ရေမှာ ရောက်လာကာစလို ပူလောင်ခြင်းမရှိတော့ဘဲ အေးသွား၍သာ တော်သေး၏။

သို့မဟုတ်လျှင်...

ထိုလူ၏ မျက်နှာမှာ အပူလောင်ပြီး ရုပ်ပျက်ဆင်းပျက် ဖြစ်သွားနိုင်သည်။

ထိုလူလည်း နောက်ဆုတ်ရင်း ကုလားထိုင်နှင့် တိုက်မိကာ လူရော ကုလားထိုင်ပါ ဝုန်းဒိုင်းကြဲလျက် လဲကျသွား၏။

"ဟား... ဟား... ဟား... "

နောက်ဆုံး ကျန်နေသူက သူ၏ အဖော်နှစ်ယောက်အဖြစ်ကို ကြည့်ရင်း လက်ခုပ်လက်ဝါး တီးကာ ရယ်မောလိုက်သည်။

"ဟား... ဟား... ဟား... ရယ်ရတယ်ဟေ့... ကျောက်လုံမင်းလည်း ခံလိုက်ရပြီ မဟုတ်လား... ကောင်းတယ်... ကောင်းတယ်... မင်းတို့ နှစ်ယောက်စလုံး အခုလို ခံရမှကောင်းတယ်... "

ယခု တစ်ကြိမ်လဲကျသွားသူကား ကျောက်လုံဖြစ်ကြောင်း သိရပြန်သည်။

နောက်ဆုံးကျန်သူ တစ်ယောက်ကား...

တဟားဟား ရယ်မောနေရာမှ လက်တစ်ဖက် ဆန့်ထုတ်ကာ ချင်းရှမ်းအား ရုတ်တရက် တိုက်ခိုက်လိုက်၏။

ချင်းရှမ်းသည် ကျောက်ယိုနှင့် ကျောက်လုံအား အနိုင်တိုက်ခိုက်နိုင်ခြင်းကြောင့် မိမိကိုယ်မိမိကျေနပ် နှစ်သိမ့်နေမိသည်။

ထို့ကြောင့်...

ထိုလူတိုက်ခိုက်လာသောအခါ ရင်ထိတ်သွားပြီး ကယ်ကာယာ နောက်ဆုတ်လိုက်ရသည်။

ထိုလူက...

"ငါကမင်းကို တိုက်ခိုက်ချင်တာ မဟုတ်ဘူးကွ... ဒါပေမယ့် ကျောက်ယိုနဲ့ ကျောက်လုံတို့ ခုလို ခံရတာကို မြင်လျက်နဲ့ ငါက လက်ပိုက်ကြည့်နေရင် ဆရာဆူမှာ စိုးလို့ပါကွာ... "

ပြောရင်း ထပ်မံတိုက်ခိုက်လိုက်သည်။

ထိုလူ၏ တိုက်ကွက်များမှာ ဆန်းပြားပြီး သွက်သွက် လက် လက်ရှိလှ၏။

သို့ဖြစ်၍လည်း...

ချင်းရှမ်းမှာ ခုခံတိုက်ခိုက်ရန် မစဉ်းစားတော့ဘဲ နောက်ဆုတ်ပေးလိုက်ရသည်။

လူသုံးယောက်အနက် ယခုတိုက်ခိုက်လာသူမှာ အတော်ဆုံးဖြစ်ကြောင်း နားလည်လိုက်သည်။

ဤထင်ရှားမြို့ကလေးခွံ သိုင်းပညာထက်မြက်သော လူငယ်လူရွယ်များစွာ ရှိပေသည်။

သို့သော်...

မည်သို့မျှ မိမိအားလိုက်၍မမီဟု ချင်းရှမ်းခံယူထား၏။

ယခု...

ညစ်ပတ်သော လူသုံးယောက်ကို အနိုင်တိုက်ခိုက်လျှင် ထင်ရှားမြို့မှ လူအများ သူအပေါ်ပို၍အထင်ကြီး လေးစားလာမည်ဟု တွေး

မိလေသည်။

ထိုသို့ စဉ်းစားမိသည့်အခါ နောက်မဆုတ်တော့ဘဲ ခုခံတိုက်ခိုက်လိုက်လေတော့သည်။

ချင်းရှမ်း၏ တိုက်ကွက်များသည် အတွင်းအားကို အခြေပြုသည့်အတိုင်း အားမာန်အပြည့်အဝဖြင့် ထွက်ပေါ်လာ၏။

"ဒိုး... ဒိုး... "

လေတိုးသံများ ထွက်ပေါ်လာပြီး ထိုလူ၏ တိုက်ကွက်များအကြားမှ ထိုးဖောက်ကာ ထိုလူ၏ ပခုံးတစ်ဖက်ကို ထိအောင် လက်သီးတစ်လုံး ပစ်သွင်းနိုင်ခဲ့လေ၏။

"ဝုန်း... "

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။

ထိုလူမှာ ခန္ဓာကိုယ်မထိန်းနိုင်ဘဲ နောက်သို့ ယိုင်လဲကျသွားလေတော့သည်။

"ဟား... ဟား... ဟား... "

ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ကြမ်းပြင်ပေါ်မှ လူးလိမ့်ထလာသော ကျောက်ယို့နှင့် ကျောက်လုံတို့က သဘောကျစွာ တဟားဟား ရယ်မောလိုက်ခြင်းဖြစ်ပေသည်။

သူတို့ နှစ်ယောက်က ရယ်မောရင်း...

"ဘယ်လိုလဲ ကျောက်စု... မင်းလည်း ခံလိုက်ရပြီ မဟုတ်လား... "

ပြောရင်းဆွဲထူလိုက်ကြ၏။

သူတို့သုံးယောက် မတ်တတ်ရပ်လာနိုင်ကြပြီ ဖြစ်၏။

စားသောက်ဆိုင်ထဲ၌ မမျှော်လင့်သော တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာခြင်းကြောင့် စားသောက်နေကြသူများ ထိတ်လန့်တုန်လှုပ်သွားကြသည်။

အတော်များများမှာ စားသောက်ခ ကျသင့်ငွေကို ပေးချေကာဆိုင်ထဲမှ အပြေးအလွှား ထွက်သွားကြတော့သည်။

သတ္တိကောင်းသူများနှင့် ချင်းရှမ်းကို သိသူများသာ အခြေအနေကို စောင့်ကြည့်ရင်း ကျန်ရစ်ခဲ့ကြသည်။

ဆိုင်လုလင်များသည် တိုက်ပွဲကို ဟန့်တားခြင်း မရှိဘဲ ကြောက်လန့်ကာ ခပ်ဝေးဝေးမှ ကြည့်နေကြ၏။

အချို့က ထင်းရှူးမြို့လယ်၌ နေထိုင်သော ဆိုင်ရှင်အား အပြေးအလွှား သွားရောက်ခေါ်ယူကြသည်။ ကျောက်ယို့၊ ကျောက်လုံ၊ ကျောက်စု တို့သည် လဲကျနေရာမှ ထလာကြပြီး တဟားဟားရယ်မောလိုက်ကြသည်။

ဗြီးနောက်...

ချင်းရှမ်းကို စိုက်ကြည့်ကာ ရှေ့တိုးလာကြလေသည်။

ချင်းရှမ်းကလည်း တိုက်ခိုက်ရန်အသင့် ပြင်ထား၏။

ထိုလူသုံးယောက် တစ်ပြိုင်နက်တည်း ဝင်ရောက်တိုက်ခိုက်လာကြတော့မည်ကို ရိပ်မိလိုက်ခြင်းကြောင့်ဖြစ်သည်။

သူမျှော်လင့်ထားသလိုပင် ကျောက်ယို့က...

"ကဲပေါ့... သည်ကောင်လေးကိုမှ နိုင်အောင် မတိုက်ခိုက်နိုင်ရင် ဆရာဆူလိမ့်မယ်... များများမဟုတ်တောင် တစ်ယောက်တစ်ချက်လောက် ဆုံးမလိုက်ကြရအောင်... "

စကားဆုံးသည်နှင့် သုံးယောက်စလုံး ရှေ့သို့လျှပ်တစ်ပြက် တိုးလာပြီး တိုက်ခိုက်လိုက်ကြလေ၏။

သူတို့၏ စုပေါင်းတိုက်ခိုက်မှုကား ကြောက်မက်ဖွယ်ရာကောင်းအောင် ပြင်းထန်လှပေသည်။

ချင်းရှမ်း ရင်ထိတ်သွားသည်။

သူ၏ ဘဝတစ်သက်တာတွင် ရင်ဆိုင်တိုက်ပွဲ ကြီးကြီးကျယ်ကျယ် ကြုံတွေ့ခဲ့ရခြင်း မရှိချေ။

ထို့ကြောင့်... ရုတ်တရက် ကြုံတွေ့ရသည့်အခါ ထိတ်ခနဲ ဖြစ်သွားရခြင်းဖြစ်သည်။

သို့သော်...

လူငယ်ပီပီ စွန့်စားလိုစိတ်ဖြင့် ပြန်လည်တိုက်ခိုက်လိုက်၏။

ထို့ကြောင့်...

ကျောက်ယို့တို့ သုံးယောက် ဝိုင်းဝန်းတိုက်ခိုက်လာသော အခါ သတိကြီးစွာထားကာ ပြန်လည်ခုခံ တိုက်ခိုက်လိုက်သည်။

ခပ်သွက်သွက် ပြန်လည်ခုခံလိုက်သည်နှင့် ကျောက်စုတို့၏ တိုက်ကွက်များကို ချေဖျက်နိုင်သည့်အပြင် နောက်ဆုတ်သွားအောင် မောင်းထုတ်ပစ်နိုင်လိုက်သည်။

"ဝုန်း... ဝုန်း... ဝုန်း... "

ကျောက်စုတို့ သုံးယောက် နောက်ဆုတ်သွားပြီး အရှိန်မထိန်းနိုင်ဘဲ ကြမ်းပြင်ပေါ် ဖင်ထိုင်လဲကျသွားလေသည်။

ယခုတစ်ကြိမ်တွင်...

သူတို့ ရယ်မောနိုင်ခြင်း မရှိတော့ပါ...

တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ လူးလိမ့်ထလိုက်ကြသည်။

ထို့နောက်...

ချင်းရှမ်းထံသို့ တိုက်ခိုက်ရန် ပြေးဝင်သွားကြလေသည်။

ချင်းရှမ်းက ပထမအကြိမ် အနိုင်ရထားပြီးဖြစ်ရာ ကြောက်ရွံ့ခြင်းမရှိဘဲ ပြန်လည်တိုက်ခိုက်ရန် အသင့်ပြင်ထားလေသည်။

ထိုစဉ်မှာပင်...

"ရပ်လိုက်စမ်း... "

အသံဩဇာကြီး ထွက်ပေါ်လာသည်ကို ကြားရလေသည်။

ချင်းရှမ်း ရင်ထိတ်သွားသလို ကျောက်စုတို့ သုံးယောက်လည်း ချက်ချင်းရပ်တန့်သွား၏။

သူတို့အားလုံး အသံထွက်ပေါ်လာရာသို့ လှမ်းကြည့်လိုက်ကြသည်။

ထိုအခါ... ဖျင်ကြမ်းအင်္ကျီဝတ်ဆင်ထားသော အသက်ငါးဆယ်ကျော်ခန့်ရှိ လူကြီးတစ်ယောက် ဝင်လာသည်ကို တွေ့ရ၏။

ထိုလူကြီး၏ ဦးခေါင်းပေါ်မှ ဆံပင်များ ဖြူဖွေးနေပြီး မျက်နှာကား မည်းနက်နေသည်။

ကျောပေါ်၌ ဂုံလျှော်ဖြင့် ယက်လုပ်ထားသော အိတ်တစ်လုံး ပိုးထားပြီး လက်ထဲ၌ တောင်ဝှေးတစ်ချောင်း ကိုင်ဆောင်ထားသည်။

ထိုလူကြီးအား တွေ့လိုက်ရသည်နှင့် ကျောက်စုတို့ သုံးယောက်ချက်ချင်း ကြမ်းပြင်ပေါ် ဒူးထောက်ကာ...

"ဆရာ... "

ဟု ပြိုင်တူ ခေါ်လိုက်ကြလေသည်။

ထိုလူကြီးမှာ ချင်းရှမ်းအနီးသို့ ရောက်လာပြီး ဖြစ်သော်လည်း ချင်းရှမ်းကို လုံးဝ အရေးမစိုက်ချေ။

ချင်းရှမ်းမှာ ထိုသူသည်ကျောက်စုတို့၏ ဆရာဖြစ်ကြောင်း သိရလျှင် ပိုပြီး သတိထားလိုက်လေသည်။

ထိုလူကြီးက ကျောက်စုတို့ကို ကြည့်ကာ...

"မင်းတို့ တော်တော်အသုံးမကျတဲ့ ကောင်တွေပဲ... လူတစ်ကာနဲ့လည်း ရန်ဖြစ်ချင်သေးတယ်... နိုင်အောင်လည်း မတိုက်နိုင်ကြဘူး... "

ဟု အော်ငေါက်လိုက်သည်။

ကျောက်စုတို့ သုံးယောက် တုတ်တုတ်မျှ မလှုပ်ကြချေ။

ကြောက်ရွံ့မှုကြောင့် သူတို့၏ မျက်နှာသည် ဆီးရွက်ခန့်သာရှိတော့သည်။

ထိုလူကြီးက ကျောက်စုတို့အား ကြိမ်းမောင်းလိုက်ပြီးမှ ချင်းရှမ်းဘက်သို့ ကြည့်လိုက်သည်။

ချင်းရှမ်းကဲ့သို့ ယေရွယ်နှုန်းသော လူရွယ်တစ်ယောက်က သူ၏ တပည့်များကို ဆုံးမနိုင်ခြင်းကြောင့် သဘောကျသွားပုံဖြင့် ဦးခေါင်းတဆတ်ဆတ်ညိတ်သည်။

"ကျုပ်တပည့်တွေက အလိုက်မသိကြဘူး... နေရာတကာ စွာကျယ်စွာကျယ် လုပ်ချင်ကြတယ်... သူတို့ကိုယ်စား ကျုပ်တောင်း ပန်ပါတယ်... ကျေနပ်ပါတော့ ဟုတ်ပြီလား... "

ဟုလည်း ပြောလိုက်လေသည်။

ကျောက်စုတို့၏ ဆရာကိုယ်တိုင်ကပင် တောင်းပန်စကား ပြောလာသဖြင့် ချင်းရှမ်းကျေနပ်သွား၏။

သူ၏ ရင်ထဲဝမ်းသာဂုဏ်ယူပြီး ကိုယ့်ကိုယ်ကိုယ်အထင်ကြီးမှု ဖြစ်ပေါ်လာ၏။

ကျောက်စုတို့ ရှုံးသွားခြင်းကြောင့် ဆရာဖြစ်သူလည်း သူ့အား ရင်မဆိုင်ဝံ့ဘဲ တောင်းပန်စကား ဆိုနေသည်ဟု ယူဆမိလေ၏။

ကျောက်စုတို့ကို ဆုံးမနိုင်ခဲ့ခြင်းကြောင့် ထင်းရှူးမြို့ တစ်မြို့လုံးက သူ့အား အထင်ကြီးလေးစားလာမည်မှာ သေချာသည်ဟု လည်း တွက်ဆမိသည်။

မျက်နှာထားတင်းတင်းဖြင့်...

"ခင်ဗျား တပည့်တွေအသုံးမကျတာနဲ့ နေရာတကာ လိုက်ပြီး တောင်းပန်နေရမယ်ဆိုရင် ဘယ်ကောင်းနိုင်ပါ့မလဲဗျာ... ခင်ဗျား တပည့်တွေကို တင်းတင်းကျပ်ကျပ် ဆုံးမထားပါ... မတော်တစ်ခေါက် ပညာလေးတတ်တာနဲ့ ရန်ဖြစ်ဖို့ စိတ်ကူးနေရင် အသက်ရှည်

ရှည် နေရမှာ မဟုတ်ဘူးဗျ... "

သူသည် အထက်စီးလေသံဖြင့် ပြောလိုက်လေ၏။

သူ၏ စကားကြောင့် ထိုလူကြီး၏ မျက်နှာပျက်သွား၏။

ကျောက်စုတို့ဘက် လှည့်ကာ...

"ဟေ့... ကြားလား... မင်းတို့ အသုံးမကျလို့ အခုလိုအပြော ခံရတာ မင်းတို့မှာ အပြစ်ရှိသလား မရှိဘူးထား ပြောကြစမ်း... "

ကျောက်စုတို့ သုံးယောက်က...

"အပြစ်ရှိပါတယ်ဆရာ... "

သူတို့သည် ပြိုင်တူ ပြောလိုက်ကြ၏။

ထိုလူကြီးက ချင်းရှမ်းဘက်သို့ ပြန်လှည့်လိုက်သည်။

"ကဲ... မင်းပြောသလို နောက်နောင် သူတို့ကို တင်းတင်း ကျပ်ကျပ်ဆုံးမပါ့မယ် ဟုတ်ပြီလား... မင်းကျေနပ်တယ် မဟုတ်လား"

ဟုမေးလိုက်ရာ ချင်းရှမ်းရယ်မောလိုက်လေသည်။

"ဟဲ... ဟဲ... ကျေနပ်ပါတယ်ဗျာ... ဒါပေမယ့် ကျုပ်စား သောက်မဲ့ အစားအစာတွေအတွက်တော့ ပြန်လျော်ပေးရလိမ့်မယ်..."

"ဟေ... "

ထိုလူက ကျောက်စုတို့ဘက် လှည့်ကြည့်လိုက်ပြန်သည်။

ကျောက်စုက...

"ဆရာ ဒါကတော့ သူတမင်သက်သက် စော်ကားအနိုင်ကျင့် တာပါ... သူ့ရဲ့စားစရာ သောက်စရာတွေကို ဘယ်သူမှ မဖျက်ဆီးဘူး သူဘာသာ သူလုပ်တာပါ... "

ချင်းရှမ်းနှင့် စတင်စကားများခဲ့ရသည့် အကြောင်းကို ရှင်းပြ လိုက်လေသည်။

ကျောက်စု၏ စကားအဆုံးတွင် ဆရာဖြစ်သူသည် မျက် မှောင်ကြုတ်ကာ...

"သူက မင်းတို့နဲ့ တစ်စားပွဲတည်း မစားချင်ဘူး ဆိုပါတော့"

"ဟုတ်ပါတယ်... "

ထိုလူက ချင်းရှမ်းကို လှမ်းကြည့်ပြီး...

"ငါ့တပည့်တွေက ဘာဖြစ်လို့လဲကွ... "

ချင်းရှမ်းက ပခုံးတွန့်ရင်း...

"ခင်ဗျား တပည့်တွေက ညစ်ပတ်ပေကျံနေတာပဲ... ဘယ်သူ က သူတို့နဲ့ တစ်စားပွဲတည်း ထိုင်စားချင်မှာလဲဗျ... "

"အဲသည်စားပွဲကို သူတို့က အရင်ရောက်တာလား... မင်းက အရင်ရောက်တာလား... "

"သူတို့... အို... ဘယ်သူအရင်ရောက်ရောက်ပေါ့ဗျာ... "

ချင်းရှမ်းက ခပ်ထန်ထန်ပြောလိုက်သည်။

ထိုလူကြီးက...

"အင်း... မင်းကို ငါရှင်းပြရဦးမယ်... လူလူချင်း ဘာကိုကြည့် ပြီး တန်ဖိုးဖြတ်မလဲ... သန့်ပြန့်တာလား... ညစ်ပတ်တာလား... ငွေ လား... အကျင့်လား... ဂုဏ်သိက္ခာလား... ဒါမှမဟုတ် သိုင်းပညာ လား... "

ချင်းရှမ်း ကြောင်အမ်းအမ်းဖြစ်သွား၏။

ရုတ်တရက်...

မည်သို့ပြောရမှန်းမသိအောင်ပင် ဖြစ်သွားသည်။

ထိုလူကြီးက သက်ပြင်းတစ်ချက်ချရင်း...

"လောကပေါ်မှာ လူရယ်လို့ ဖြစ်လာရင် လူလူချင်း ညှာတာ
ထောက်ထားရမယ်... ကောင်းမြတ်တဲ့ စိတ်ထားကို နှလုံးသွင်းရမယ်
လွဲမှားတဲ့ မာန်မာနထက် ရိုးသားဖြူစင်တဲ့ အကျင့်သီလကို စော
ထိန်းရမယ်... အပေါ်ယံ ညစ်ပေကျံတာ အဝတ်အစားနွမ်းတာ
ရုပ်ဆိုးတာ... ဒါတွေကို ကြည့်ပြီး မဆုံးဖြတ်ရဘူး... ဘယ်သူမ
အသက်သေသွားရင် စက်ဆုပ်ရွံရှာဖို့ ကောင်းအောင် ပုပ်ပွသွားကြမှ
ပဲ မဟုတ်လား... အဓိကနဲ့ သာမည ခွဲခြားတတ်ဖို့ လိုလိမ့်မယ်...

သူ၏ စကားကြောင့် ချင်းရှမ်း ဒေါပွသွား၏။

သူ့အား အထင်သေးပြီး ဆရာလုပ်နေသည်ဟု ထင်မိ၏။

ထို့ကြောင့်...

မျက်နှာထား ခပ်တင်းတင်းဖြင့်...

"သည်စကားတွေ ကျုပ်ကိုပြောမယ့်အစား ခင်ဗျားတပည့်
တွေ နားလည်အောင် ပြောပြသင့်တယ်ဗျ... ဘာဖြစ်လို့လဲဆိုရ
ကျုပ်ကို ဆရာလုပ်နိုင်တဲ့ အရည်အချင်း ခင်ဗျားမှာ မရှိသေးလို့ပဲ...

ထိုလူရယ်မောလိုက်သည်။

"မင်းရဲ့ စိတ်နေသဘောထား ဘယ်လိုရှိတယ်ဆိုတာ ငါ
မှန်းမိပါပြီ... မင်းကိုပြောပြနေလို့လည်း အဝိုပဲ... ကဲ... လာ...
သွားကြရအောင်... "

ထိုလူကြီးက သူ၏ တပည့်များကို လက်ယပ်ခေါ်ကာ ထွက်
သွား၏။

ကျောက်စုတို့၏ ဆရာ အလျှော့ပေးကာ ထွက်သွားသည်ကို
တွေ့သည့်အခါ ချင်းရှမ်း သဘောကျသွားလေသည်။

"ဟား... ဟား... ဟား... သွားမယ်ဆိုလည်း အမြန်သာ
သွားကြ... တော်ကြာ ကျုပ်မျက်စိရှုပ်လာရင် မောင်းထုတ်မိလိမ့်မယ်
တပည့်ကော... ဆရာကော နားမလည်ဘူး... "

သူ၏ စကားကြောင့် ဆရာဖြစ်သူ ခြေလှမ်းတုံ့ခနဲ ရပ်သွား
သည်။

ချင်းရှမ်းဘက်သို့ လှည့်ကြည့်လိုက်၏။

ချင်းရှမ်းက တမင်အရွဲ့တိုက်သည့် သဘောဖြင့်...

"တပည့်တွေကလည်း ရူးပေါပေါ... ဆရာကလည်း ရူးပေါ
ပေါ... လိုက်လည်း လိုက်ပါတယ်... တပည့်တွေက လျှောက်ပြီးရန်ဖြစ်
ဆရာကလိုက်ပြီးတောင်းပန် ဟား... ဟား... "

ဆရာဖြစ်သူ ပြုံးလိုက်သည်။

ချင်းရှမ်းအနီးသို့ ပြန်လျှောက်လာပြီး...

"ငါက သူများနဲ့ ရန်ဖြစ်ဖို့ လုံးဝ စိတ်မကူးဘူး... ဒါပေမယ့်
ငါ့ကိုစော်ကားလာရင်တော့ လက်မခံဘူး... မင်းအသက်ငယ်ပါသေး
တယ်... ရှေ့တက်လမ်းတွေ အများကြီး ရှိပါတယ်... မင်းရဲ့စိတ်ထား
ကို ပြုပြင်ဖို့ အချိန်ရပါသေးတယ်... ဒါမှမဟုတ် အခုအတိုင်း ဆက်
သွားမယ်ဆိုရင် တစ်နေ့မင်း နောင်တရလိမ့်မယ်... "

"ဘာ... ခင်ဗျား ဘာပြောတယ်... "

"မင်းအတွက် ပြောတာပါ... "

ချင်းရှမ်း နာခေါင်းရှဲ့လိုက်သည်။

"ကျုပ်ကို ဆရာလုပ်စရာ မလိုဘူး... ခင်ဗျားရဲ့ အသုံးမကျတဲ့ တပည့်တွေသာ သွားပြီး ဆရာလုပ်ပါ... "

ဆရာဖြစ်သူက ချင်းရှမ်းအား စိုက်ကြည့်လိုက်ပြီး...

"မင်းဆရာ ဘယ်သူလဲ... "

ချင်းရှမ်းမဲ့ပြုံးပြုံးလိုက်သည်

"ကျုပ်ဆရာ နာမည်ပြောဖို့ အချိန်မတန်ဘူးဗျ... ရာရာစစ ကျုပ်ဆရာနာမည်မေးရတယ်လို့... "

ဆရာဖြစ်သူ ပြုံးလိုက်သည်။

"မင်း မပြောရင် မင်းဆရာရဲ့ နာမည်ကို မသိနိုင်ဘူးလို့ မင်းယူဆသလား... "

"ဘာ... "

"မင်းရဲ့ တိုက်ကွက်တစ်ကွက် နှစ်ကွက်လောက် ကြည့်ပြီးတာနဲ့ မင်းဆရာ ဘယ်သူလဲ ဆိုတာ ငါပြောနိုင်တယ်ကွ... "

ချင်းရှမ်း၏ စိတ်ထဲ၌ ဆရာဖြစ်သူကိုပါ အနိုင်ယူလိုစိတ်များ ပေါ်ပေါက်လာလေသည်။

အမှန်စင်စစ်...

ချင်းရှမ်းသည် ထင်းရှူးမြို့ကလေးမှ လူငယ်လူရွယ်များ အပေါ်သာမက လူကြီးများအပေါ်၌ပါ မခန့်လေးစား မရိုမသေဆက်ဆံ

တတ်ပေ၏။

သူ့အား ယှဉ်နိုင်သူ မရှိခြင်းကြောင့် ဗိုလ်ကျခြင်းလည်း ဖြစ်၏။

ထို့ကြောင့်...

ချင်းရှမ်း၏ နှိပ်စက်ခြင်း ခံရသူများက ဖခင်ဖြစ်သူ ချင်းဖုန်းထံ မကြာခဏ သွားရောက်တိုင်တန်းလေ့ရှိကြသည်။

ချင်းဖုန်းက အမျိုးမျိုးဆုံးမသော်လည်း ဆူပူကြိမ်းမောင်းခြင်း ခံရချိန်၌ ငြိမ်နေတတ်ပြီး မကြာမီ ဗွေဆိုးပြန်ဖောက်လာတတ်ပြန်သည်။

ချင်းရှမ်းအား ထင်းရှူးမြို့တစ်မြို့လုံးရှိ လူများက ရွံမုန်းကြသည်။

သို့သော်...

ဖခင်ဖြစ်သူ ချင်းဖုန်း၏ မျက်နှာကြောင့် မချစ်သော်လည်း အောင့်ကာနမ်းဆိုသည့် သဘောဖြင့် ဆက်ဆံကြခြင်း ဖြစ်သည်။

ယခု...

ကျောက်စုတို့ လူစုမှာ မျက်နှာစိမ်းများ ဖြစ်ကြ၍ ချင်းရှမ်းစိတ်ထင်တိုင်း မကြဲဝံ့ခြင်း ဖြစ်သည်။

သို့သော်...

ကျောက်စုတို့ သုံးယောက်အား အနိုင်ရလိုက်သောအခါ သူ၏ ဇာတိရုပ်ပေါ်ပေါက်လာလေတော့သည်။

ကျောက်စုတို့ သုံးယောက်သာမက သူတို့၏ ဆရာကိုပါ ဂရု

မစိုက်တော့ချေ။

"ကောင်းပြီလေ... ကျုပ်ဆရာ ဘယ်သူ ဘယ်ဝါဆိုတာ ဖော်ထုတ်ပေတော့... တကယ်လို့များ ကျုပ်လက်ချက်ကြောင့် ထိခိုက်မိရင်လည်း ကျုပ်ကို အဆိုးမဆိုနဲ့ပေါ့ဗျာ... "

စကားဆုံးလျှင် လက်သီးနှစ်လုံးဖြင့် စတင်တိုက်ခိုက်လိုက်လေသည်။

"ဒိုး... ဒိုး... "

လေတိုးသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

လက်သီးနှစ်လုံးသည် ထိုလူ၏ မျက်နှာတည့်တည့်သို့ တိုးဝင်သွား၏။

ထိုလူက ရှောင်တိမ်းခြင်းမပြုဘဲ လက်ဝါးဖြင့် ကာဖမ်းလိုက်လေသည်။

ချင်းရှမ်း၏ လက်သီးနှစ်လုံးမှာ ထိုလူ၏ ကြီးမားသော လက်ဝါးဖြင့် ဖမ်းဆုပ်ခြင်း ခံလိုက်ရတော့၏။

ချင်းရှမ်း ပြန်ဆွဲနှုတ်လိုက်၏။

သို့သော်...

ဆွဲထုတ်မရဘဲ ဖြစ်နေ၏။

ချင်းရှမ်း အံတင်းတင်းကြိတ်ကာ ကြမ်းပြင်ပေါ် ခြေကန်ပြီး ဆွဲလိုက်ပြန်သည်။

ယခုတစ်ကြိမ်လည်း ရုန်းမရချေ။

"ဟင်... "

ချင်းရှမ်း ရင်ထိတ်သွားသည်။

ထိတ်လန့်တုန်လှုပ်စွာဖြင့် ထိုလူအား မော့ကြည့်လိုက်မိသည်။

"မင်း ဆရာ ဘယ်သူဘယ်ဝါဆိုတာ ခန့်မှန်းဖို့ အချိန်တောင် မရခဲ့ပါဘူးကွာ... "

ထိုလူ၏ စကားကြောင့် ချင်းရှမ်း ခံပြင်းသွား၏။

မည်သို့ဆိုစေ...

လက်နှစ်ဖက်မှာ ရုန်းရှင်းမရဘဲ ဒုက္ခရောက်နေပြီဖြစ်သည်။

ကြံမရသည့် နောက်ဆုံး...

"လွတ်စမ်း... "

အော်ငေါက်ရင်း ခြေထောက်ဖြင့် ကန်လိုက်လေသည်။

သူ၏ ခြေထောက်ကန်ချက်က ထိုလူ၏ ခြေထောက်ကို ရိုက်ချလိုက်မိ၏။

"အား... "

ထိုလူထံမှ အော်သံထွက်ပေါ်လာခြင်း မဟုတ်ဘဲ ချင်းရှမ်းသာ အော်လိုက်ရ၏။

အဘယ်ကြောင့်ဆိုသော်...

ကျောက်စိုင်ကျောက်ခဲများအား ကန်လိုက်ရသည့်ပမာ သူ၏ ခြေထောက်များ နာကျင်သွားသောကြောင့် ပင်တည်း။

"မင်းမဆိုးဘူး... ဒါပေမယ့် ဘဝင်မြင့်တဲ့ စိတ်ထားကို ဖျောက်ပါ... မင်းဘဝတိုးတက်စရာ အများကြီး ရှိပါတယ်... "

ထိုလူက ပြောပြီး လက်လွှတ်ပေးလိုက်သည်။

ချင်းရှမ်းက အတင်းရန်းနေသည်ဖြစ်ရာ အရှိန်ဖြင့် ကြမ်းပြင်ပေါ် ဖင်ထိုင်လဲကျသွားလေတော့သည်။

"ဟား... ဟား... ဟား... "

ကျောက်စု၊ ကျောက်ယို့နှင့် ကျောက်လုံတို့ထံမှ ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ချင်းရှမ်း ရှက်လည်းရှက်၊ ဒေါသလည်း ထွက်သွား၏။

"သေပေတော့... "

အော်ငေါက်ရင်း ကျောက်စုတို့၏ ဆရာကိုတိုက်ခိုက် လိုက်သည်။

သို့သော်...

ထိုသူက လှည့်မကြည့်ဘဲ လက်ဝှေ့ယမ်းလိုက်သည်။ လက်သီး တစ်လုံးသည် ပြင်းထန်သော အရှိန်ဖြင့် သူ့ထံသို့ ဝင်လာ၏။

"ဝုန်း... "

ချင်းရှမ်းမှာ ဒုတိယအကြိမ် ကြမ်းပေါ်သို့ ဝုန်းခနဲ ပြုတ်ကျသွား၏။

ယခုတစ်ကြိမ်...

အတော်ကလေး နာကျင်သွားခြင်းကြောင့် ပြန်မထနိုင်တော့ပါ။

ထိုလူက လုံးဝ အရေးမစိုက်တော့ဘဲ စားသောက်ဆိုင်ထဲမှ ထွက်သွားသည်။

ကျောက်စုတို့ သုံးယောက်လည်း တဝါးဝါးရယ်မောရင်း နောက်မှ လိုက်သွားကြလေ၏။

သူတို့ စားသောက်ဆိုင် အပြင်ဘက်သို့ ရောက်ရှိသွားသည့် အခါ ဆိုင်လုလင်များ အပြေးအလွှားရောက်လာပြီး ချင်းရှမ်းကို ဖေးမမွေ့ထူလိုက်ကြ၏။

"သွားကြစမ်း... "

ချင်းရှမ်းက ဒေါသတကြီး တွန်းဖယ်ရင်း ထရပ်လိုက်သည်။

အံတင်းတင်းကြိတ်ရင်း...

"သိကြသေးတာပေါ့... "

ဟု ကြိုးဝါးကာ စားသောက်ဆိုင်ထဲမှ ပြေးထွက်သွားလေသည်။

ဆိုင်အပြင်သို့ ရောက်သည့်အခါ ကျောက်စုတို့ လူစုမှာ အတော်ဝေးဝေးသို့ ရောက်ရှိနေပြီကို တွေ့ရ၏။

"ရပ်လိုက်... "

ချင်းရှမ်းက အော်ဟစ် ဟန့်တားရင်း နောက်မှပြေးလိုက်သွားလေတော့သည်။

❦ ❦ ❦

အခန်း [၂၀]

ဖက်လဲတာကြောင့် ပိတ်ဆွေရင်း

ကျောက်စုတို့ ခြေလှမ်း ရပ်လိုက်ကြသည်။

ဆရာဖြစ်သူလည်း ရပ်လိုက်၏။

ယခု...

သူတို့အားလုံး မြို့လယ်လမ်းမပေါ်သို့ ရောက်နေကြပြီ ဖြစ်၏။

သူတို့ကို လမ်းသွားလမ်းလာများသာမက လမ်းဘေးတစ်ဖက်တစ်ချက်ရှိ စားသောက်ဆိုင်များ၊ အိမ်များ၊ စျေးဆိုင်မှ လူများလည်း လှမ်းကြည့်နေကြ၏။

လူအများရှေ့၌ ရုံးလျှင် အကြီးအကျယ်သိက္ခာကျမည်ကို ချင်းရှမ်း နားလည်ထား၏။

ကျောက်စုတို့ ဆရာကို အနိုင်မရနိုင်ကြောင်းလည်း နားလည်ထား၏။

သို့သော်...

ရုက်စိတ်ဖြင့် တိုက်ခိုက်ရန် ပြေးလိုက်လာခြင်း ဖြစ်သည်။

ချင်းရှမ်းပြေးလာသည်ကို တွေ့လျှင် ကျောက်စုတို့၏ ဆရာစိတ်ပျက်သွားသည့်အလား ခေါင်းခါရမ်းလိုက်၏။

"ခင်ဗျား ထွက်ပြေးလို့ရမလား... "

ချင်းရှမ်းက ဒေါသတကြီး အော်ပြောသည်။

ပြောရင်းတိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

ထိုလူက လက်ကာပြလိုက်သည်။

"ခဏနေပါဦးကွာ... "

"ဘာလဲ... ခင်ဗျားက ကျုပ်ကို ဖျောင်းဖျဦးမလို့လား... မရဘူးဗျ... "

"မဟုတ်ဘူး... မင်းဆရာ ဘယ်သူလဲဆိုတာ သိချင်လို့ပါ... "

"ဟွန်း... ခင်ဗျား ကျုပ်ကို နိုင်ချင်နိုင်မယ်... ကျုပ်အဖေကိုတော့ ယှဉ်နိုင်မယ် မထင်ပါနဲ့... "

ထိုစကားကြားလျှင် ဆရာဖြစ်သူ ပြုံးလိုက်သည်။

"လတ်စသက်တော့ မင်းအဖေက သိုင်းပညာသင်ပေးတာကိုး... ကောင်းပြီ... မင်းအဖေ ဘယ်သူလဲ ပြောစမ်းပါဦး... "

"ချင်းဖုန်းဆိုတာ ကျုပ်အဖေပဲ... "

ထိုလူ မျက်မှောင်ကုတ်သွား၏။

အံ့သြသွားပုံရသည်။

ချင်းရှမ်းကို စိုက်ကြည့်ရင်း...

"ချင်းဖုန်း ဟုတ်လား... လုရန်မြို့က ချင်းဖုန်းလား... "

"ဟုတ်တယ်... "

"ဟာ... အတော်ပဲ... ငါ သူ့ကို တွေ့ချင်နေတာ... "

"ဗျာ... "

"မင်းအဖေနဲ့ ငါဟာ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတွေပဲ... ကဲ... ကဲ... မင်းအဖေ ဘယ်မှာလဲ... ငါ့ကို လိုက်ပို့ပေးစမ်းပါဦး... "

"ခင်ဗျား ပြောစကား ကျုပ်မယုံဘူး... ခင်ဗျားကို ကျုပ် မတွေ့နုပ်ဘူးဗျို့... "

ချင်းရှင်းက ပြောရင်း တိုက်ခိုက်ရန် ဟန်ပြင်လိုက်ပြန်သည်။

ထိုစဉ်မှာပင်...

"ညီလေး... မင်းဘယ်သူနဲ့ ရန်ဖြစ်နေတာလဲ... "

ချီသာသော စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ချင်းရှမ်းလှမ်းကြည့်လိုက်သောအခါ လူငယ်တစ်ယောက် ပြေးလာသည်ကို တွေ့မြင်ရသည်။

ထိုလူရွယ်ကိုတွေ့လျှင် ချင်းရှမ်း မျက်နှာမဲ့သွား၏။

"ဟွန်း... သူလာရှုပ်ပြန်ပြီ... "

ချင်းရှမ်းသည် မကျေမနပ် ညည်းညူလိုက်သည်။

သို့သော်...

ကျောက်စုတို့နှင့် ရင်ဆိုင်နေရသဖြင့် အကူအညီရလိုရငြား အော်ခေါ်လိုက်သည်။

"အစ်ကိုကြီး ချင်းလွေ မြန်မြန်လာပါဦးဗျာ... "

ပြေးလာသူကား တစ်ကိုယ်လုံး အဖြူရောင်ဝတ်ဆင်ထား သော လူငယ်တစ်ယောက် ဖြစ်ပေသည်။

အသက်ဆယ့်ရှစ်နှစ်ခန့်သာ ရှိမည်ဟု ထင်ရသည်။

ချောမောခန့်ငြားပြီး သဘောမနောကောင်းမည့် ရုပ်ရည် လက္ခဏာ ရှိလေသည်။

ထိုလူရွယ်ကား ချင်းလွေဖြစ်ပြီး ချင်းရှမ်းအစ်ကို ဖြစ်သည်။

ချင်းလွေအနီးသို့ ရောက်သည့်အခါ...

"ညီလေး... ဘာဖြစ်လို့ သူများတွေနဲ့ ရန်ဖြစ်နေတာလဲကွာ လာ... လာ... အိမ်ပြန်ရအောင်... "

ပြောပြောဆိုဆို ချင်းရှမ်း၏ လက်ကို ဆွဲကာခေါ်လေသည်။

ချင်းရှမ်းက ချင်းလွေ၏ လက်ကို ပုတ်ချလိုက်ပြီး...

"အစ်ကိုကြီး ဘာမှ မသိပါဘူး... သူတို့က ကျွန်တော့်ကို စော်ကားသွားတာဗျ... သူတို့ကို မဆုံးမရဘဲ ကျွန်တော်မကျေနပ် ဘူး... "

"ညီလေးကလဲကွာ... ဒီတစ်မြို့လုံး မင်းနဲ့ ရန်မဖြစ်ဖူးတဲ့ လူမရှိသလောက်ပဲ... အခုလည်း ခရီးသွားဧည့်သည်တွေနဲ့ ဖြစ်ဦးမလို့ လား... ဖေဖေက ရန်ဖြစ်တာ မကြိုက်ဘူးဆိုတာ ညီလေးလည်း သိ သားနဲ့... "

"အို... ဒါတွေ ကျွန်တော်နားမလည်ဘူး... အစ်ကိုကြီး မကူ ညီချင်ရင် ဘေးဖယ်နေပါ... ဝင်မရှုပ်ပါနဲ့... "

ချင်းရှမ်းက ပြောရင်း တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

"ညီလေး... "

ချင်းလွေက အတင်းဝင်ဆွဲထားလိုက်သည်။

ကျောက်စုတို့၏ ဆရာသည် ချင်းရှမ်းနှင့် ချင်းလွေတို့ ညီအစ်ကိုကို ကြည့်ကာ ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

ညီအစ်ကို ပင်ဖြစ်လင့်ကစား စိတ်ထားမတူသလို ရုပ်ရည် ချင်းလည်း မတူကြောင်း အကဲခတ်မိသည်။

ချင်းရှမ်းသည် ခက်ထန်မောက်မာပြီး မာနကြီးသည်။

နေရာတိုင်း အနိုင်ယူလိုစိတ် ပြင်းပျသည်။

ချင်းလွေကား ရည်မွန်ပြီး သဘောမနောကောင်းပုံရသည်။

အရာရာကို စဉ်းစားချင့်ချိန် ဝေဖန်တတ်သည်။

ရိုးသားဖြောင့်မတ်သော စိတ်ထားရှိသည်ဟု ထိုလူအကဲခတ်မိ၏။

ချင်းလွေက ထိုလူဘက်လှည့်ကာ...

"ကျွန်တော့်ညီမှာ အမှားရှိရင် ခွင့်လွှတ်ပါဗျာ... ကျွန်တော့် ညီလေးက အခုထိ ကလေးစိတ်မကုန်သေးလို့ပါ... ကျွန်တော်တို့ကို သွားခွင့်ပြုပါဦးဗျာ... "

ချင်းလွေ ယဉ်ယဉ်ကျေးကျေး တောင်းပန်ကာ ခွင့်တောင်းလိုက်၏။

ထိုလူပြုံးလိုက်သည်။

"မင်းက သူ့အစ်ကို ဟုတ်လား... "

"ဟုတ်ပါတယ်ဗျာ... "

"မင်းတို့ ညီအစ်ကိုနှစ်ယောက်ဟာ စိတ်ထားချင်းလည်း မတူကြပါလား... မင်းညီက တော်တော်လေး မောက်မာတယ်... ဒါထက် မင်းတို့အဖေက ချင်းဖုန်းဆိုတာ အမှန်ပဲနော်... "

ချင်းလွေ အံ့သြသွားသည်။

သူကထိုလူအား အကဲခတ်ကြည့်ရင်း...

"ဟုတ်ပါတယ် ခင်ဗျာ... ဦးက ကျွန်တော့်အဖေကို သိလို့ လားခင်ဗျာ... "

"ဟား... ဟား... ဟား... သိတာပေါ့ကွာ... မင်းအဖေဟာ ငါနဲ့ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေပဲ... ဒါထက် မင်းအဖေအိမ်မှာပဲလား... "

"ဟုတ်ပါတယ် ခင်ဗျာ... "

"အေး... ငါလည်း သူ့ကိုမတွေ့ရတာကြာလို့ ရောက်တုန်း ရောက်ခိုက် တွေ့ချင်သေးတယ်ကွာ... "

ထိုလူနှင့် ဖခင်ဖြစ်သူ မိတ်ဆွေများဖြစ်ကြောင်း သိရသည့် အခါ ချင်းလွေ ဝမ်းသာသွားသည်။

သို့သော်...

အချို့လူများသည် ရန်သူဖြစ်လျက် မိတ်ဆွေဟု လိမ်ညာ ပြောတတ်ကြသည်။

မိတ်ဆွေအမှတ်ဖြင့် ခေါ်သွားပြီး အိမ်ရောက်မှ မိတ်ဆွေ မဟုတ်ဘဲ ရန်သူဖြစ်နေလျှင် အခက်ကြုံနိုင်ကြောင်း စဉ်းစားမိ၏။

ထို့ကြောင့်...

အကဲခတ်ကြည့်လိုက်ပြီး....

"လတ်စသတ်တော့ ဦးဟာ ဖေဖေမိတ်ဆွေ ဖြစ်နေတာကို ဦးနာမည် ဘယ်သူလဲ ဆိုတာ ပြောပြပါလားဗျာ... "

ထိုလူကြီးသည် ချင်းလွေ၏ အကင်းပါးမှုကို သဘောကျသွား၏။

ချင်းလွေအား ပြုံးပြလိုက်ပြီး...

"ငါ့နာမည် ဟန်ကျိုးလို့ ခေါ်တယ်... မင်းအဖေကတော့ ငါ့ကို အစ်ကိုကြီးကျိုးလို့ ခေါ်လေ့ခေါ်ထ ရှိပါတယ်ကွာ... "

"ဟန်ကျိုးဟုတ်လား... မိုးထိတောင်ကြားကလား ခင်ဗျာ..."

"ဟား... ဟား... ဟား... မင်းက ငါ့အကြောင်းကြားဖူးထား ပြီထင်တယ်... "

ချင်းလွေ ဝမ်းသာသွားသည်။

မိုးထိတောင်ကြားမှ ဟန်ကျိုးဆိုသော အမည်အား ဖခင်ချင်း ဖုန်းမကြာခဏ ပြောဖူးသည်ကို သူအမှတ်ရလာသည်။

ဟန်ကျိုးသည် စိတ်နေစိတ်ထား ထူးဆန်းပြီး အကျီစားသန်၏။

အလွန်မျော်တတ်သူ ဖြစ်ကြောင်း ကြားဖူးထား၏။

ချင်းလွေ ချက်ချင်းပင် လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။

"ဦးအကြောင်း ဖေဖေမကြာခဏ ပြောဖူးပါတယ်... ဦးကို တွေ့ရင် ဖေဖေဝမ်းသာသွားမှာပါ... ကျွန်တော်တို့နဲ့ တစ်ပါတည်း

လိုက်ခဲ့ပါလားဗျာ... "

ချင်းရှမ်းသည် အစ်ကိုဖြစ်သူ ချင်းလွေကို မကျေမနပ်ကြည့်နေ၏။

ဟန်ကျိုးဆိုသော အမည်ကို ကြားဖူးထားသဖြင့် ကန့်ကွက်စကားမပြောတော့ချေ။

သို့သော်...

ဟန်ကျိုးအား မုန်းတီးနေမိပြီး ချင်းလွေကို အဖြစ်သည်းလွန်းသည်ဟုလည်း တွေးနေမိ၏။

ဟန်ကျိုးက...

"ကောင်းတာပေါ့ကွာ... ငါက မိုးမချုပ်ခင် လုရန်မြို့ကို အရောက်သွားရမှာ... မင်းအဖေနဲ့ခဏလောက် ဝင်စကားပြောတော့ အချိန်ရပါသေးတယ်... တော်ကြာ သည်ကို ရောက်လာပြီး သူသည်မှာရှိတာ သိလျက်နဲ့ ဝင်မတွေ့ဘူးလို့ အပြစ်တင်ခံနေရဦးမယ်... "

"ကောင်းပါပြီ... ကျွန်တော်နဲ့ လိုက်ခဲ့ပါခင်ဗျာ... လာ... ညီလေး အိမ်ပြန်ကြစို့... "

ပြောရင်း ချင်းရှမ်း၏ လက်ကို ဆွဲခေါ်သွားလေသည်။

ယခုတစ်ကြိမ်...

ချင်းရှမ်းက ငြင်းဆန်ခြင်း မပြုတော့ချေ။

မျက်နှာထား သုန်သုန်မှုန်မှုန်ဖြင့် လိုက်ပါသွားလေတော့သည်။

ဟန်ကျိုးနှင့် သူတပည့် သုံးယောက်လည်းနောက်မှ လိုက်

သွားကြ၏။

မကြာပါခဲ့...

ထင်းရှူးမြို့တောင်ပိုင်းရှိ ကြီးမားသော စံအိမ်ကြီးတစ်လုံး ရှေ့သို့ ရောက်ရှိသွားလေတော့သည်။

"ဟာ... အစ်ကိုကြီးနဲ့ အစ်ကိုလေးတို့ ပြန်လာပြီ... "

ခြံဝင်းထဲမှ မိန်းကလေးတစ်ယောက် ပြေးထွက်လာပြီး အသံစာစာကလေးဖြင့် ကြိုဆိုသည်။

မိန်းကလေးမှာ အသက်ဆယ့်ငါးနှစ်ခန့်ရှိပြီး အစိမ်းရောင် အဝတ်အစားများ ဝတ်ဆင်ထားသည်။

ထိုမိန်းကလေးသည် ချင်းရှမ်းနှင့် ချင်းလွေတို့ ခြံဝင်းထဲဝင်လာကြသည်ကို တွေ့သည်နှင့် အိမ်ထဲမှ ထွက်လာကာ ကြိုဆိုလိုက်ခြင်းဖြစ်သည်။

ချင်းလွေနှင့် ချင်းရှမ်းတို့၏ နောက်တွင် ဆည့်သည်များ ပါလာသည်ကိုတွေ့သည့်အခါ ကြောင်အမ်းအမ်းဖြစ်သွား၏။

ချက်ချင်းကိုယ်ရှိန်သတ်ကာ ရပ်လိုက်သည်။

"ညီမလေး... ဖေဖေ ရှိသလား... "

ချင်းလွေက လှမ်းမေးလိုက်သည်။

မိန်းကလေးခေါင်းညိတ်ကာ...

"ရှိပါတယ်... အစ်ကိုကြီး... စာဖတ်ခန်းထဲမှာ အနားယူနေပါတယ်... "

"ဒါဖြင့် ညီမလေးပဲ ဖေဖေ့ကို သွားပြောလိုက်ပါ... ဆည့်သည်တွေ ရောက်နေတယ်လို့... "

"ဟုတ်ကဲ့... အစ်ကိုကြီး... "

မိန်းကလေးသည် ချက်ချင်းအိမ်ထဲပြေးဝင်သွားလေတော့သည်။

ချင်းလွေက ဟန်ကျိုးဘက်လှည့်ကာ...

"အိမ်ထဲကြွပါခင်ဗျာ... "

ပြောရင်း လမ်းပြခေါ်ဆောင်သွား၏။

ဆည့်ခန်း၌ နေရာထိုင်ခင်းပေးကာ ရေနွေးကြမ်းနှင့် ငါးခြောက်ဖုတ်များ ယူဆောင်၍ ဆည့်ခံသည်။

ချင်းရှမ်းကား ကန့်ကွက်ခြင်းလည်းမပြု၊ ကူညီခြင်းလည်း မပြုဘဲ မှုန်တေတေဖြင့် ချင်းလွေလုပ်သမျှ ကြည့်နေ၏။

သူ့အား အနိုင်ယူခဲ့သူကို တလေးတစားဆည့်ဝတ်ပြုနေသည်မှာ သူ့ကိုစော်ကားရာရောက်သည်ဟု သူကတွေးနေသည်။

ဟန်ကျိုးအား မုန်းတီးနေရာမှ အစ်ကိုဖြစ်သူ ချင်းလွေအပေါ် မုန်းတီးစိတ်များ ဖြစ်ပေါ်လာသည်။

ဟန်ကျိုးတို့ ဆည့်ခန်းထဲ၌ နေရာယူပြီးချိန်၌ မိန်းကလေးနှင့် အသက်ငါးဆယ်နီးပါးရှိသူ တစ်ယောက်ထွက်လာကြသည်ကို တွေ့လိုက်ရ၏။

ထိုလူသည် ဖျင်ကြမ်းအင်္ကျီများ ဝတ်ဆင်ထားပြီး လက်နှစ်ဖက်နောက်ပစ်ကာ အေးအေးဆေးဆေး ဝင်လာ၏။

ပါးစပ်၌ ဆေးတံတစ်ချောင်းခဲထား၏။

ထိုအဘိုးအိုမှာ ချင်းလွေတို့၏ဖခင် ချင်းဖုန်းပင် ဖြစ်သည်။
မိန်းကလေးမှာ ချင်းဖုန်း၏ အငယ်ဆုံးသမီး ချင်းချင်းပင် ဖြစ်သည်။

ချင်းဖုန်းဝင်လာသည်ကိုတွေ့လျှင် ဟန်ကျိုးက ထရပ်လိုက်သည်။

"ကျုပ်တို့ မတွေ့တာတောင် အတော်ကြာသွားပြီနော်... ခင်ဗျားက အခုမှ စာပေပညာရှင်နဲ့ ပိတူလာတယ်... "

ဟန်ကျိုးက နှုတ်ခွန်းဆက်လိုက်လေ၏။

ဟန်ကျိုးကို မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် ချင်းဖုန်းအုံသြသွား၏။

ချက်ချင်း မျက်နှာတစ်ခုလုံး ပြုံးရွှင်သွားပြီး...

"ဟာ... အစ်ကိုကြီးကျိုး... ဘယ်ကဘယ်လို မျက်စိလည်လမ်းမှားပြီး ရောက်လာတာလဲ... "

ချင်းဖုန်းသည် ဝမ်းသာအားရ ပြောရင်းရှေ့သို့ ခပ်သွက်သွက် လျှောက်လာသည်။

ဟန်ကျိုးကလည်း ရှေ့တိုးသွားပြီး နှစ်ယောက်သား ပွေ့ဖက်ထားလိုက်ကြလေ၏။

ကျောက်စုတို့အဖို့မှာမူ ချင်းဖုန်းနှင့် ဟန်ကျိုးတို့ ဝမ်းသာအားရ ဖြစ်နေသည်မှာ အရေးမဟုတ်ဘဲ ချင်းလွေတည်ခင်းသော မုန့်နှင့်လက်ဖက်ရည်ကြမ်းကို စားသောက်ခြင်းသာ အရေးဖြစ်နေသည်။

"ကျုပ်က ခင်ဗျားကို လုရန်မြို့မှာပဲတွေ့ရမယ်ထင်တာ...

ခင်ဗျားက သည်မြို့မှာလာပြီး အခြေချနေတာကိုး... "

ချင်းဖုန်းပြုံးလိုက်သည်။

"ဟုတ်တယ်... ကျုပ် သည်မြို့ကို ပြောင်းလာခဲ့တာ ကျုပ်သားတစ်သက်ရှိပြီလေ... "

"ဒါနဲ့ ခင်ဗျားရဲ့ စီးပွားရေးလုပ်ငန်းတွေကော... "

"ယုံကြည်စိတ်ချရတဲ့ တပည့်တွေကို လွှဲထားပေးလိုက်တယ် အမြတ်အစွန်းကတော့ တစ်ယောက်တစ်ဝက်ပေါ့ဗျာ... "

"ဒါနဲ့နေပါဦး... ခင်ဗျားလုရန်မြို့က ပြောင်းရွှေ့လာတာ ခြေရာဖျောက်ချင်တဲ့ သဘောပေါ့ ဟုတ်လား... "

"သည်လိုလည်း မဟုတ်သေးပါဘူး... ကျုပ်ကအသက်ကြီးလာပြီလေ... အေးအေးဆေးဆေးနေချင်နေပြီ... ရွှမ်ထွေးလှတဲ့ သိုင်းလောကကိစ္စတွေနဲ့လည်း မပတ်သက်ချင်တော့ဘူး... "

ဟန်ကျိုး ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ခင်ဗျားအယူအဆကို ကျုပ်ဘာမှ ကန့်ကွက်စရာမရှိပါဘူး... ဒါပေမဲ့... ခင်ဗျားဟာ သိုင်းသမားတစ်ယောက်ဖြစ်တယ်ဆိုတာ မေ့မထားသင့်ဘူး... "

"ဘာဖြစ်လို့လဲ... "

"အခု သိုင်းလောကမှာ မကောင်းတဲ့ ဒုစရိုက်မှုတွေ ပေါများနေတယ်... ဒုက္ခရောက်ရတဲ့ လူတွေတစ်နေ့တစ်ခြားများပြားလာတယ် ဒီတော့ ကျုပ်တို့အနေနဲ့ အေးအေးဆေးဆေး ထိုင်ကြည့်မနေဘဲ ကိုယ်တတ်ကျွမ်းထားတဲ့ သိုင်းပညာနဲ့ အများအကျိုး ဆောင်ရွက်သင့်တယ်

လို့ ကျုပ်ယူဆထားတယ်... "

ချင်းဖုန်း သက်ပြင်းချလိုက်၏။

"ဒါထက် ... အစ်ကိုကြီးကျိုး လုရန်မြို့ကို သွားမှာ သည်ကိစ္စ ကြောင့်ပဲလား.... "

ဟန်ကျိုးက...

"ဟုတ်တယ်... လုရန်မြို့က သိုင်းရာဇာ ရွှမ်ရဲ့ ဂေဟာကို သွားမလို့... သိုင်းရာဇာ ရွှမ်ဟာ မိတ်ဆွေအပေါင်းအသင်းတွေကို ဖိတ်ကြားပြီး လျှို့ဝှက်အစည်းအဝေး တစ်ရပ်ပြုလုပ်မလို့လေ... "

ချင်းဖုန်း စိတ်ဝင်စားသွားမိ၏။

"သည်သတင်း ကျုပ်မကြားမိသေးပါလား.... "

"သိုင်းရာဇာ ရွှမ်က သူနဲ့အရင်းနှီးဆုံး လူဆယ်ယောက်ကိုပဲ ဖိတ်ကြားထားတယ်ဆိုတော့ ခင်ဗျားဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ..." မှန်ပေသည်။

သိုင်းရာဇာ ရွှမ်သည် ချင်းဖုန်း ထင်းရှူးမြို့လေးသို့ ပြောင်း ရွှေ့လာပြီးမှ လုရန်မြို့သို့ ရောက်လာသူဖြစ်၏။

ချင်းဖုန်းရှိစဉ်က လုရန်မြို့၏ ထင်ရှားသော သိုင်းသမားများ အမည်စာရင်း၌ ထိပ်ဆုံးမှပါလေ့ရှိသလို ရွှမ်ရောက်လာသောအခါ၌ လည်း ထိပ်ဆုံးအဆင့်၌ ပါဝင်ခဲ့သည်။

သိုင်းရာဇာရွှမ်သည် သိုင်းပညာတော်သလို ကိုယ်ကျင့်တရား ကောင်းမွန်ပြီး အများအကျိုး ရှေ့တန်းတင်ဆောင်ရွက်သူအဖြစ် နာမည်ကြီးသူဖြစ်သည်။

"နေပါဦး... သိုင်းရာဇာရွှမ် ဖိတ်ခေါ်တဲ့ လျှို့ဝှက်ချက် အစည်းအဝေးက မီးနဂါးဂိုဏ်းကို နှိမ်နင်းဖို့များလား... "

ဟန်ကျိုး ခေါင်းညိတ်လိုက်၏။

"သည်ကိစ္စက လွဲပြီး တခြားဘာကိစ္စရှိနိုင်တော့မှာလဲ..."

ချင်းဖုန်း သက်ပြင်းချလိုက်သည်။

မီးနဂါးဂိုဏ်းသည် သိုင်းလောကတစ်ခုလုံးအား လွှမ်းမိုး ထားသည်ဟု သူနားလည်ထားသည်။

မီးနဂါးဂိုဏ်းအဖွဲ့ဝင်များ နေရာအနှံ့အပြားရှိသလို လုရန်မြို့၌ လည်းရှိသည်။

သူတို့သည် အာမခံလုပ်ငန်း၊ အထည်ဆိုင်၊ အပေါင်ဆိုင်၊ စား သောက်ဆိုင်၊ အရက်ဆိုင် အစရှိသော လုပ်ငန်းများအားလုံးကို လက် ဝါးကြီးအုပ် ချယ်လှယ်နေကြ၏။

ချင်းဖုန်းပိုင်သော ဈေးဆိုင်များပင်လျှင် မီးနဂါးဂိုဏ်းမှ ကောက်ခံသော လစဉ်ကြေးကို အမြဲတွေထဲမှ ခွဲဝေပေးနေရ၏။

ချင်းဖုန်း သက်ပြင်းချလိုက်၏။

"အစ်ကိုကြီးကျိုးကို ကျုပ်သတိပေးလိုက်ပါရစေ... "

"ဘာများလဲ... ပြောစမ်းပါဦး... "

"မီးနဂါးဂိုဏ်းက လူတွေက မခေကြဘူး... ဒီလျှို့ဝှက် ဆွေး နွေးပွဲကို သိသွားရင် အန္တရာယ်တွေ့နိုင်တယ်... အစစအရာရာ သတိ ထားပါဗျာ... "

ဟန်ကျိုး ရယ်မောလိုက်သည်။

"ဟား... ဟား... ဟား... ကျုပ်က သူတို့ကို မကြောက်ပါဘူး... ကျုပ်အတွက် စိုးရိမ်စရာ မရှိပါဘူး... လုရန်ဖြို့ကအပြန် ခင်ဗျားဆီ ဝင်ခဲ့ဦးမယ်... အခုတော့ အချိန်မရှိဘူး... မိုးမချုပ်ခင် ရောက်အောင် သွားရမှာ... ကျုပ်ကိုခွင့်ပြုဦးဗျာ... "

သူသည် ချက်ချင်းလိုလို နှုတ်ဆက်ထွက်ခွာသွားလေတော့သည်။

မီးနဂါးဂိုဏ်း၏ အနိုင်ကျင့်မှုကို ငြိမ်ခံနေခဲ့ရသော ချင်းဖုန်းသည် ဟန်ကျိုး၏ စကားကြောင့် ရင်ထဲမှ မာနနှင့်သိက္ခာတို့ ပြန်လည်နိုးကြားလာသည်။

မင်းမဲ့စရိုက် ဆန်ဆန် ပြုမူ လုပ်ဆောင်မှုကို သိမြင်နားလည်လာလေတော့သည်။

❦ ❦ ❦

အတွင်းရေး

လေပြည်လေညင်း ဝေ့ယမ်းတိုက်ခတ်လာသည်။

လေပြည်ကြောင့် ပန်းဥယျာဉ်ထဲ၌ စိုက်ပျိုးထားသော ပန်းပင်ကလေးများ ယိမ်းနွဲ့လှုပ်ရှားသွားသည်။

ဝန်းကျင်တစ်ခုလုံး ပန်းရနံ့များ သင်းပျံ့ကြိုင်လှိုင်နေ၏။

ချင်းရှမ်း၏ မျက်လုံးထဲ၌ ဟန်ကျိုး၏ မျက်နှာကိုသာ မြင်ယောင်နေ၏။

ဟန်ကျိုးကြောင့် အိမ်ထဲမှ အိမ်ပြင်မထွက်ရဲတဲ့ တစ်လနေရမည်ဟု ဖခင်ဖြစ်သူက ဒဏ်ခတ်ခဲ့သည်။

ဟန်ကျိုးအပြင် ချင်းလွေသည်လည်း တာဝန်မကင်းဟု ယူဆ၏။

"တောက်... ငါ့အစ်ကို ဖြစ်နေလို့ပေါ့ကွာ... နို့မဟုတ်ရင် နေရာတကာ လိုက်ရှုပ်တတ်တဲ့ကောင်ကို လက်သီးနဲ့ ထိုးပြီးဆုံးမပစ်လိုက်တယ်... "

သူသည် ကြိုးဝါးရင်း နံဘေးရှိ သစ်သားတိုင်ကို လက်သီးဖြင့် ဒုန်းခနဲ ထိုးချလိုက်လေသည်။

လက်နာသွားမှ ဒေါသစိတ်လည်း အနည်းငယ် လျော့ကျသွားသည်။

ထိုစဉ်မှာပင်...

"သားလတ်... ဘာတွေစိတ်ဆိုးနေတာလဲ သားရဲ့... "

နောက်ဘက်မှ စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရသဖြင့်...

ချင်းရှမ်း ချာခနဲ လှည့်ကြည့်လိုက်၏။

ထိုအခါ...

အသက်လေးဆယ်ကျော်ခန့်ရှိ အမျိုးသမီးကြီးတစ်ယောက် လှမ်းလာနေသည်ကို တွေ့လိုက်ရ၏။

အမျိုးသမီးကြီးမှာ အသက်အရွယ်ကြီးလာပြီ ဖြစ်သော်လည်း ချောမောခန့်ညားဆဲပင်။

အမျိုးသမီးကို တွေ့ရသည့်အခါ ချင်းရှမ်းက...

"မေမေ... "

ခေါ်ရင်း ရင်ခွင်ထဲ ပြေးဝင်လိုက်လေသည်။

အမျိုးသမီးကြီးက အလိုက်သင့် ပွေ့ဖက်ထား၊ လိုက်၏။

ထိုအမျိုးသမီးကြီးကား ချင်းရှမ်းတို့၏ မိခင် ယဉ်ယဉ်ဖြစ်ပေသည်။

"သား... ဒေါသဖြစ်ရအောင် ဘာတွေများ ဖြစ်နေလို့လဲကွဲ့...

မိခင်မှာ ဖခင်ဖြစ်သူထက် စိတ်ထားပျော့ပျောင်းပြီး သဘောကောင်းသူ ဖြစ်ကြောင်း သိထားရာ ချင်းရှမ်း မိခင်ရင်ထဲ ခေါင်းတိုးဝှေ့ရင်း ငိုကျွေးလိုက်လေသည်။

"သားရယ်... ဘာဖြစ်တာလဲ... မေမေ့ကို ပြောဦးမှပေါ့... သားငိုနေလို့ ပြီးမလား... ဘာလဲ... ဖေဖေက သားကို ဆူလို့လား... "

"ဟုတ်... ဟုတ်ပါတယ်... မေမေ... "

ယဉ်ယဉ် ပြုံးလိုက်သည်။

ခင်ပွန်းသည်မှာ သားဖြစ်သူ အပြစ်မရှိဘဲ ဆူပူကြိမ်းမောင်းမည် မဟုတ်ကြောင်း ကောင်းစွာနားလည်ထားသည်။

"ပြောစမ်းပါဦး... ဖေဖေဆူရအောင် သားကဘာတွေများ လုပ်ခဲ့လို့တုန်း... "

"မြို့ထဲသွားရင်း လူသုံးယောက်က သားကိုစော်ကားတာနဲ့ သားက ဆုံးမလိုက်တယ်... အဲဒါကို သူတို့ရဲ့ ဆရာက လူပုံအလယ်မှာ အနိုင်ကျင့် အရှက်ခွဲတယ်မေမေ... "

"ဟင်... "

ယဉ်ယဉ်မျက်မှောင်ကြုတ်လိုက်သည်။

"ပြောစမ်းပါဦး... အဲသည်လူက ဘယ်သူလဲ... "

"ဟန်ကျိုးလို့ ခေါ်ပါတယ်... ဖေဖေ့ကိုလည်း သိပါတယ်... "

"ဟန်ကျိုးဟုတ်လား... သူက သားဖေဖေရဲ့မိတ်ဆွေပဲ... ပြီးတော့ အင်မတန်ပျော်တတ်တဲ့ လူကြီးပဲ... သူ့ကို မေမေကောင်းကောင်း သိတာပေါ့... သူက သားကို လူပုံအလယ်မှာ အရှက်ခွဲတယ်

ဟုတ်လား... "

"ဟုတ်ပါတယ် မေမေ... အစ်ကိုကြီးရောက်လာတော့လည်း သားဘက်က မကူဘူး... သားကို သူများနဲ့မကြာခဏ ရန်ဖြစ်တယ်လို့ တောင် ဆူသေးတယ်... "

ယဉ်ယဉ်ပြုံးလိုက်သည်။

ချင်းရှမ်းအပြစ်ရှိကြောင်း ကောင်းစွာ သဘောပေါက်သွား သည်။ သာမန်မျှသာ သိရှိရုံနှင့် သား၏ ကျူးလွန်မှုကို သိလိုက်ပြီ မဟုတ်ပါလား။

"သားကြီးက သူများကို ဝင်တောင်းပန်တယ် ဟုတ်လား..."

"ဟုတ်ပါတယ် မေမေ... "

"ဒါဆို... သားလွန်တာပဲ ဖြစ်ရမယ်... "

"ဗျာ... "

ချင်းရှမ်း မကျေမနပ်ဖြစ်သွားသည်။

ဦးခေါင်း တတွင်တွင် ခါယမ်းရင်း...

"မေမေတို့က အစ်ကိုကြီးကို သိပ်ဦးစားပေးတာကိုး... "

သူသည်ပြောရင်း ဝမ်းနည်းပက်လက်ငိုကျွေးလိုက်လေ၏။

ယဉ်ယဉ်က ချင်းရှမ်း၏ ဦးခေါင်းကို ပွတ်သပ်ကာ...

"ကိုကြီးက ရိုးသားပြီးလိမ္မာရေးခြားရှိတယ်... သားကိုသွန် သင်တာ မချစ်လို့မှ မဟုတ်ဘဲ... သား စဉ်းစားကြည့်လေ... ကိုကြီး ရန်ဖြစ်ဘူးလား... ကိုကြီးကြောင့် မေမေတို့ ဘယ်နှစ်ခါများ စိတ်သော ဂ. ရောက်ခဲ့ဖူးသလဲ... ကိုကြီးဟာ မိဘစကားနားထောင်တယ်...

မိဘစိတ်ချမ်းသာအောင်နေတယ်... "

"တော်ပြီ... မေမေ့ကို ပြောလည်း ထူးမှာမဟုတ်ဘူး... "

စကားဆုံးသည်နှင့် ချင်းရှမ်းက ခြေဆောင့်ကာ ပြေးထွက် သွားသည်။

"သား... သား... "

ယဉ်ယဉ်အော်ခေါ်လိုက်သည်။

သို့သော်...

ချင်းရှမ်းက လုံးဝ လှည့်မကြည့်ဘဲ ပြေးသွား၏။

ယဉ်ယဉ်သက်ပြင်းချလိုက်သည်။

"အင်း... သားလတ်အတွက်တော့ ခက်ပါသေးတယ်... မဖြစ် ဘူး... သူတို့အဖေနဲ့ သွားတွေ့မှပါပဲ... "

သူမသည် ညည်းညူလိုက်လေ၏။

သူမရင်ထဲ၌ လေးလံနေသည်။

ချင်းရှမ်း၏ ရှေ့ရေးအတွက် တွေးတောပူပန်နေမိတော့လေ သည်။

သားလတ်၏ ရှေ့ရေးကို သူတို့မိဘနှစ်ပါး ဆွေးနွေးသင့်ပြီဟု သူမ ယူဆမိသည်။

စာဖတ်ခန်း... ။

စာဖတ်ခန်းထဲ၌ ချင်းဖုန်းတစ်ယောက်တည်း ထိုင်ကာ ငိုင် နေသည်။

ယဉ်ယဉ်အခန်းထဲသို့ ဝင်လာသည်ကိုပင် မသိလိုက်ချေ။

ယဉ်ယဉ်ကလည်း အလိုက်သိသိ အသံမပြုဘဲ နေလိုက်၏။

သို့သော်...

အတော်ကလေး ကြာသည့်တိုင် ချင်းဖုန်းမလှုပ်မယှက် ထိုင်နေသည်ကို တွေ့သည့်အခါ ရင်ထဲမှ စိုးရိမ်ပူပန်စိတ်များ ဖြစ်ပေါ်လာ၏။

ချင်းဖုန်းအနီးသို့ လျှောက်သွားပြီး ချောင်းတစ်ချက် ဟန့်လိုက်သည်။

"အဟမ်း... "

သူမ၏ ချောင်းဟန့်သံကြောင့် ချင်းဖုန်း ခေါင်းမော့ကြည့်လာသည်။

ယဉ်ယဉ်က သူနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်၏။

ယခင်ကဆိုလျှင် ယဉ်ယဉ်အား တွေ့သည်နှင့် ပြုံးပြုံးရွှင်ရွှင် ဆီးကြိုနှုတ်ဆက်နေမြဲဖြစ်လေသည်။

ယခုမူ...

ပြုံးရယ်ခြင်းမရှိ၊ ရွှတည်တည်ကြီးဖြစ်နေ၏။

ယဉ်ယဉ်က ဘာမှမမေးဘဲ အလိုက်သိစွာဖြင့် ငြိမ်နေလိုက်၏။

အတော်ကလေးကြာမှ ချင်းဖုန်းက...

"ညီမ... "

"ရှင်... အစ်ကို... "

"တို့သားသမီးတွေအတွက် ရှေ့ရေးရင်အေးရအောင် ကြိုတင်စီစဉ်မှ ဖြစ်တော့မယ်ထင်တယ်... "

အကြံဉာဏ်တောင်းသည့် သဘော တိုင်ပင်သည့်သဘောဖြင့် ပြောလိုက်ခြင်းဖြစ်သည်။

ယဉ်ယဉ်သည် ချင်းဖုန်းကဲ့သို့ပင် သိုင်းပညာထက်မြက်သူဖြစ်သည်။

အချို့က ယဉ်ယဉ်သည် ချင်းဖုန်းထက်ပင် သိုင်းပညာထက်မြက်သူဖြစ်သည်။

အချို့က ယဉ်ယဉ်သည် ချင်းဖုန်းထက်ပင် သိုင်းပညာတော်ပြီး ဉာဏ်ကောင်းသူဖြစ်သည်ဟု ဆိုကြသည်။

"အစ်ကို... သားလတ်ကိစ္စအတွက် စိုးရိမ်သောက ရောက်နေတယ်ထင်တယ်... "

"ဟုတ်တယ်... သားလတ်ရဲ့ကိစ္စဟာ အသေးအဖွဲကနေ ထိန်းမနိုင် သိမ်းမရအောင် ဆိုးသွားနိုင်တဲ့ ကိစ္စမျိုးပဲ... ဒါပေမယ့် တင်းတင်းကျပ်ကျပ်နဲ့ ပြုပြင်ရင်တော့ ရတန်ကောင်းပါရဲ့... အခုအစ်ကို ပြောချင်တာက သားလတ်ကိစ္စ မဟုတ်သေးဘူး... "

"ရှင်... "

မမျှော်လင့်သော စကားကြောင့် ယဉ်ယဉ်အံ့သြသွားလေသည်။

ချင်းဖုန်းကို နားမလည်နိုင်စွာဖြင့် ကြည့်ကာ...

"သားလတ်ကိစ္စမဟုတ်ဘူး ဆိုတော့ ဘယ်လိုကိစ္စမျိုးလဲ ရှင်... "

"တို့သားသမီး သုံးယောက်ရဲ့ သိုင်းပညာအခြေအနေကို **ညီမ**

ဘယ်လိုမြင်သလဲ... "

ချင်းဖုန်းက ယဉ်ယဉ်၏ မေးခွန်းကို မဖြေဘဲ ပြန်လည်မေ
ခွန်းထုတ်လိုက်သည်။

ယဉ်ယဉ်ကလည်း အကြောင်းရှိ၍မေးမှန်းသိသောကြောင့်
"သူတို့သုံးယောက်ရဲ့ သိုင်းပညာမဆိုးပါဘူး... အခြေခံအဆ
ကို ပိုင်ပိုင်နိုင်နိုင် ရှိနေပါပြီ... "

ချင်းဖုန်းက တည်ငြိမ်သောလေသံဖြင့်...

"သူတို့ သိုင်းလောကကို ခြေချမယ်ဆိုရင်ကော... "

"အို... မဖြစ်နိုင်တာ... "

ယဉ်ယဉ်ခေါင်းခါယမ်း၍ အလန့်တကြား ပြောလိုက်လေ
သည်။

ချင်းဖုန်းကို နားမလည်နိုင်စွာဖြင့် ကြည့်ရင်း...

"ကလေးတွေသိုင်းလောကထဲ ခြေချလို့ ဘယ်နည်းနဲ့မှ ဖြ
မှာ မဟုတ်ဘူး... သူတို့ပညာဟာ အခြေခံအဆင့်လောက်ပဲ ရှိတယ်
ဘာမှ သုံးလို့ရတာ မဟုတ်ဘူး... အစ်ကို သူတို့ကို သိုင်းလောက
လွှတ်မလို့လား... မဖြစ်ဘူးထင်တယ်... အစ်ကို ဆုံးဖြတ်ထားတယ်
ဆိုရင်တော့ ညီမ ကန့်ကွက်ရမှာပဲ... "

ချင်းဖုန်းပြုံးလိုက်သည်။

"ညီမက စိတ်စောနေတာကိုး... အစ်ကိုက သူတို့ကို သို
လောကထဲ လွှတ်ဖို့စိတ်မကူးပါဘူး... သူတို့တတ်ထားတဲ့ သိုင်းပ
နဲ့ မဖြစ်မှန်းသိပါတယ်... ဒါပေမဲ့ သူတို့ဟာ တစ်ချိန်မှာ သိုင်းလော

ထဲ ခြေချရမှာ မဟုတ်လား... အစ်ကိုတို့ညီမတို့ လောကကြီးကို မျက်
ကွယ်ပြုသွားတဲ့ အချိန်ကျရင် သူတို့ကိုယ့်ခြေထောက်အပေါ် ကိုယ်ရပ်
နိုင်ဖို့လိုလိမ့်မယ်... သူတို့ဟာ စီးပွားရေးလုပ်ငန်း လုပ်ပြီး အေးအေး
နေရင် အကြောင်း မဟုတ်ပေမဲ့ သိုင်းလောကထဲ ခြေချမယ်ဆိုရင်
တော့ အခုကတည်းက စဖို့လိုပြီ... "

ယခုမှ...

ယဉ်ယဉ်သဘောပေါက် နားလည်သွား၏။

စိတ်လက်ပေါ့ပါးသွားပြီး...

"လတ်စသတ်ဆော့ အစ်ကိုက သူတို့ကို ထိပ်တန်းသိုင်း
ပညာသင်ကြားပေးဖို့ အချိန်ကျပြီလို့ ယူဆနေတာပါလား... "

ချင်းဖုန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... "

ယဉ်ယဉ် သက်ပြင်းချလိုက်၏။

"ဒါနဲ့ အစ်ကိုပဲ သားကြီးအသက်နှစ်ဆယ်အရွယ်ရောက်မှ သင်
ပေးမယ်ဆို... "

ချင်းဖုန်း ပင့်သက်ရှိုက်လိုက်၏။

သူက ယဉ်ယဉ်အား အကဲခတ်ကြည့်ကာ...

"အခြေအနေအရပ်ရပ်ကြောင့် အစ်ကို ဆုံးဖြတ်ချက်ကို ပြင်
ဖို့ သံန္နိဋ္ဌာန်ချလိုက်ရတာပဲ... သူတို့ကို ထိပ်တန်းသိုင်းပညာ စသင်ပေး
တော့မယ်... အမြန်ဆုံး စသင်ပေးဖို့ အစ်ကိုဆုံးဖြတ်လိုက်ပြီ... "

ထိုစကားကြားသည့်အခါ ယဉ်ယဉ်မျက်မှောင်ကုတ်သွား၏။

ချင်းဖုန်းပြောသည့် စကားများသည် လည်းကောင်း၊ အမူအရာသည် လည်းကောင်း၊ အဓိပ္ပါယ်တစ်မျိုး ဆောင်နေကြောင်း တွေးမိသည်။

မည်သို့သော အဓိပ္ပါယ်ဆောင်သည်ကိုမူ ရုတ်တရက် သူမစဉ်းစား၍ မရချေ။

ထို့ကြောင့်...

ချင်းဖုန်းအား အကဲခတ်ကြည့်လိုက်ပြီး...

"အစ်ကို... ညီမတစ်ခုမေးချင်တယ်... အစ်ကိုအမှန်အတိုင်း ပြောမလားဟင်... "

ချင်းဖုန်း မျက်မှောင်ကုတ်လိုက်၏။

"ညီမ ဘာမေးမလို့လဲ... "

"အစ်ကိုအမှန်အတိုင်း ဖြေမလားဆိုတာ အလျင်ပြောပါဦး..."

ချင်းဖုန်းပြုံးလိုက်သည်။

"ညီမအပေါ် ဘာမှထိန်ဝှက်စရာလဲ မရှိဘူး... လိမ်ညာစရာလည်းမရှိဘူး... ကဲ... ကြိုက်တာသာမေး... အစ်ကိုအမှန်အတိုင်း ဖြေမယ်... "

ယဉ်ယဉ်က တည်ငြိမ်သော လေသံဖြင့်...

"ညီမကို စိတ်မဆိုးပါနဲ့အစ်ကိုရယ်... ညီမစိတ်ထဲ မတင်မကျဖြစ်နေလို့ပါ... ကလေးတွေကို အချိန်စောပြီး ထိပ်တန်းသိုင်းပညာသင်ပေးဖို့ ဆုံးဖြတ်လိုက်တာဟာ ဘာကြောင့်များလဲဟင်... အစ်ကိုမှာ အခက်အခဲ ပြဿနာတစ်ခုနဲ့ ရင်ဆိုင်နေရပြီလို့ညီမတွက်မိတယ်..."

ထိုစကားကြားသည်နှင့် ချင်းဖုန်းခေါင်းငိုက်စိုက်ကျသွားလေသည်။

တစ်ဆက်တည်းပင်...

"အင်း... "

သက်ပြင်းရှည်တစ်ချက်ပါ လေးပင်စွာ ချလိုက်၏။

ယဉ်ယဉ်ဆက်မမေးဖြစ်တော့ပါ။

သူမ၏ ရင်ထဲမှ သံသယများ ခိုင်မာသွားပြီ မဟုတ်ပါလား။

ချင်းဖုန်းတွင် ကြီးမားသော ပြဿနာတစ်ရပ်နှင့် ရင်ဆိုင်နေရပြီ ဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေချေပြီ။

ယဉ်ယဉ်၏ ရင်ထဲ မွန်းကျပ်လာသည်။

ချင်းဖုန်းရင်ဆိုင်နေရသော ပြဿနာကို သူမလည်း ကူညီဖြေရှင်းလိုစိတ်များ ဖြစ်ပေါ်လာသည်။

သူတို့ နှစ်ယောက်သည် သိုင်းလောကၭ ကျင်လည်ကျက်စားရင်း တွေ့ဆုံမေတ္တာမျှပြီး ဘဝသစ်ထူထောင်ကြခြင်း ဖြစ်၏။

ချင်းဖုန်းမှာ မည်သည့်စကားမျှ မပြောဘဲ တွေဝေငေးငိုင်နေ၏။

အတန်ကြာမှ...

တည်ငြိမ်သော လေသံဖြင့် ပြောလာလေသည်။

"ညီမကို အသိပေးရလိမ့်မယ်ဆိုတာ အစ်ကိုနားလည်ပါတယ် ဒါပေမဲ့ စောတယ်လို့ ထင်မိလို့ပါ... အခုမှတော့ မထူးပါဘူး... ပြောပြရမှာပေါ့... "

ယဉ်ယဉ်နား စွင့်နေလိုက်၏။

ချင်းဖုန်းက ဆက်ပြောသည်။

"သည်ကနေ့ မိုးထိတောင်ကြားက ဟန်ကျိုး လာသွားတယ်... သူက အစ်ကို့ကိုအမြင်မှန်ရအောင် ရှင်းပြသွားတယ် ညီမရဲ့... အခုသိုင်းလောကမှာ မီးနဂါးဂိုဏ်းမင်းမူ သောင်းကျန်းနေတယ် မဟုတ်လား... သူတို့ကြောင့် ဒုက္ခရောက်ရတဲ့ လူတွေအများကြီးပဲ..."

သူ၏ စကားမဆုံးမီ ယဉ်ယဉ်က ကြားဖြတ်ပြောလိုက်သည်။

ချင်းဖုန်းက သူစကားပြောနေသည့်အချိန်၌ ကြားဖြတ်ပြောသည်ကို မနှစ်မြို့ကြောင်း သိထားသော်လည်း လိုရင်းစကားကိုအမြန်ဆုံးကြားလိုသဖြင့် ပြောလိုက်ခြင်းဖြစ်ပေသည်။

"မီးနဂါးဂိုဏ်း ဘယ်လိုဆိုးတယ် ဘယ်လိုကောက်ကျစ်ယုတ်မာတယ်ဆိုတာ ညီမနားမဆန့်အောင် ကြားသိထားပြီးပါပြီ... အဓိကဆုံးဖြတ်တဲ့အပိုင်းကိုသာ ပြောပြပါရှင်... "

ချင်းဖုန်း သက်ပြင်းချလိုက်၏။

သူက ယဉ်ယဉ်အား ကြည့်လိုက်ပြီး...

"အစ်ကို ဟန်ကျိုးနဲ့ လက်တွဲဖို့ ဆုံးဖြတ်လိုက်ပါပြီ... "

"ရှင်... "

ယဉ်ယဉ် ပါးစပ်အဟောင်းသား ဖြစ်သွား၏။

ပြောမည်ပြောတော့လည်း ချင်းဖုန်းက တုံးတိတိပြောချလိုက်သည်။

သို့သော်...

သူပြောလိုက်သော စကားတစ်ခွန်းမှာ အဓိပ္ပါယ်ထောင်သောင်းမက ရှိနေပေသည်။

ဟန်ကျိုးသည် မီးနဂါးဂိုဏ်းအား ဆန့်ကျင်နေသူ မဟုတ်ပါလား... ။

. ဟန်ကျိုးနှင့်လက်တွဲမည်ဆိုခြင်းသည် မီးနဂါးအဖွဲ့အား ဆန့်ကျင်တော့မည်ဟု ဆိုလိုခြင်းပင် ဖြစ်ပေတော့သည်။

မီးနဂါးအဖွဲ့ကား အလွန်ခိုင်မာတောင့်တင်းပြီး ထိပ်တန်းသိုင်းပညာရှင်များ စုဝေးနေသော အဖွဲ့ဖြစ်သည်။

မီးနဂါးအဖွဲ့အား အာခံမည့်သူများကို ပြင်းပြင်းထန်ထန် နှိပ်ကွပ်တတ်သည်။ မီးနဂါးဂိုဏ်း၏ သူလျှိုများသည် နေရာတိုင်း၌ ထိုးဖောက်စိမ့်ဝင်လျက်ရှိသည်။

ချင်းဖုန်းသည် ကိုယ့်ကိုယ်ကို သေမိန့်ချမှတ်လိုက်ပြီဟုလည်း ယူဆမိလေ၏။

သို့သော်...

သူမ တားဆီးရန် စိတ်မကူးချေ။

ချင်းဖုန်း၏ လုပ်ရပ်သည် မှန်ကန်သော လုပ်ရပ်ဟု ယူဆထား၏။

သူမသည် မီးနဂါးအဖွဲ့၏ ရက်စက်မှုများကို သိုင်းလောကသားဖြစ်လျက် လျစ်လျူရှုထားခဲ့သည်ကို အမြဲတမ်း မလုံမလဲ ဖြစ်နေခဲ့ရ၏။

ယခုတော့...

သူမ၏ သံသယများ ရှင်းသွားပေပြီ။

တတ်မြောက်ထားသော သိုင်းပညာဖြင့် အသက်ပင်သေသေ အများအကျိုးဆောင်ရွက်မည်ဟူသော သိုင်းသမားကောင်းတစ်ယောက်၏ ဝတ္တရားကျေပွန်အောင် ထမ်းဆောင်နိုင်တော့မည် ဖြစ်သည်။

ယဉ်ယဉ်ရယ်မောလိုက်သည်။

"အစ်ကို့ ဆုံးဖြတ်ချက် မှန်ပါတယ်ရှင်... ညီမတို့ဟာ စည်းစိမ်ဥစ္စာမက်မောတွယ်တာပြီး အများအကျိုးကို လျစ်လျူရှုမထားသင့်ဘူး မဟုတ်လား... အစ်ကို့စိတ်ထဲမှာ ဘယ်လိုခံစားရတယ်ဆိုတာ ညီမ နားလည်သဘောပေါက်ပါတယ် အစ်ကို... "

ချင်းဖုန်းက...

"ညီ... ညီမ သဘောတူတယ် ဟုတ်လား... "

"အစ်ကို ကောင်းမြတ်တဲ့ အလုပ်လုပ်တာ ညီမတားစရာ အကြောင်းမရှိပါဘူး... ဒါပေမယ့် အန္တရာယ်များလှတာမို့ အစ်ကိုသတိထားဖို့တော့ လိုလိမ့်မယ်... "

ချင်းဖုန်း ခေါင်းညိတ်လိုက်သည်။

"စိတ်ချ... ဟန်ကျိုးနဲ့ လက်တွဲဖို့ ဆုံးဖြတ်လိုက်ကတည်းက အန္တရာယ်နဲ့ ရင်ဆိုင်ရတော့မယ်ဆိုတာ သိပြီးသားပါ... ဒါတွေကို အစ်ကို စဉ်းစားပြီးမှ ဆုံးဖြတ်ခဲ့တာပါ... "

"အစ်ကို... "

"ပြောပါ ညီမ... "

"အစ်ကို သဘောတူမယ်ဆိုရင် ညီမလည်း အစ်ကိုနဲ့ အတူတူ အများအကျိုးဆောင်ရွက်ပါရစေလားရှင်... "

ထိုစကားကြောင့် ချင်းဖုန်း၏ မျက်နှာညိုသွားသည်။

ယဉ်ယဉ်ကို စိုက်ကြည့်ရင်း...

"အစ်ကို ပြောလိုက်ရင် ညီမလည်း ပါဝင်လာချင်မယ်ဆိုတာ အစ်ကို သိပါတယ်... ဒါပေမယ့် အစ်ကိုတောင်းပန်ပါရစေ... အစ်ကိုတို့သားသမီးတွေရဲ့ ရှေ့ရေးက ရှိသေးတာမို့ ညီမသူတို့ကို လျစ်လျူရှုထားဖို့ဆိုတာ မဖြစ်နိုင်သေးဘူး... "

"အစ်ကိုက ဟန်ကျိုးနဲ့ လက်တွဲတာကို မီးနဂါးဂိုဏ်းက သိသွားရင် ညီမတို့ မိသားစုကော အေးအေးဆေးဆေး နေရပါတော့မလား... သည်တော့မထူးပါဘူးရှင်... "

"ဟုတ်ပြီလေ... အစ်ကိုဆိုလိုတာဟာ အစ်ကိုက ဟန်ကျိုးတို့နဲ့ လက်တွဲပြီး သွားလာလှုပ်ရှားနေချိန်မှာ ညီမက ကလေးတွေတာဝန်ယူဖို့ ပြောထားတာပါ... နှစ်ယောက်စလုံး ထွက်ပြီးလှုပ်ရှားရင် ကလေးတွေရဲ့ ရှေ့ရေးစိတ်မအေးရဘူး မဟုတ်လား... ပြီးတော့ အစ်ကိုတို့က သိပ်ထင်ထင်ပေါ်ပေါ်ကြီး လှုပ်ရှားမှာ မဟုတ်ပါဘူး... အနည်းဆုံး ငါးနှစ်လောက်ကြာမှသာ အစ်ကိုတို့အကြောင်း မီးနဂါးဂိုဏ်းက သိနိုင်မယ်လို့ ယုံကြည်တယ်... အိမ်က တစ်ခါတည်းထွက်သွားမှာလည်း မဟုတ်ဘူး... အကြောင်းကိစ္စပေါ်လာရင် ခရီးထွက်မယ်... ကျန်တဲ့အချိန်မှာ အိမ်မှာပဲ ဟန်မပျက်နေမယ်... "

ယဉ်ယဉ်ခေါင်းညိတ်လိုက်သည်။

"ကျွန်မ သဘောပေါက်ပါပြီ... အစ်ကိုကောင်းမယ်ထင်သလို သာ စီစဉ်ပါ... ကလေးတွေအတွက် ကျွန်မ တာဝန်ယူပါတယ်... "

ချင်းဖုန်း အားပါးတရ ပြုံးလိုက်သည်။

ယဉ်ယဉ်ကို ရွှန်းရွှန်းစားစား ကြည့်ရင်း...

"ညီမလောက် အစ်ကို့အပေါ် နားလည်နိုင်တဲ့လူ လောကမှာ မရှိဘူးဆိုတာ အစ်ကိုသဘောပေါက်ပါတယ်... ကဲ... ကလေးတွေကို သိုင်းပညာသင်ပေးဖို့ ဆွေးနွေးကြရအောင်... "

"အစ်ကို့မှာ အကြံရှိပြီ ထင်တယ်... "

"ဟုတ်တယ်... "

"ပြောပါဦး... ဘယ်လိုအကြံများလဲဟင်... "

"ကလေးတွေကို အမြန်ဆုံး တတ်မြောက်သွားအောင် အစ်ကို ရဲ့ မိဘဘိုးဘွားများ လက်ထက်ကတည်းက အသုံးပြုခဲ့တဲ့ ချင်းမိသားစုပိုင်တဲ့ သိုင်းပညာနဲ့ ညီမရဲ့ သိုင်းပညာကို အဓိက သင်ကြားပေးဖို့ပဲ... "

"ညီမ သဘောတူတယ်... ညီမရဲ့ မိဘဘိုးဘွားလက်ထက်ကတည်းက ကိုယ်ပိုင်ရပ်တည်နိုင်ခဲ့တဲ့ သိုင်းပညာကို သင်ပေးမယ်... ညီမစိတ်ထင် သူတို့ ကြိုးစားမယ်ဆိုရင် တစ်နှစ်အတွင်း ကျမ်းကျမ်းကျင်ကျင် တတ်မြောက်သွားနိုင်တယ်... "

ချင်းဖုန်းက...

"ဟုတ်တယ်... ဒါပေမယ့် အစ်ကိုတို့ အခက်အခဲတစ်ခုကိုတော့ ရင်ဆိုင်ရလိမ့်မယ်ကွယ့်... "

ယဉ်ယဉ် မျက်မှောင်ကြုတ်လိုက်သည်။

"ဘာများလဲဟင်... "

"မိဘမျိုးရိုးပိုင် သိုင်းပညာဆိုတော့ ကိုယ့်ရဲ့ သားစဉ်မြေးဆက် အမွေဆက်ခံသင်ကြားပေးရတာ မဟုတ်လား... "

"ဟုတ်တယ်လေ... ညီမကိုလည်း ညီမရဲ့ မိဘတွေက သင်ကြားပေးခဲ့တာပဲ... ညီမရဲ့ သားသမီးတွေကို ပြန်သင်ပေးခွင့်ရှိတာပေါ့... "

ချင်းဖုန်း သက်ပြင်းချလိုက်၏။

"အင်း... အဲဒါ အခက်အခဲတစ်ခု ဖြစ်လာတာပေါ့... "

ယဉ်ယဉ် မျက်မှောင် ကုတ်လိုက်၏။

"အစ်ကိုဘာတွေ ခက်ခဲနေတာလဲ... ကျွန်မတော့ နားမလည်နိုင်တော့ဘူး ရှင်းပြပါဦး... "

ချင်းဖုန်းက...

"ကိုယ့်သားသမီးကို သိုင်းပညာဆင့်ပွား သင်ကြားပေးနိုင်ပေမယ့် သူစိမ်းတစ်ယောက်ကို သင်ပေးလို့မရဘူးလို့ ကတိခံထားတော့ အစ်ကိုတို့ သားကြီးအတွက် ဘယ်လိုလုပ်ရမှန်း အစ်ကိုစဉ်းစားမရနိုင် ဘူးပေါ့ကွယ်... "

ထိုစကားကြားမှ ယဉ်ယဉ်လည်း ငိုင်သွား၏။

သူတို့နှစ်ယောက် စကားမပြောကြတော့ဘဲ တိတ်ဆိတ်နေ၏။

အခန်းထဲ၌ သက်ရှိလူသားတစ်ယောက်တစ်လေမျှပင် မရှိသည့်အလား အပ်ကျသံကြားရလောက်အောင်ပင် တိတ်ဆိတ်သွားခြင်း ဖြစ်လေသည်။

အတော်ကလေးကြာမှ...

အခန်း၏ တိတ်ဆိတ်မှုကို ယဉ်ယဉ်ကဖြိုခွဲလိုက်၏။

"အစ်ကို... "

"ပြောပါညီမ... "

"သားကြီးကို သင်ပေးလို့ မဖြစ်ဘူးလားဟင်... "

ချင်းဖုန်း သက်ပြင်းဟူးခနဲ ချလိုက်ပြန်သည်။

"သင်ပေးချင်တာပေါ့ ညီမရယ်... ဒါပေမဲ့ အစ်ကိုသိုင်းပညာသင်ကတည်းက ကိုယ့်သွေးကိုယ့်သားမဟုတ်ဘဲ ဆင့်ပွားသင်မပေးပါဘူးလို့ ကတိသစ္စာပြုခဲ့ရတာကို စဉ်းစားမိလို့ပါ... "

ယဉ်ယဉ်က ပြတ်သားသော လေသံဖြင့်...

"ညီမလည်း သည်လိုကတိခံခဲ့ရတာပဲ... သားကြီးဟာ ညီမတို့သားအရင်းမဟုတ်ဘဲ မွေးစားခဲ့တာဆိုပေမယ့် သည်ကိစ္စကို အစ်ကိုနဲ့ ညီမကလွဲပြီး ဘယ်သူမှသိကြတာ မဟုတ်ဘူး... ပြီးတော့ သားကြီးကို ညီမရဲ့သားအရင်းလိုပဲ သဘောထားတယ်... သူဟာ မွေးစားထားတယ်ဆိုပေမယ့် ညီမရဲ့သားပဲ... ဒါကြောင့် ညီမရဲ့ သိုင်းပညာကို သင်ပေးရမှာပဲ... "

သူ၏ စကားကြားသည့်အခါ ချင်းဖုန်းမှာ အခက်အခဲတစ်ခုမှ လွတ်မြောက်သွားသူပမာ ပေါ့ပါးလန်းဆန်းသွားလေသည်။

"အင်း... ညီမစကားက အားရစရာ ကောင်းလိုက်တာ... အစ်ကိုက ညီမလို ပြတ်ပြတ်သားသား ဆုံးဖြတ်ချက် မချနိုင်ခဲ့ဘူး... မွေးစားသား ဖြစ်နေတော့ သိုင်းပညာသင်ပေးရင် ကတိဖောက်ဖျက်သလို ဖြစ်မှာစိုးရိမ်မိတယ်လေ... ဒါပေမယ့် သားကြီးဟာ မွေးစားသားဆိုပေမဲ့ အစ်ကိုတို့ သားပါပဲ... အစ်ကိုတို့ မွေးစားထားတာလည်း သိတဲ့လူမှ မရှိဘဲ... "

ယဉ်ယဉ်က ပြုံးလိုက်၏။

"ကဲ... အစ်ကို ဆုံးဖြတ်ချက်ချလိုက်ပြီဆိုရင် ကလေးတွေကို အသိပေးလိုက်ရအောင်... သူတို့ကိုအသင့်ပြင်ခိုင်းပြီး မနက်ဖြန် မနက်မိုးလင်းတာနဲ့ စပြီး သင်ပေးတာပေါ့... "

"ကောင်းတယ်... အစ်ကိုက အလျင်သင်ပေးမယ်... ဒါမှ အစ်ကိုခရီးတွေ ဘာတွေထွက်ဖြစ်ခဲ့ရင် အချိန်နှောင့်နှေးမှုကို ဖာထေးနိုင်မယ် မဟုတ်လား... "

"ကောင်းပါတယ်... အစ်ကို အလျင်စသင်ပေါ့... "

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ရွှန်းရွှန်းစားစား ကြည့်လိုက်ကြ၏။

သူတို့နှစ်ယောက်သည် သားသမီးများ၏ ရှေ့ရေးအတွက် လုံးပန်းပေးနေစဉ် သူတို့ ပြောဆိုနေသော စကားများကို လူတစ်ယောက်

က ချောင်းမြောင်းနားထောင်နေပြီး တိတ်တဆိတ် ထွက်ခွာသွားသည်ကို သတိမမူ မိခဲ့ကြချေ။

ထိုလူသည်အခန်းထဲမှ ယဉ်ယဉ်ထွက်မလာမီ ခြေသံမကြားအောင် ခြေဖျားထောက်ကာ အလျင်ဦးအောင် ထွက်ခွာသွားခဲ့လေတော့သည်။

❦ ❦ ❦

အခန်း [၂၂]

ပစ္စုပ္ပန်ကို ပီးရှိသူ

နေခြည်ဖြာ ကျနေ၏။

ကောင်းကင်တစ်ခုလုံး သာယာလှပနေသည်။

ထိုအချိန်...

ပန်းဥယျာဉ်တစ်ခုအတွင်း၌ လူတစ်ယောက် အလုပ်ရှုပ်နေ၏။

ထိုလူမှာ ချင်းလွေပင် ဖြစ်ပေတော့သည်။

"အစ်ကိုကြီး.... အစ်ကိုကြီး.... "

ချိုလွင်သာယာသော ခေါ်သံကိုကြားလိုက်ရ၏။

ခေါ်သံကြောင့် ချင်းလွေသည် လက်ထဲမှ ပန်းအိုးကို မြေပေါ်ချကာ လှည့်ကြည့်လိုက်၏။

ထိုအခါ ချင်းချင်းပြေးလာနေသည်ကို တွေ့ရ၏။

ချင်းချင်းသည် သဘောကောင်းပြီး သည်းခံသွာတာသော ချင်းလွေကို အလွန်ချစ်မြတ်နိုးသည်။

အစ်ကိုအကြီးဆုံးလည်း ဖြစ်ရာ ခဲ့ဆိုးဆိုးခြင်းလည်း ဖြစ်၏။

"ငါ့ညီမ မောကြီးပန်းကြီး ပြေးလာရအောင် ဘာတွေများ ဖြစ်နေလို့လဲ... မြို့ထဲလျှောက်လည်ဖို့ ခွင့်ပြုလိုက်လို့ ပျော်နေတာ လား... "

ချင်းလွေက ဆီးကြိုမေးလိုက်သည်။

"အို... ဘယ်ကလာ ဟုတ်ရမှာလဲ... ဒီထက်ပျော်စရာ ကောင်းတဲ့ ကိစ္စရှိလို့ပေါ့... "

သူမ၏ စကားကြောင့် ချွန်းလွေအံ့သြသွား၏။

ချင်းဖုန်းနှင့် ယဉ်ယဉ်တို့သည် တစ်ဦးတည်းသော သမီးက လေး ချင်းချင်းအပေါ် ကြပ်ကြပ်မတ်မတ် ထိန်းကျောင်းသည်။ မြို့ထဲသို့ ထွက်ကာ လည်ပတ်သည်ကိုပင် ယဉ်ယဉ်က တာဝန်ယူကာ လိုက်ပို့ပေးရ၏။

သို့သော်...

ချင်းလွေအပေါ် ယုံကြည်အားကိုးလာကြသောအခါ မိဘများ ကိုယ်တိုင်လိုက်မပို့နိုင်လျှင် မိဘကိုယ်စား အစ်ကိုအကြီးဆုံး ချင်းလွေက လိုက်ပို့ပေးရလေ၏။

ချင်းလွေအား ချင်းချင်းက နိုင်ချင်တိုင်းနိုင်သဖြင့် ချင်းချင်း အဖို့မိဘများနှင့် သွားလာလည်ပတ်ရသည်ထက် ပိုမိုလွတ်လပ်ပြီး လွန်စွာ ပျော်ရွှင်ခဲ့ပေသည်။

ချင်းချင်းအဖို့ ထိုအရာထက် ပျော်ရွှင်စရာ ကောင်းသည့်ကို ဆိုခြင်းကြောင့် မည်သည့်ကိစ္စဖြစ်သည်ကို စဉ်းစားမရတော့ချေ။

ချင်းလွေက မေးမြန်းလေ၏။

"ဘယ်လိုများ ပျော်စရာကိစ္စလဲ... အစ်ကိုကြီးကို ပြောပါဦး... "

ချင်းချင်းကပြော၏။

"မေမေက ပြောတယ်... မနက်ဖြန်ကစပြီး ညီမတို့ကိုထိပ်တန်းသိုင်းပညာတွေ သင်ပေးတော့မယ်တဲ့... ငါးနှစ်တိတိ သိုင်းပညာ သင်ပြီးရင် သိုင်းလောကထဲ ခြေချနိုင်ပြီတဲ့... ပြီးတော့ မေမေက ပြော သေးတယ်... ကြိုးစားပြီး ဉာဏ်ပညာကောင်းတဲ့ အစ်ကိုကြီးဆိုရင် သုံးနှစ်လောက်ပဲ သင်ဖို့လိုလိမ့်မယ်... အချိန်တိုတိုနဲ့ ထိပ်တန်းသိုင်း ပညာတွေ တတ်သွားမယ်တဲ့... "

ထိုစကားသည် ချင်းလွေ လုံးဝမျှော်လင့်မထားသော စကား ဖြစ်ပေသည်။

မယုံကြည်နိုင်လွန်းသဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွား လေတော့သည်။

"အစ်ကိုကြီး ဘယ်လိုဖြစ်သွားရတာလဲ... ညီမပြောတာ မကြားဖူးလား... "

"ကြားပါတယ်... ညီမပြောတာ အမှန်ပဲနော်... အစ်ကိုကြီး အသက်နှစ်ဆယ်ပြည့်ပြီးမှ သင်ပေးမယ်လို့ တစ်ခါက ဖေဖေပြောဖူး တာကို စဉ်းစားမိလို့ပါ... "

"အို... ဖေဖေ စိတ်ထားပြောင်းသွားပြီလို့မေမေပြောတယ်... မနက်ဖြန်မနက်က စပြီး သင်ပေးမှာတဲ့... "

ချင်းလွေ၏ ရင်ထဲထူးခြားသော ခံစားချက်များ ဖြစ်ပေါ်လာ၏။

ဖခင်ဖြစ်သူသည် စကားကို တိတိကျကျ ပြောလေ့ရှိပြီး ပြောသည့်အတိုင်း လုပ်လေ့ရှိသူ ဖြစ်ကြောင်းနားလည်ထားသည်။

ယခု စိတ်ထားပြောင်းကာ ချက်ချင်းလက်ငင်း သင်ပေးတော့မည်ဟု ဆိုခြင်းကြောင့် အကြောင်းတစ်ခုခု ရှိရမည်ဟု ချင်းလွေတွေးမိလိုက်၏။

"အစ်ကိုကြီး... ငူငူငိုင်ငိုင်နဲ့ ဘာလုပ်နေတာလဲ... အစ်ကိုကြီး ဝမ်းမသာဘူးလား... ညီမတော့ သိပ်ပျော်တာပဲ... "

ချင်းလွေ သက်ပြင်းချလိုက်သည်။

"အစ်ကိုကြီးလည်း ဝမ်းသာပါတယ် ညီမရယ်... "

"ဟွန်း... အစ်ကိုကြီး ဝမ်းသာတာက ဘယ်လိုမှန်းလည်း မသိဘူး... ဘာလဲ... သိုင်းပညာသင်ရတာကိုသဘောမကျဘူးလား... "

"အို... ဘာဖြစ်လို့ သဘောမကျရမှာလဲ... အစ်ကိုကြီးလည်း သင်ချင်တာပေါ့... "

"တော်ပြီ... တော်ပြီ... အစ်ကိုကြီးနဲ့ စကားပြောရတာ ပျော်စရာ မကောင်းဘူး... အစ်ကိုလတ်ကိုပဲ သွားပြောတော့မယ်... "

စကားဆုံးသည်နှင့် ပြေးထွက်သွားရန် ခြေလှမ်းပြင်လိုက်၏။

"ညီမလေး... "

ချင်းလွေက ချင်းချင်း၏ လက်ကို လှမ်းဆွဲထားလိုက်သည်။

ချင်းရှမ်းမှာ... ဖခင်အပြစ်ပေးထားခြင်းကြောင့် ဒေါပွေနေ

ကြောင်း သိထား၏။

ချင်းရှမ်းသည် စိတ်မထင်သလို ချင်းချင်းကို ရန်ရှာတတ်ပေသည်။

ချင်းချင်းအတွက် စိုးရိမ်ကာ ဟန့်တားလိုက်၏။

ချင်းချင်းက ရုန်းဖယ်ရင်း...

"လွတ်ပါ... အစ်ကိုကြီးနဲ့ စကားမပြောချင်ပါဘူး... ညီမလေးကတော့ အစ်ကိုကြီးကို ချစ်လိုက်ရတာ... အစ်ကိုကြီးကတော့ အေးတိအေးစက်နဲ့ ဝမ်းသာစရာ သတင်းလာပြောတာတောင် ငိုင်နေတယ်... ဘာမှန်းလဲ မသိဘူး... "

ချင်းလွေက ရှင်းပြရန် ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင်...

"ညီမလေး လက်ကို လွတ်လိုက်စမ်း... "

ရုတ်တရက် ထွက်ပေါ်လာသော အော်ငေါက်သံကြောင့် ချင်းလွေနှင့်ချင်းချင်းတို့ ပြိုင်တူလှည့်ကြည့်မိလိုက်ကြသည်။

ထိုအခါ တင်းမာသော မျက်နှာထားဖြင့် သူတို့ထံ လျှောက်လာနေသော ချင်းရှမ်းကို တွေ့မြင်လိုက်ရလေတော့သည်။

ချင်းရှမ်း၏ မျက်နှာထားတင်းမာ ခက်ထန်နေသည်။

ခြေလှမ်းကျဲကျဲဖြင့် လျှောက်လာပြီး ချင်းချင်း၏ လက်ကို ဖမ်းဆုပ်ထားသော ချင်းလွေ၏လက်ကို ပုတ်ထုတ်လိုက်၏။

"ဒါ ဘာလုပ်တာလဲ... လွတ်လိုက်စမ်း... "

ချင်းလွေနှင့် ချင်းချင်းတို့ အံ့သြသွားကြ၏။

ချင်းချင်းမှာ လက်နှာသွားခြင်းကြောင့် ဒေါပွသွားပြီး...

"အစ်ကိုလတ်... ဘယ်လိုလုပ်လိုက်တာလဲ... မေမွေးကို သွား တိုင်ပြောမယ်... "

ခြေဆောင့်ကာ ပြောလိုက်လေသည်။

ချင်းလွေကလည်း ကြောင်အမ်းအမ်းဖြင့် မေးလိုက်၏။

"ညီလေး ဘယ်လိုဖြစ်တာလဲ... "

ချင်းရှမ်းမှာ နှာခေါင်းရှုံ့ရင်း...

"ဘာလုပ်ရမှာလဲ... ကျုပ်ညီမလက်ကို မကိုင်စေချင်လို့ပေါ့ ဗျာ... "

"ဘာ... "

"ခင်ဗျား... ကျုပ်ညီမကို လုံးဝထိစရာ မလိုဘူး... ကျုပ်ညီမ နဲ့ ဝေးဝေးနေပါ... "

"ညီလေး... မင်း... "

မမျှော်လင့်သော စကားကြောင့် ချင်းလွေမှာ မည်သို့ ပြန် ပြောရမှန်း မသိအောင် ဖြစ်သွားသည်။

ချင်းရှမ်းပြောသော စကားများကိုလည်း နားမလည်နိုင်ဘဲ ဖြစ်နေ၏။

ချင်းရှမ်းသည် သူ့အပေါ် ရိုင်းရိုင်းပျပျ ဆက်ဆံသည့် အပြင် အစ်ကိုတစ်ယောက်လို သဘောမထားကြောင်း ပေါ်လွင်ထင်ရှားနေ ၏။

ချင်းရှမ်းသည် သူ့အား မကြာခဏ မကျေမနပ်ဖြစ်လေ့ဖြစ်

ထရှိသော်လည်း ယခုလိုရိုင်းရိုင်းပျပျ ဆက်ဆံပုံးခြင်း မရှိပါချေ။

ချင်းရှမ်းကို နားမလည်နိုင်စွာ ကြည့်ရင်း...

"ညီလေး... မင်းဘယ်လို ဖြစ်လာတာလဲ... "

"ခင်ဗျား ကျုပ်ကို ညီလေးလို့ မခေါ်နဲ့... ဖြစ်နိုင်ရင် ခင်ဗျား ကို အခုချက်ချင်း ဒီခြံထဲက မောင်းထုတ်ပစ်လိုက်ချင်တာ... ဖေဖေ မေမေတို့ ရှိနေသေးလို့ပေါ့... ပြီးတော့ ကျုပ်တို့ မျိုးရိုးသိုင်းပညာ ကိုလည်း အချောင်ဝင်သင်ဦးမယ်... ထို့... ရွံစရာ ကောင်းလိုက်တာ ဗျာ... "

ချင်းချင်း ထွက်မသွားနိုင်တော့ချေ။

ချင်းလွေအား ရိုင်းစိုင်းမောက်မာစွာ ပြောဆိုဆက်ဆံနေ သော ချင်းရှမ်းအား ကြည့်ကာ ခံပြင်းဒေါသ ထွက်လာလေသည်။

"အစ်ကိုလတ်... အစ်ကိုလတ် ဘာတွေ လျောက်ပြောနေ တာလဲ... "

"ဘာပြောရမှာလဲ... ငါကမှန်တာပြောနေတာ... "

"အစ်ကိုလတ် တော်တော်ရိုင်းတယ်... အစ်ကိုကြီးကို စော် ကားမော်ကားပြောတာ ဖေဖေနဲ့တိုင်မယ်... လာ... အစ်ကိုကြီး ဖေဖေ့ဆီသွားမယ်... "

ယခုအချိန်တွင် ဖခင်ဖြစ်သူအား သွားရောက်တိုင်ကြားလျှင် ချင်းရှမ်းမှာ ပို၍ ကြီးလေးသော အပြစ်ပေးခံရမည် ဖြစ်ကြောင်း ချင်း လွေ ဆင်ခြင်မိလေ၏။

ထို့ကြောင့် ခေါင်းယမ်းရင်း...

"မသွားပါနဲ့ ညီမလေးရယ်... ညီလေးတစ်ခုခု ဖြစ်လာလို့ နေမှာပေါ့... ဟုတ်တယ် မဟုတ်လား... ညီလေး... "

ချင်းရှမ်း ရယ်မောလိုက်လေသည်။

"ဟား... ဟား... ဟား... ဖေဖေ့ကို သွားတိုင်လို့ ကြောက်မယ်များ ထင်နေသလား... သွားတိုင်လေ... အခုသွားတိုင်ကြ... ဟင်း မွေးစားသားက လူပါးဝလို့ နေရာတကာ ဝင်ဆရာလုပ်ချင်တယ်..."

"ဘာ... "

ချင်းချင်းနှင့် ချင်းလွေတို့မှာ ကြောင်အမ်းအမ်းဖြစ်သွားကြ၏။

ချင်းချင်းက...

"အစ်ကိုလတ် ဘယ်လိုပြောလိုက်တယ်... "

"ဘယ်လိုပြောရမှာလဲ... ဟုတ်လို့ ဟုတ်တယ်ပြောတာပေါ့ သူက တို့အစ်ကိုရင်းမဟုတ်ဘူး... မွေးစားသား... သူနေရာတကာ ဆရာလုပ်တာခံရမှာလား... ဟွန့်... ကြိုးကြိုးကျယ်ကျယ် သူကပဲတို့ မျိုးရိုးစဉ်ဆက် စောင့်ထိန်းရတဲ့ သိုင်းပညာကို သင်ချင်သေးတယ်... ကိုယ့်အဖေအမေ ဘယ်သူလည်းဆိုတာ မသိရတဲ့ ဘဝကို နားမလည်ဘူး... တို့မိဘတွေ မွေးစားထားလို့ အခုလို ကောင်းကောင်းမွန်မွန် နေရတာ... သူကိုယ်သူ ဟုတ်ပြီထင်နေတယ်... ထွီ... "

ချင်းချင်းက ချင်းလွေကို ကြည့်လိုက်သည်။

ချင်းလွေသည် ချင်းရှမ်းကို စိုက်ကြည့်နေ၏။

သူ၏ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်နေသည်။

"ညီ... ညီလေး... "

"ခင်ဗျားကျုပ်ကို ညီလေးလို့ မခေါ်နဲ့... ခင်ဗျား ကျုပ်အစ်ကို အရင်း မဟုတ်ဘူး... "

"ထားပါတော့လေ... ကျုပ်ကို မွေးစားသားလို့ ဘယ်သူပြောတာလဲ... "

ချင်းလွေ၏ စကားအသုံးအနှုန်းနှင့် လေသံပြောင်းလဲသွားကြောင်းချင်းချင်း ချက်ချင်း ရိပ်မိလိုက်၏။

"ဟား... ဟား... ဘယ်သူပြောရမှာလဲ... ဖေဖေနဲ့မေမေ ပြောနေတာ ကျုပ်နားနဲ့ ဆတိုဆတ်ကြားခဲ့တာဗျ... ခင်ဗျားမွေးစားသားတဲ့... ဒါကြောင့် ကျုပ်တို့ မိဘမျိုးရိုးရဲ့ မူပိုင်သိုင်းပညာ သင်ပေးသင့် မပေးသင့်ကို တိုင်ပင်ဆွေးနွေးနေကြတာပဲ... "

"ညီ... ညီလေး... မင်းတကယ်ပြောတာနော်... "

"အို... စကားရှည်တယ်ဗျာ... မွေးစားသားဟာ မွေးစားသားပေါ့... ဘာလဲ... ခင်ဗျားက ကျုပ်တို့ လိုချင်းအမျိုးအနွယ်ဖြစ်ချင်လို့လား... ဘယ်သူ့ကို အဖေအမေခေါ်ရမှန်းမသိတဲ့ လူက မစဉ်းစားစမ်းပါနဲ့ဗျာ... "

"ဟာ... မင်း... ကဲကွာ... "

"ခွပ်... "

ချင်းရှမ်းက ရိုင်းရိုင်းပျပျ ရင့်ရင့်သီးသီး ပြောလိုက်၏။

ချင်းလွေ မည်သို့မျှ စိတ်မထိန်းနိုင်တော့ပါချေ။

မွေးစားသားဆိုသော စကားလုံးသည် သူ၏ဘဝကို နင်းချေ ဖျက်ဆီးပစ်လိုက်သည်ဟု ခံစားရ၏။

ထို့ပြင် မွေးစားသားဆိုသော စကားလုံးအား အရသာခံကာ တနှင့်တပိုး ပြောနေသော ချင်းလွေကိုလည်း သည်းမခံနိုင်တော့ချေ။

ထို့ကြောင့်...

ရှေ့သို့ လျှပ်တစ်ပြက်တိုးသွားပြီး လက်သီးဖြင့် ထိုးချလိုက်ခြင်းဖြစ်ပေတော့သည်။

တစ်သက်လုံး ချစ်ချင်တွယ်တာပြီး အနှံတာခံခဲ့သော ညီလေးအား ပထမဆုံးအကြိမ် စိတ်လိုက်မာန်ပါ လက်သီးဖြင့် ထိုးမိခြင်းဖြစ်ပေသည်။

ချင်းလွေ၏ ရင်ထဲ နာကျင်လာသည်။

မျက်ဝန်းအစုံမှ မျက်ရည်ပူများလည်း ထိန်းမနိုင် သိမ်းမရ ကျဆင်းလာ၏။

ချင်းလွေမှာ လက်သီးချက်မိသွားသဖြင့် မြေပေါ်ဖင်ထိုင်လဲ ကျသွား၏။

သူ၏နှုတ်ခမ်းကွဲသွားပြီး သွေးများ ထွက်လာလေသည်။

ချင်းလွေ၏ မျက်လုံးများ မီးခင်းဝင်းတောက်သွား၏။

"ခင်ဗျားကို ကျုပ်က အစ်ကိုဆိုပြီး ကြည့်နေတာ... ကျုပ်အစ်ကို မဟုတ်မှန်း သိပြီး ဘာမှငဲ့ညာစရာ မလိုဘူး... ကျုပ်ပါးစပ်က သွေးထွက်သလို ခင်ဗျားကိုယ်ထဲက သွေးနှစ်ဆ ပြန်ထွက်စေရမယ်..."

ပြောရင်း ချင်းလွေအား တိုက်ခိုက်လိုက်လေသည်။

ချင်းလွေမှာ စိတ်လိုက်မာန်ပါ လက်သီးဖြင့် ထိုးချပြီးမှ သတိဝင်လာ၏။

ထို့ကြောင့် ချင်းရှမ်းကို ပြန်လည်တိုက်ခိုက်ခြင်း မပြုတော့ဘဲ ရှောင်တိမ်းပေးလိုက်လေသည်။

ချင်းရှမ်းနှင့် ချင်းလွေတို့ အချင်းများနေကြသည်ကို တွေ့လျှင် ချင်းချင်းမနေနိုင်တော့ပါချေ။

"အစ်ကိုလတ်... မလုပ်ပါနဲ့... "

"အစ်ကိုကြီးလည်း တော်ပါတော့... "

ကြားမှ အော်ဟစ်ငိုယိုကာ ဝင်ဆွဲလေသည်။

သို့သော်ချင်းရှမ်းက လက်မခံဘဲ တရကြမ်းတိုက်ခိုက်နေသည်။

"ညီမလေး... ဖယ်စမ်း... ဒီလူပါးဝတဲ့ မွေးစားသားကို ဆုံးမရမယ်... "

ချင်းချင်းသည် မည်သို့မျှဆွဲ၍ မရသည့်နောက်ဆုံး...

"မေမေရေ... မေမေ... ဟောဒီမှာ ရုန်ဖြစ်နေကြတယ်... လာပါဦး... အစ်ကိုလတ်ကို ဆွဲလို့ကိုမရဘူး... "

အော်ဟစ်တိုင်ကြားလိုက်လေတော့သည်။

သူမ၏ အသံစူးစူးကလေး ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

မရွေးမနှောင်းမှာပင် လူရိပ်နှစ်ခု ပန်းဥယျာဉ်အတွင်းသို့ ပြေးလွှားရောက်ရှိလာကြ၏။

ထိုလူရိပ်နှစ်ခုမှာ ချင်းဖုန်းနှင့် ယဉ်ယဉ်တို့ ဖြစ်ကြသည်။

မိခင်နှင့် ဖခင်တို့ ရောက်ရှိလာသဖြင့် ချင်းရှမ်းက ဆက်ပြီး တိုက်ခိုက်ခြင်း မပြုဝံ့တော့ဘဲ ရပ်လိုက်၏။

ထိုအချိန်၌...

ချင်းလွေမှာ ချင်းရှမ်း၏ လက်သီးချက်များ မိထားသဖြင့် မျက်နှာတစ်ခုလုံး ဖူးယောင်နေပေတော့သည်။

ချင်းရှမ်းနှင့် ချင်းလွေတို့ ရန်ဖြစ်နေကြသည်ကို တွေ့သည့် အခါ ချင်းဖုန်းနှင့် ယဉ်ယဉ်တို့ ထိတ်လန့်တုန်လှုပ်သွားသည်။

သို့သော်...

ချင်းရှမ်းက တစ်ဖက်သတ်လိုက်လံထိုးသတ်နေခြင်း ဖြစ်ကြောင်း ချင်းလွေက ခုခံရှောင်တိမ်းနေခြင်း ဖြစ်ကြောင်းကို ချက်ချင်း ရိပ်မိလိုက်ကြ၏။

သူတို့ ဟန့်တားခြင်း မပြုမီ တိုက်ပွဲ ရပ်သွားပြီ ဖြစ်လေသည်။

ချင်းရှမ်းနှင့် ချင်းလွေတို့ စကားတစ်လုံးမျှ မပြောဘဲ နောက် ဆုတ်ကာ ခေါင်းငုံ့ထားလိုက်ကြလေသည်။

ချင်းဖုန်း မျက်နှာချက်ချင်း အိုစာသွား၏။

လက်နှစ်ဖက် နောက်ပစ်ကာ ချင်းလွေနှင့် ချင်းရှမ်းတို့ကို ၌ သုံးလေးကြိမ် ခေါက်တုံ့ခေါက်ပြန် လျှောက်လိုက်လေသည်။

ပြီးမှ...

"သမီး... ဒီကိုလာစမ်း... "

ခေါ်လိုက်လေသည်။

ယဉ်ယဉ်အနီးမှ ခပ်ကုပ်ကုပ်ကလေး ရပ်နေသည့် ချင်းချင်းမှာ ဖခင်၏ ခေါ်သံကြောင့် ရှေ့သို့ မဝံ့မရဲတိုးလာလေသည်။

ချင်းဖုန်း မေးလိုက်၏။

"အစ်ကိုကြီးနဲ့ အစ်ကိုလတ် ရန်ဖြစ်နေတာကို သမီးအစအဆုံး တွေ့မြင်ရတယ် မဟုတ်လား... "

ချင်းချင်းကလည်း မဝံ့မရဲဖြင့်...

"ဟုတ်... ဟုတ်ကဲ့... တွေ့ပါတယ်ဖေဖေ... "

"ကောင်းပြီ... သမီးတွေ့တဲ့အတိုင်း ပြန်ပြောပြစမ်း... အဝိုတွေ မပါစေနဲ့... လိုပြီး ကျန်ခဲ့တာ မဖြစ်စေနဲ့... တိတိကျကျ မှန်မှန်ကန်ကန်ပဲ ဖေဖေကြားချင်တယ် သမီး... "

"ဟုတ်ကဲ့ပါ ဖေဖေ... "

ချင်းချင်းသည် အဖြစ်အပျက်ကို အမှန်အတိုင်း ပြောပြလိုက်လေသည်။

သူမ၏ စကားကို ချင်းဖုန်းနှင့် ယဉ်ယဉ်တို့ ဂရုတစိုက် နားထောင်နေကြလေသည်။

သူ၏ စကားအဆုံးတွင် ချင်းဖုန်းက ယဉ်ယဉ်အား လှမ်းကြည့်လိုက်သည်။

ယဉ်ယဉ်၏ မျက်နှာဖြူဖတ်ဖြူလျော် ဖြစ်နေပြီး မျက်ဝန်းအစုံ၌ မျက်ရည်များ ရစ်ဝိုင်းနေသည်ကို တွေ့ရ၏။

ချင်းဖုန်း၏ ခန္ဓာကိုယ် ယိမ်းယိုင်မသွားအောင် မနည်းထိန်းထားလိုက်ရ၏။ သူသည် လဲကျတော့မည်ကဲ့သို့ ဖြစ်သွားသည်။

သူတို့ဓနိုးမောင်နှံ တစ်သက်လုံး ထိန်းသိမ်းထားခဲ့သော လှို့ဝှက်ချက် ပေါက်ကြားသွားခဲ့ချေပြီ။

မိသားစု မေတ္တာပျော်စရာ ကမ္ဘာလေးသည် မည်သည့်နည်းနှင့်မျှ ပြန်လည်တည်ဆောက်ခွင့်ရတော့မည် မဟုတ်ချေ။

သူတို့ နှစ်ယောက်စလုံး ချင်းလွေ၏ စိတ်နေသဘာထားကို သိရှိနားလည်ကြသည် မဟုတ်ပါလား... "

ချင်းဖုန်းက ချင်းရှမ်းကို စိုက်ကြည့်လိုက်၏။

"ချင်းရှမ်း... "

ချင်းရှမ်း၏ ခန္ဓာကိုယ်ဆတ်ခနဲ တုန်ခါသွားသည်။

ဖခင်ဖြစ်သူသည် သားဟု အမြဲတမ်း ခေါ်တတ်ပြီး နာမည်တစ်ကြိမ်တစ်ခါမျှ မခေါ်ဘူးပါချေ။

ချင်းရှမ်း ယခုမှ ကြောက်ရွံ့နေ၏။

မျက်နှာငယ်ကလေးဖြင့် ဖခင်ကို မော့ကြည့်ကာ...

"ခင်... ခင်ဗျာ ဖေဖေ... "

"ဖေဖေနဲ့ မေမေ စကားပြောတာကို မင်းချောင်းနားထောင်ခဲ့တယ် မဟုတ်လား... "

"ဟုတ်... ဟုတ်ပါတယ် ဖေဖေ... "

"မင်းမှာ အပြစ်ရှိသလား... မရှိဘူးလား... "

"ရှိ... ရှိပါတယ်... "

"ကောင်းပြီ... ဖေဖေ့နောက်ကို လိုက်ခဲ့... "

စကားဆုံးသည်နှင့် ချင်းဖုန်း ချာခနဲလှည့်ကာ ထွက်သွား၏။

ချင်းရှမ်းက ခေါင်းကလေးငုံ့ကာ လိုက်ပါသွားလေ၏။

ချင်းရှမ်းနှင့် ချင်းဖုန်းတို့ ထွက်ခွာသွားကြပြီ ဖြစ်လေ၏။

ချင်းဖုန်းသည် ချင်းရှမ်းအား အခြေအနေအရပ်ရပ်ကို နားလည်သဘောပေါက်အောင် ရှင်းလင်းပြောပြပြီးနောက် ထိုက်သင့်သလို အပြစ်ပေးမည် ဖြစ်ကြောင်းထင်ရှား၏။

ယခုတစ်ကြိမ်ပေးသော အပြစ်သည် အပြင်းထန်ဆုံး ဖြစ်ပေလိမ့်မည်။

ချင်းဖုန်းတို့ ပျောက်ကွယ်သွားသည့်အခါ ယဉ်ယဉ်က ချင်းလွေကို အတန်ကြာ စိုက်ကြည့်လိုက်ပြီး ခေါ်လိုက်၏။

"သား... "

ချင်းလွေ ခေါင်းမော့လာသည်။

ထို့နောက်...

"မေမေ... "

သူသည် နာကျင်စွာအော်ရင်း ယဉ်ယဉ်၏ ရင်ခွင်ထဲသို့ ဒယီးဒယိုင်ဖြင့် တိုးဝင်သွားတော့သည်။

❦ ❦ ❦

"သားကြီး... "

သူ၏ ခေါင်းမှာ နွေးထွေးမှု ရှိလှပေသည်။

ချင်းလွေ ခေါင်းမော့လာသည်။

သူ၏ မျက်ဝန်းအစုံမှာ မျက်ရည်များ စီးကျလာသည်ကို တွေ့ရလေသည်။

"ခင်ဗျာ... ဖေဖေ... "

ချင်းလွေ၏ အသံသည် ငိုသံပါနေ၏။

တစ်သက်လုံး မိရင်းဖရင်းမှတ်ကာ ချစ်ခင်မြတ်နိုးတွယ်တာခဲ့ရပါသော မိဘနှစ်ပါးသည် မွေးစားမိဘများဖြစ်နေကြသည်။ မိဘအရင်းမဟုတ်ကြောင်း သိရသော်လည်း သူ၏ ရင်ထဲချစ်ခင်လေးစားမှုနှင့် ရိုသေလေးစားမှုကား လျော့ပါးသွားခြင်း မရှိပါချေ။

ထို့အတူ ချင်းဖုန်းနှင့် ယဉ်ယဉ်တို့သည်လည်း သူ၏ဝမ်းနှင့်လွယ်ကာ မမွေးခဲ့ရသည်မှတစ်ပါး ငယ်စဉ်ကလေးဘဝတည်းကပင် ဂရုတစိုက် ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့ရခြင်းကြောင့် သံယောဇဉ်တွယ်တာနေကြသည်။

သားအရင်းပမာ ကြီးမားသော မေတ္တာတရား ဖြင့် ချစ်မြတ်နိုးခဲ့ကြ၏။

ယခုမူ ဝမ်းနည်းကြေကွဲဖွယ်ရာ ကြမ္မာဆိုးကြီးက သူတို့ကို ခြိမ်းခြောက်လာပေပြီ။

ချင်းဖုန်းက မေးလိုက်၏။

"သားဟာ ဖေဖေ့သားပါ... ဟုတ်တယ်မဟုတ်လားဟင်..."

မွေးစားသား၏ ခံစားချက်

ပြတင်းပေါက်တံခါးသည် ဟာလာဟင်းလင်း ပွင့်နေ၏။

ရာသီဥတုကလည်း မသာယာပါ။

ချင်းဖုန်းသည် လက်နှစ်ဖက်နောက်ပစ်လျက် ပြတင်းပေါက်အပြင်ဘက်သို့ မျက်နှာမူကာ ငေးကြည့်နေ၏။

သူ၏ ပါးစပ်၌ ကိုက်ခဲထားသော ဆေးတံမှာ မီးသေနေပြီဖြစ်လေသည်။

ချင်းဖုန်းနှင့် မလှမ်းမကမ်း၌ ချင်းလွေရှိနေသည်။

ချင်းလွေသည် ကြမ်းပြင်ပေါ် ဒူးထောက်လျက် ခေါင်းငုံ့ထားလေ၏။

ချင်းဖုန်း တုတ်တုတ်မျှ မလှုပ်သလို သူလည်း မလှုပ်ပါ။

အတော်ကလေးကြာမှ ချင်းဖုန်း၏ သက်ပြင်းချသံထွက်ပေါ်လာသည်။

ပြီးနောက် ဆေးတံကို ပါးစပ်မှဖြုတ်ကာ စားပွဲပေါ် တင်ထားလိုက်လေသည်။

ချင်းလွေ၏ မျက်ဝန်းအစုံမှ မျက်ရည်များ ထိန်းမနိုင် သိမ်းမ
ရ စီးဆင်းလာလေသည်။

"ဟုတ်... ဟုတ်ပါတယ် ဖေဖေ... "

"သားရယ်... ညီလေး ပြောတဲ့စကားတွေမေ့လိုက်ပါတော့"

"ဖေဖေ... "

"ဘာလဲ သား... "

"ကျွန်... ကျွန်တော်တစ်ခုမေးပါရစေ... "

"မေးလေ... ဘာမေးမလို့လဲ... "

"ကျွန်... ကျွန်တော်ဟာ မွေးစားသားဆိုတာ... "

ချင်းလွေက ချင်းဖုန်း၏ နှုတ်ဖျားမှ ထွက်ပေါ်လာမည့်
စကားကို ကြားလိုရှိ မေးလိုက်ခြင်းဖြစ်သည်။

ချင်းဖုန်းခေါင်းငိုက်စိုက် ကျသွား၏။

"ဟုတ်ပါတယ် သားရယ်... သားကို ဖေဖေတို့ မွေးစားခဲ့ကြ
တယ်ဆိုပေမယ့် သားအရင်းလိုပဲ သဘောထားပါတယ်... သားဟာ
ဖေဖေ့သားပါ... "

ချင်းလွေ၏ ရင်ထဲမှ မျှော်လင့်ချက်များ တစ်မှုတ်ချင်း
ပြိုကွဲသွားတော့၏။

မဟုတ်မှန်းသိသော်လည်း ချင်းဖုန်း၏ နှုတ်ဖျားမှ မွေးစား
သားမဟုတ်ဟု ငြင်းမည့်စကားကို မျှော်လင့်ထားခဲ့သည်။

ချင်းဖုန်းသည် စကားပြောနည်းပြီး ပြောသည့်စကားကို
တိကျမှန်ကန်ကြောင်း သူသိထားပေသည်။

ချင်းဖုန်းသည် အသက်သေရမည်ဆိုလျှင်ပင် လိမ်ပြောမည့်
လူစားမျိုး မဟုတ်ပါချေ။

ချင်းလွေ၏ ရင်ထဲထူးခြားသော ခံစားချက်များ ဖြစ်ပေါ်
လာသည်။

ချင်းဖုန်းနှင့် ယဉ်ယဉ်တို့မှာ မိဘအရင်း မဟုတ်ဘဲ မွေးစား
မိဘများဖြစ်ကြသည်ဆိုခြင်းကြောင့် ဝမ်းနည်းကြေကွဲသည်ကတစ်
ကြောင်း၊ မိမိ၏ မိဘအရင်း မည်သူမည်ဝါ ဖြစ်သည်၊ အဘယ်ကြောင့်
မိမိအား စွန့်ပစ်ခဲ့သည်ကို သိလိုစိတ်က တစ်ဖက်လွန်ဆွဲအားပြင်းလာ
တော့၏။

ချင်းလွေက ချင်းဖုန်းအား မေးကြည့်ရင်း...

"ဖေဖေ... ကျွန်တော့်မိဘအရင်း ဘယ်သူဘယ်ဝါဆိုတာ
ပြောပြပါလား... "

သူ၏ စကားကြားလျှင် ချင်းဖုန်း၏ နှလောကိုယ် ဆတ်ခနဲ
တုန်ခါသွား၏။ မွေးစားသားဟု သိသွားပြီးနောက်ပိုင်း ထိုသို့မေးလာ
မည်ကို ကြိုတင်သိထားပါ၏။

တကယ်တမ်း မေးလာသောအခါ ကြိုတင်သိထားပါလျက်
တုန်လှုပ်သွားမိလေသည်။

"သား... သားက မိဘအရင်း ဘယ်သူဘယ်ဝါဆိုတာ သိချင်
ပေမဲ့ ဖော်မပြနိုင်လို့ စိတ်မဆိုးပါနဲ့... ဖေဖေကိုယ်တိုင်လည်း မသိပါ
ဘူး သားရယ်... "

"ဟင်... ဖေဖေ မသိဘူး ဟုတ်လား... "

"ဟုတ်တယ် သား... "

"ဒါ... ဒါဖြင့်... "

ချင်းဖုန်း သက်ပြင်းချလိုက်၏။

ပြီးမှ သားဖြစ်သူကို စိုက်ကြည့်ကာ ပြောလိုက်၏။

"အင်း ဒီလိုနေမျိုး တစ်နေ့ရောက်လာနိုင်တယ်ဆိုတာ ဖေဖေ သိပါတယ်... ဒါကြောင့် အဘက်ဘက်က ဖုံးထားခဲ့တာပေါ့... ဒါပေမယ့် မမျှော်လင့်ဘဲ ဒီကိစ္စပေါ်ပေါက်သွားရပြီ... ကံကိုပဲ ယိုးမယ်ဖွဲ့ရတော့မှာပဲ... ကဲ... လာ... ဟောဒီမှာထိုင်... သား သိချင်တာတွေ ဖေဖေ ပြောပြမယ်... "

ချင်းဖုန်းက ချင်းလွေ၏ လက်ကို ဆွဲကာ ကုလားထိုင်တစ်လုံး၌ ထိုင်ခိုင်းလိုက်သည်။

သူကိုယ်တိုင်လည်း မျက်နှာချင်းဆိုင် ထိုင်ချလိုက်၏။

ပြီးမှ ကြေကွဲသော အသံဖြင့်...

"ဒီအကြောင်းတွေ ပြောမယ်ဆိုရင် ဖေဖေနဲ့မေမေ အိမ်ထောင်ပြုပြီး ခုနစ်နှစ် ရှစ်နှစ်လောက်ကြာတဲ့အထိ သားသမီးမရခဲ့လို့ စိတ်ပျက်ဝမ်းနည်းပြီး ခြေဦးတည့်ရာ လျှောက်သွားနေခဲ့တဲ့ အဖြစ်ကို စပြောရမှာပဲ... "

ချင်းဖုန်းသည် တစ်သက်လုံး ဖုံးအုပ်ထားခဲ့သော လျှို့ဝှက်ချက်များကို ပြောပြနေပြီဖြစ်လေသည်။

ချင်းလွေ၏ ရင်ထဲတွင် မိဘအရင်းအချာမှာ မည်သူမည်ဝါ ဖြစ်သည်ကို သိလိုစိတ်များ ပို၍ ပြင်းပြလာတော့လေ၏။

ချင်းဖုန်းက ပြောလေသည်။

"ဖေဖေတို့ ဇနီးမောင်နှံ နှစ်ယောက်ဟာ တောင်ပိုင်းမြောက်ပိုင်း မြေလတ်ပိုင်းဒေသတွေပါမကျန် ဦးတည်ရာမဲ့ လျှောက်သွားခဲ့မိကြတယ်... ဒီလိုနဲ့ တစ်နေ့မှာ စန်းတုံးမြို့ကလေးကို ရောက်လာခဲ့ကြတယ်... "

စန်းတုံးမြို့ကလေးမှ ရွှေပုစွန် စားသောက်ဆိုင်ပိုင်ရှင်နှင့် ခင်မင်ခဲ့ပုံ၊ ဝမ်းတနှင့် ပတ်သက်ပြီး မုဆိုးအာဝီးနှင့် မိတ်ဆွေဖြစ်ခဲ့ပုံ မုဆိုးအာဝီးထံ သွားရောက်ကာ အမဲလိုက်ရာ၌ အဖော်လိုက်ခဲ့ပုံ၊ ထိုမှ တစ်ဆင့် မုဆိုးအာဝီး ကောက်ရထားသော ကလေးတစ်ယောက် တွေ့သဖြင့် တောင်းယူခဲ့ပုံ၊ ထို့ပြင် နောက်ကြောင်းမရှင်းမည်ကို စိုးရိမ်ကာ အာဝီးကိုပင် အသိမပေးဘဲ စန်းတုံးမြို့မှ တိတ်တဆိတ် ထွက်လာခဲ့ပုံ၊ သူအား မွေးစားပြီးမှ ကလေးမရနိုင်ဟု ထင်သော ယဉ်ယဉ်က ချင်းရှမ်းနှင့် ချင်းချင်း မွေးဖွားခဲ့ပုံ စသည်စသည်ကို တစ်လုံးမကျန် ရှင်းပြလိုက်သည်။

ချင်းလွေမှာ ချင်းဖုန်းကိုယ်တိုင်က မွေးစားခဲ့ကြောင်း ထုတ်ဖော်ပြောကြားနေခြင်းကြောင့် သူသည်သားအရင်း မဟုတ်ဘဲ မွေးစားသားသာ ဖြစ်သည်ကို ဝမ်းနည်းကြေကွဲစွာ လက်ခံလိုက်ရလေတော့သည်။

အမှန်တော့ ချင်းဖုန်းနှင့် ယဉ်ယဉ်တို့က သူ့အား သားအရင်းဖြစ်သည်။ မွေးစားသားမဟုတ်ကြောင်း ငြင်းပယ်စေရန် မျှော်လင့်ထား၏။

ချင်းဖုန်းက သူ့အား အကဲခတ်ကြည့်လိုက်သည်။

ပြီးနောက် ဆက်ပြောလိုက်ပြန်သည်။

"ညီလေးနဲ့ ညီမလေးကို မွေးခဲ့ပေမယ့် သားအပေါ် ဖေဖေချစ်တဲ့ မေတ္တာလျော့မသွားခဲ့ပါဘူး... သားအကြီးဆုံး အလိမ္မာဆုံးဆိုပြီး ပိုတောင်ချစ်ခဲ့ကြပါသေးတယ်... ဒါကို သားကြီးသိမှာပါ... "

မှန်ပေသည်။

ချင်းဖုန်းနှင့် ယဉ်ယဉ်တို့သည် သူ့အား သားအရင်းကဲ့သို့ပင် ချင်ခင် မြတ်နိုးခဲ့ကြ၏။

သားအရင်းကဲ့သို့ ယုံကြည်အားကိုးသည်။

အကယ်၍သာ တစ်စုံတစ်ယောက်အား ချင်းလွေမှာ မွေးစားသား ဖြစ်ကြောင်း ပြောပြပါက ယုံကြည်နိုင်ကြလိမ့်မည် မဟုတ်ချေ။

"ဖေဖေ... ဖေဖေတို့ သားအပေါ် မိဘအရင်းနဲ့ မခြား ပြုစုစောင့်ရှောက်ခဲ့တဲ့ ကျေးဇူးကြီးမားလှပါတယ်... ဖေဖေနဲ့မေမေကို သားရဲ့ မိဘအရင်းတွေလိုပဲ သားယုံကြည်ပါတယ်... မွေးစားသားဆိုတဲ့ အဖြစ်ကို လက်မခံပါရစေနဲ့လား ဖေဖေ... "

ပြောရင်း ချင်းလွေ၏ မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာလေသည်။

မည်သို့စေကာမူ ငြိမ်သက်နေသော ကန်ရေပြင်ကို ခဲတစ်လုံးကျလာသည့်ပမာ လှိုင်းဂယက်ထကာ လှုပ်ရှားသွားခဲ့ချေပြီ။

မွေးစားသားဟူသော စကားလုံးသည် သာယာသော ဘဝနှင့်

အေးမြသော မေတ္တာရိပ်ကို ဖျက်ဆီးနှင်းချေပစ်လိုက်ချေပြီ မဟုတ်ပါလား... ။

ချင်းဖုန်း၏ ခန္ဓာကိုယ် တောင့်တင်းသွား၏။

ချင်းလွေအား မွေးစားသားဖြစ်ကြောင်း ဝန်ခံနေရသည်ကိုပင် ရင်ထဲမချိအောင် ခံစားနေရ၏။

ဖြစ်နိုင်လျှင် ချင်းလွေကို သူ၏ သားအရင်းဟုသာ ပြောလိုပေသည်။

သို့သော်...

မဖြစ်နိုင်တော့ပါချေ။

"သားဟာ မွေးစားသားဆိုပေမယ့် ဝမ်းနဲ့လွယ်မမွေးရတာကလွဲရင် ရက်သားကလေးကစပြီး ဖေဖေတို့လက်ပေါ် ကြီးပြင်းလာခဲ့ရတာပါ... မွေးစားသားဆိုတဲ့ စကားလုံးကို သားစိတ်ထဲ ဖျောက်ပစ်လိုက်ပါ... ဒီကိစ္စနဲ့ ပတ်သက်လို့ နောက်နောင်လေသံတောင် မကြားရအောင် ဖေဖေစီစဉ်ပေးပါ့မယ်... တို့မိသားစု အရင်လို ဥမကွဲ သိုက်မပျက် ဆက်ပြီး ပျော်ပျော်ရွှင်ရွှင် နေသွားကြတာပေါ့... "

ချင်းဖုန်းကား မွေးစားသားဟူသော စကားကြောင့် စိတ်သဘောထားပြောင်းလဲသွားခြင်း မရှိချေ။

သူနှင့် ယဉ်ယဉ်တို့သည် ထိုကိစ္စကို နှစ်ပေါင်းများစွာကပင် လျစ်လျူရှုထားခဲ့သည် မဟုတ်ပါလား။

ရှေ့ဆက်လျစ်လျူရှုထားရန်ကား အပန်းကြီးမည် မဟုတ်ပါချေ။

သို့သော် အပန်းကြီးသူက ချင်းလွေဖြစ်နေ၏။

ချင်းလွေမှာ ငယ်ရွယ်ပြီး အတွေ့အကြုံနည်းသူဝီဝီ ထိန်းချုပ်ထားနိုင်ခြင်း မရှိတော့ချေ။

ချင်းလွေက ချင်းဖုန်း၏ ရှေ့၌ ဒူးထောက်လိုက်သည်။

"ဖေဖေ... "

"ပြောသား... ဘာပြောချင်သလဲ... "

"သားရဲ့ဆန္ဒကို လိုက်လျောဖို့ တောင်းပန်ပါတယ် ဖေဖေ..."

ချင်းဖုန်း မျက်မှောင်ကုတ်သွား၏။

"သား ဘာပြောမလို့လဲ... သားရဲ့ဆန္ဒကို ဖေဖေမလိုက်လျောဘဲ ဘယ်နှစ်ခါ နေခဲ့ဖူးလို့လဲ... သားဘာဖြစ်ချင်သလဲ... ဘာလုပ်ချင်သလဲ... ဖေဖေ့ကိုပြော... "

ချင်းလွေ ဒူးထောက်နေရာမှ ခေါင်းမော့ကြည့်လိုက်သည်။

ချင်းဖုန်းက သူ့ကို ပြုံး၍ကြည့်သည်။

ထိုအကြည့်ကား ချစ်မြတ်နိုးသော သားသမီး၏ ဆန္ဒကို ဖြည့်ဆည်းပေးမည့် ဖခင်တစ်ဦး၏ နွေးထွေးသော အကြည့်ဖြစ်သည်။

ထို့ကြောင့်...

ချင်းလွေမှာ ရုတ်တရက် ပြောမထွက်နိုင်ဘဲ ဖြစ်သွားရလေတော့သည်။

"ပြောလေ သားရဲ့... သားဘာလုပ်ချင်တယ်ဆိုတာ ဖေဖေ့ကို ပြောမှပေါ့... ဘာလဲ... စိတ်ပြေလက်ပျောက် လုရန်မြို့ကို သွားပြီး လည်ပတ်ချင်လို့လား... သားသွားမယ်ဆိုရင် ဖေဖေကိုယ်တိုင် လိုက်

ပို့ပေးမှာပေါ့... "

တစ်ကြိမ်က လုရန်မြို့သို့ အလည်အပတ်တစ်ခေါက် လိုက်ပို့ရန် ဖခင်အား ပြောခဲ့ဖူးသည်ကို ချင်းလွေက အမှတ်ရလာသည်။

ချင်းဖုန်းမှာ အလုပ်များနေခြင်းကြောင့် လိုက်မပို့ဖြစ်ချေ။

ထို့အပြင် ချင်းလွေ မရှိလျှင် ချင်းရှမ်းနှင့် ချင်းချင်းတို့အား ထိန်းကျောင်းမည့်သူ မရှိခြင်းကြောင့် ခေတ္တခဏ စောင့်ဆိုင်းရန် ပြောဖူး၏။

ဤသည်ကို အမှတ်ရကာ ပြောခြင်းဖြစ်ကြောင်း ချင်းလွေနားလည်၏။

"သားလုရန်မြို့ကို အလည်အပတ် သွားချင်တာ မဟုတ်ပါဘူး ဖေဖေ... "

"ဒါဖြင့် သားက အဝတ်အစားအသစ်လိုချင်... "

ချင်းဖုန်းစကား တစ်ဝိုင်းတစ်စဖြင့် ရပ်ဆွား၏။

အဘယ်ကြောင့်ဆိုသော် ချင်းလွေသည် စားသောက်ရာ၌လည်းကောင်း၊ အဝတ်အစားဆင်ရာ၌လည်းကောင်း၊ အခြားအခြားသောကိစ္စရပ်များ၌ လည်းကောင်း မိဘများစိတ်အနှောင့်အယှက်ဖြစ်သွားမည်ကို အစဉ် အလေးထားပူပန်ကာ တောင်းဆိုခြင်း မပြုခဲ့ဖူးသောကြောင့်ပေတည်း။

ထို့ကြောင့်...

ချင်းလွေ ခွင့်တောင်းချင်သည့်ကိစ္စမှာ မည်သည့်ကိစ္စဖြစ်ကြောင်းချင်းလွေ နားလည် သဘောပေါက်လာသည်။

သူ၏ မျက်နှာချက်ချင်း အိုစာသွားသည်။

တစ်ကိုယ်လုံး အားအင်ကုန်ခန်းသွားသည့် အလား ကုလားထိုင်ပေါ် ထိုင်ချလိုက်၏။

ချင်းလွေက...

"သားဘာမှမလိုချင်ပါဘူးဖေဖေ... သားလိုချင်တာက သားရဲ့မိဘအရင်း ဘယ်သူဘယ်ဝါ ဆိုတာလိုက်လံစုံစမ်းခွင့် သားကိုပေးစေချင်တာပါ... "

ချင်းဖုန်း လုံးဝ မမျှော်လင့်သော ဖြစ်ရပ်ဖြစ်ပေါ်လာချေပြီ။

မွေးစားသားဟူသော စကားလုံးသည် သူ၏ မိသားစုထဲမှ ချင်းလွေကို ဖယ်ထုတ်လိုက်သလို ရှိနေသည် မဟုတ်လား။

ချင်းလွေ မည်သို့ခံစားရမည်ကို သူကိုယ်ချင်းစာမိ၏။

သို့သော် ဖျောင်းဖျသော လေသံဖြင့်...

"သားရဲ့ မိဘအရင်းတွေဟာ ဘယ်သူဘယ်ဝါဆိုတာ သားသိချင်မှာ ဖေဖေ ကိုယ်ချင်းစာပါတယ်... ဒါကြောင့် သားသွားစရာတောင်မလိုဘူး... ဖေဖေကိုယ်တိုင် လိုက်ပြီး စုံစမ်းပေးမှာပေါ့... "

ချင်းလွေက ပြော၏။

"ဖေဖေ သားရဲ့ ဘဝအကြောင်း သားကိုယ်တိုင်စုံစမ်းဖို့ ခွင့်ပြုပါဖေဖေ... သားကြောင့် ဖေဖေ့မှာ တာဝန်မပိုစေချင်ပါဘူး... "

အမှန်တော့ ချင်းဖုန်းက စုံစမ်းပေးမည်ဟု ဆိုကာအချိန်ဆွဲထားရန် ရည်ရွယ်သည်။

ချင်းလွေ၏ ရင်ထဲမှ ဝေဒနာကို အချိန်က ကုစားသွားမည်ဟု

ယူဆမိသည်။

သို့သော်...

ချင်းလွေက လက်မခံဘဲ ကိုယ်တိုင်သွားမည်ဟု တောင်းဆိုလာချေပြီ။

ချင်းဖုန်း ရင်ထိတ်သွားသည်။

ဖျောင်းဖျဟန့်တားရန် စိတ်ကူးစဉ် ချင်းလွေက ဆက်ပြောလိုက်ပြန်၏။

"ဖေဖေ... သားကိုယ်တိုင် လိုက်ရှာပါရစေ... သားကိုခွင့်ပြုပါ ခင်ဗျာ... "

"သားအိမ်က ထွက်သွားဖို့ကိစ္စတော့ ဖေဖေတစ်ယောက်တည်း မဆုံးဖြတ်နိုင်ဘူး... သား မေမေနဲ့ တိုင်ပင်ဦးမယ်ကွဲ့... "

"ဟုတ်ကဲ့... သားစောင့်နေပါ့မယ်... "

ချင်းလွေက တည်ကြည်ပြတ်သားစွာ ပြောသည်။

"ကဲ... သား... အနားယူလိုက်ပါဦး... ညီလေးကိုလည်းဘယ်လိုမှ သဘောမထားပါနဲ့ ဟုတ်လား... "

"ဟုတ်ကဲ့ပါ ဖေဖေ... ဖေဖေ့စကားကို မြေဝယ်မကျ နားထောင်ပါ့မယ်လို့ သားက ကတိပြုပါတယ် ဖေဖေ... "

ချင်းလွေက ဖခင်အား ကန်တော့ကာ အခန်းတွင်းမှ ထွက်သွားလေတော့သည်။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားပြီ ဖြစ်လေသည်။

ချင်းဖုန်းကား အခန်းတွင်း၌ ထိုင်နေဆဲ။

ချင်းရှမ်းမှ အစပြုသော ပြဿနာသည် မိသားစုအတွင်း အကြီးအကျယ် စိတ်ဝမ်းကွဲမှု ဖြစ်စေခဲ့ချေပြီ။

ချင်းလွေ၏ စိတ်ထားကို သူကောင်းစွာ နားလည်ထားလေသည်။

ချင်းလွေသည် ဖွဲကောင်းသည်။

သည်းခံစိတ်ရှိပြီး မိမိအပေါ် ရိုသေလေးစားသည်။

မဟုတ်မခံစိတ်ရှိသင့်သို့ မတရားမှုကို လက်ပိုက်ကြည့်နေတတ်သူ မဟုတ်ချေ။

ထို့ပြင် သူသည် ဆုံးဖြတ်ချက်ချပြီးနောက် ပြန်ပြင်မည့် လူစားမျိုး မဟုတ်ချေ။ သူသည် ကလေးအရွယ်မှ စ၍ ဤအရွယ်အထိ ချင်းလွေ၏ စိတ်ဓာတ်ကို စောင့်ကြည့်ခဲ့ပြီးချေပြီ။

ချင်းလွေအိမ်မှ ထွက်သွားရန် ဆုံးဖြတ်ပြီးပြီဖြစ်ကြောင်းလည်း သဘောပေါက်မိ၏။

ချင်းလွေကို တား၍ရမည် မဟုတ်ချေ။

တစ်ရက်နှစ်ရက်ခန့် အချိန်ဆွဲထားပြီး ဖျောင်းဖျရန် စဉ်းစားမိသည်။

ချင်းလွေ စိတ်ကျေနပ်အောင် မည်သို့ ဖျောင်းဖျရမှန်း ယခုတိုင် စဉ်းစား၍ မရသေးချေ။

မည်မျှကြာအောင် တွေဝေစဉ်းစားနေမိမှန်း မသိ... အခန်းထဲသို့ ယဉ်ယဉ်ဝင်လာသည်ကိုပင် သတိပြုမိခြင်း မရှိချေ။

"အစ်ကို... "

ရုတ်တရက် ထွက်ပေါ်လာသော စကားသံကြောင့် ချင်းဖုန်းလန့်ဖြန့်သွားသည်။ ချင်းဖုန်း ဤသို့လန့်ဖြန့်သည်ကို ယဉ်ယဉ်တစ်ကြိမ်မျှ မတွေ့ခဲ့ချေ။ ချင်းဖုန်းလွန်စွာ စိတ်ဆင်းရဲနေကြောင်း သိနေပေသည်။

ချက်ချင်း နောက်လှည့်ကြည့်လိုက်၏။

"ဩော်... ညီမ... ဘာကိစ္စရှိလို့လဲ... လာလေ... "

ယဉ်ယဉ်သက်ပြင်းချရင်း...

"သားကြီးအကြောင်းပေါ့... "

"ဟင် ... သားကြီးအကြောင်း ဟုတ်လား... "

"ဟုတ်တယ် အစ်ကို... သားကြီး မြင်းတစ်ကောင်ဆွဲပြီး ထွက်သွားတာ တွေ့တယ်လို့ သမီးက လာပြောနေတယ်... "

"ဟေ... "

ချင်းဖုန်းခန္ဓာကိုယ် ဆတ်ခနဲ တုန်သွားသည်။

ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။

ယဉ်ယဉ်ကို စေ့စေ့ကြည့်ရင်း...

"ညီမကို ဘာပြောသွားသေးလဲ... "

ယဉ်ယဉ် ခေါင်းခါယမ်းလိုက်သည်။

"ဟင့်အင်း... ဘာမှ ပြောမသွားပါဘူး... "

"ညီမ... သူ့ကိုလိုက်ရှာပြီးပြီလား... "

"ဟင့်အင်း... "

"ဒုက္ခပဲ... သူဒီက ထွက်သွားတော့မှာ... ကဲ... လာ... တို့

လိုက်ရှာကြရအောင်... "

သူတို့ နှစ်ယောက်အခန်းတွင်းမှ ချက်ချင်းပြေးထွက်သွားကြလေသည်။

သူတို့သည် ခြံဝင်းအတွင်း၌ ချင်းလွေကို လိုက်လံရှာဖွေကြလေသည်။

တစ်ခြံလုံးနှံ့အောင် ရှာပြီးသော်လည်း မတွေ့ရချေ။

နောက်ဆုံး ချင်းလွေ၏ အခန်းဆီသို့ သွားရှာကြ၏။

ဤတွင် ချင်းလွေ၏ ခုတင်ပေါ်၌ စာတစ်စောင်ရှိနေသည်ကို တွေ့မြင်လိုက်ရ၏။

ချင်းဖုန်းက စာကိုကောက်ယူကာ ဖတ်ကြည့်လိုက်၏။

ဖေဖေနဲ့မေမေ...

သားစာရေးခဲ့ပါတယ်... သားရဲ့ မိဘအရင်း ဘယ်သူဘယ်ဝါဆိုတာ စုံစမ်းဖို့ သားထွက်သွားပါပြီ... သားကို ခွင့်လွှတ်ကြပါလို့ တောင်းပန်ပါတယ်... ညီလေးနဲ့ ညီမလေးကိုလည်း နှုတ်ဆက်ခဲ့တယ်လို့ ပြောပြလိုက်ပါခင်ဗျား... "

ရိုသေလေးစားလျှက်

သား

ချင်းဖုန်းနှင့် ယဉ်ယဉ်တို့မှာ စာဖတ်ပြီးနောက် စိတ်ဓာတ်အကြီးအကျယ် ကျဆင်းသွားကြလေတော့သည်။

သူတို့ အားကိုးအားထားပြုသော သားကြီးချင်းလွေကား

မိသားစုကို စွန့်ခွာထွက်သွားပြီ ဖြစ်လေသည်။

ယဉ်ယဉ်က စိုးရိမ်ပူပန်သော လေသံဖြင့်...

"အစ်ကို... သားကြီးထွက်သွားပြီ... ဘယ်လိုလုပ်ကြမလဲဟင်... "

ချင်းဖုန်းကိုယ်တိုင် မည်သို့လုပ်ရမည် မသိနိုင်ခဲ့ပါချေ။ ချင်းဖုန်းမှာ အရွယ်ကြီးပြတ် ဖြစ်သွားလေ၏။

ချင်းလွေ၏ သိုင်းပညာမှာ ကျန်းမာရေးလေ့ကျင့်ရန် သင်ကြားရသော သိုင်းပညာအဆင့်သာရှိသေး၏။

သိုင်းလောက အခြေအနေမှာ လွန်စွာရှုပ်ထွေးနေပြီး လူဆိုးဓားပြများ ပေါများနေချိန်ဖြစ်၏။

ဒေါသနဂါး ပုကျင်ဟိုး၏ မီးနဂါးဂိုဏ်းမှ လူများကလည်း နေရာအနှံ့ စိတ်ထင်တိုင်းကျဲကာ သောင်းကျန်းနေကြသည် မဟုတ်ပါလား။

ချင်းလွေ တစ်ယောက်ထွက်သွားသည်မှာ အန္တရာယ်များလှသည်ဟု ယူဆမိလေသည်။

ထို့ကြောင့်...

"မဖြစ်ဘူး... သားကြီးတစ်ယောက်တည်း လွှတ်ပေးလိုက်လို့ မဖြစ်ဘူး... ညီမ... "

"ရှင်... အစ်ကို... "

"ညီမ သားငယ်နဲ့ သမီးကို စောင့်ရှောက်ထားပါ... အစ်ကို သားကြီးနောက်ကို လိုက်သွားဦးမယ်... "

"ကောင်းပါပြီရှင်... "

ချင်းဖုန်းက ချက်ချင်းပင် ခရီးထွက်ရန် ဟန်ပြင်လိုက်လေသည်။

ယဉ်ယဉ်သည် ခင်ပွန်းသည်ကို ကြည့်ကာ ရင်ထဲ ဝမ်းနည်းကြေကွဲမှုများ ခံစားလာရသည်။

ချင်းရှမ်း၏ စိတ်ထားညံ့ဖျင်းမှုသည် အမှိုက်ကစ ပြဿဒ်မီးလောင်သကဲ့သို့ ရှိနေပြီ မဟုတ်ပါလား... "

အစဉ်အမြဲ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်ရှိသော ချင်းဖုန်းသည် ယခုဟာယာခတ်နေလေပြီ။

ခေါင်းအေးအေးဖြင့် ရင်ဆိုင်ဖြေရှင်းနိုင်စွမ်းမရှိတော့ချေ။

❦ ❦ ❦

ဇာတိကို စုံစမ်းခြင်း

နေရောင်ခြည်များ ဖြာကျနေသည်။

လုရန်မြို့သည် နေရောင်ခြည်အောက်၌ စည်ကားလျှက် နေသည်။

ချင်းလွေသည် မြင်းကို ဒုန်းစိုင်းစီးလာသောကြောင့် လုရန်မြို့သို့ ရောက်ရှိလာသည်။

ထင်းရှူးမြို့ကလေးမှ အခြားမြို့ရွာများသို့ သွားမည်ဆိုလျှင် ဦးစွာလုရန်မြို့သို့ လာရမည်သာဖြစ်သည်။

လုရန်မြို့မှ တစ်ဆင့်လမ်းခွလမ်းများအတိုင်း လိုရာခရီးသို့ ဆက်သွားနိုင်သည်။

လုရန်မြို့သို့ ချင်းလွေရောက်သောအခါ မွန်းလွဲပိုင်း အချိန် ရောက်ရှိနေပြီ ဖြစ်လေသည်။

ထိုအခါမှ ယခုတိုင်နံနက်စာ မစားရသေးသည့် အဖြစ်ကို သတိရလာ၏။

လမ်းတစ်လျှောက်စည်ကားလှသော ဈေးဆိုင်။ စားသောက်

ဆိုင် စသည်များကို ကြည့်ရင်း စားသောက်ဆိုင်များမှ ထွက်ပေါ်လာသည့်မွေးကြိုင်သင်းပျံ့သောဟင်းနံ့များကြောင့် ဝမ်းဗိုက်ထဲ ဆာလောလာခြင်းဖြစ်သည်။

မြင်းပေါ်မှ ဆင်းရင်း အနီးရှိ စားသောက်ဆိုင်သို့ လှမ်းလာခဲ့၏။

သူသည် ငယ်စဉ်ကပင် မိဘပေးသော မုန့်ဖိုးငွေကို ဖြုန်းဖြဲသုံးစွဲခဲ့ခြင်းကြောင့် ငွေအတော်များများ စုဆောင်းမိခဲ့၏။

ယခုလို ထွက်လာသောအခါ ငွေလိုအပ်မည်ဖြစ်ကြောင်း သိရှိ၍ စုဆောင်းထားသော ငွေများကိုပါ တပါတည်း ယူလာခဲ့ခြင်း ဖြစ်သည်။

စားသောက်ဆိုင်တစ်ဆိုင်ရှေ့သို့ ရောက်ရှိလာသည့်အခါ ဆိုင်လုလင်တစ်ယောက် ပျာယီးပျာယာ ထွက်ပြီးကြိုသည်။

"ကြွပါ ဆရာလေး... ဆိုင်ထဲကြွပါ ခင်ဗျာ... "

ပြောရင်း မြင်းကို ဆွဲယူကာ ဆိုင်ရှေ့ရှိ မြင်းချည်တိုင်၌ ချည်နှောင်ထားလိုက်၏။

ထို့နောက်...

ချင်းလွေအား စားသောက်ဆိုင်ထဲသို့ ခေါ်သွားလေ၏။

ချင်းလွေမှာ ချမ်းသာကြွယ်ဝသော ချင်းဖုန်း၏ မွေးစားသားဖြစ်ခဲ့ရသည့် အလျောက် မြို့စရိုက်နှင့် ရင်းနှီးကျွမ်းဝင်ပြီး ဖြစ်လေသည်။

ထို့ကြောင့်...

လုရန်မြို့သည် သူနှင့်စိမ်းမနေပါ။

စားသောက်ဆိုင်ထဲသို့ လှမ်းဝင်သွားပြီး စားသောက်ဖွယ်ရာများမှာကြား စားသောက်လိုက်သည်။

လုရန်မြို့၌ ချင်းလွေ၏ မိတ်ဆွေများ ရှိနေခြင်းကြောင့် သူ့အား တွေ့သွားနိုင်ကြောင်း သိထား၏။

သို့ဖြစ်ရာ မြန်မြန်စားပြီးမြန်မြန်သွားရန် စိတ်ကူးထား၏။

သူထားခဲ့သော စာကိုတွေ့လျှင် ချင်းဖုန်းချက်ချင်း လိုက်လံရှာဖွေမည်ဖြစ်ကြောင်း နားလည်ထားခြင်းကြောင့် ဖြစ်သည်။

ချင်းလွေ ခပ်သွက်သွက် စားသောက်နေစဉ် စားသောက်ဆိုင်အပေါက်ဝ၌ ဆူဆူညံညံအသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ချင်းလွေအပါအဝင် စားသောက်နေသူအားလုံး လှမ်းကြည့်လိုက်ကြလေသည်။

ထိုအခါ ဒုကွိတ အဘိုးအိုတစ်ယောက်အား ဆိုင်လုလင်များက ဆိုင်ထဲ အဝင်မခံဘဲ မောင်းထုတ်နေကြောင်း တွေ့မြင်ရသည်။

အဘိုးအိုသည် ချိုင်းထောင့်နှစ်ခုကို အားပြုရပ်ရင်း ဆိုင်လုလင်ကို အော်ငေါက်နေ၏။

ဆိုင်ထဲသို့ အတင်းဝင်ရန်လည်း ကြိုးစားနေလေ၏။

သူတို့ထံမှ ထွက်ပေါ်လာသော စကားသံများကို အတိုင်းသား ကြားနေရ၏။

"ဟေ့... အဘိုးကြီး... မြန်မြန်ထွက်သွားစမ်း... ဆိုင်ကျက်သရေယုတ်တယ်... သွားသွား... "

"ငါ... သူတောင်းစား မဟုတ်ဘူးကွ... ဝိုက်ဆံပေးစားမှာ... ငါ့ကို မောင်းထုတ်စရာ မလိုဘူး... "

"အို မလိုချင်ဘူး... ခင်ဗျားရုပ်ကိုလည်း အားနာပါဦး... ခင်ဗျားကိုမြင်တာနဲ့ စားသောက်နေတဲ့ လူတွေအော့နလုံးနာပြီး ထွက်ပြေးကုန်ကြလိမ့်မယ်... သွားစမ်းပါဗျာ... မြန်မြန်သွား... "

ဆိုင်လုလင်များသည် ဒုက္ခိတအဘိုးကြီးကို မောင်းထုတ်ရန် ကြိုးစားကြ၏။

ဒုက္ခိတကလည်း သူ့အားမောင်းထုတ်ခြင်းကြောင့် ခံပြင်းသဖြင့် ဆိုင်ထဲအတင်းဝင်ရန် ကြိုးစား၏။

ဆိုင်လုလင်များသည် ဒုက္ခိတအဘိုးကြီးကို မောင်းထုတ်၍ မရသည့် နောက်ဆုံး ဝိုင်းဝန်းထိုးကြိတ် ကန်ကြောက်ကြတော့၏။

သို့သော်...

သူတို့ ထင်သလို ဖြစ်မလာပါချေ။

ဒုက္ခိတကြီးက ချိုင်းထောက်တစ်ချောင်းဖြင့် ခန္ဓာကိုယ်ကို အားပြုရင်း ကျန်တစ်ဖက်ဖြင့် ချိုင်းထောင့်ကို ဝှေ့ယမ်းကာ ရိုက်ချလိုက်လေသည်။

"ဝုန်း... "

"အား... "

"အမယ်လေး... "

ဆိုင်လုလင်များ ဖရိုဖရဲ ဖြစ်သွားကြ၏။

ဆိုင်လုလင်များသည် ဒုက္ခိတအဘိုးအိုကို ထပ်မံတိုက်ခိုက်ရန်

လည်းကောင်း၊ မောင်းထုတ်ပစ်ရန်လည်းကောင်း မရဲဝံ့ကြတော့ချေ။

အားလုံး ထိတ်လန့်တုန်လှုပ်ကာ နောက်ဆုတ်သွားကြလေသည်။

"မင်းတို့ငါ့ကို အထင်သေးစရာ မလိုပါဘူး... ငါလည်းသူများလို ဝိုက်ဆံပေးပြီးစားမှာ... ငါဟာ သူတောင်းစား မဟုတ်ဘူးဆိုတာ မှတ်ထားပါ... "

ပြောရင်း ဆိုင်လုလင်များအား ဂရုမစိုက်တော့ဘဲ ဆိုင်ထဲသို့ ဝင်လာ၏။

ဆိုင်လုလင်များ ဒေါပွသွား၏။

သူတို့အားလုံး ဆိုင်ထဲပြေးဝင်ကာ တုတ်များ ဓားများ ဆွဲယူကြ၏။

ဒုက္ခိတအဘိုးအိုအား မောင်းထုတ်ပစ်ရန် မရမနေ ကြိုးစားမည့် သဘောဖြစ်ပေသည်။

ချင်းလွေ စိတ်ပျက်သွား၏။

သူနှင့်မဆိုင်သော်လည်း လက်ဝိုက်ကြည့်မနေနိုင်တော့ချေ။

ဒုက္ခိတကြီးမှာ စားသောက်ဖွယ်ရာများကို တန်ရာတန်ကြေးပေးကာ စားသောက်မည့်သူဖြစ်၏။

ဒုက္ခိတဖြစ်နေခြင်းကြောင့် တမင်နှိမ်ကာ ဆိုင်ထဲအဝင်မခံသည်မှာ သဘာဝ မကျချေ။

ခြေလက်အင်္ဂါစုံသည်ဖြစ်စေ၊ မစုံသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ ရုပ်ဆိုးသည်ဖြစ်စေ၊ ရုပ်ချောသည် ဖြစ်

စေ လူသည် လူသာလျှင် ဖြစ်ပေသည်။

ဒုက္ခိတကြီးသည် ဆိုင်ထဲလှမ်းဝင်လာရင်း ထိုင်စရာ နေရာ ရှာလိုက်သည်။

ဤတွင် စားပွဲတစ်လုံး၌ လူလေးယောက်ထိုင်စားနိုင်သော်လည်း ချင်းလွေတစ်ယောက်သာ ရှိနေသည်ကို တွေ့ရသဖြင့် လှမ်းလာ၏။

ကျန်စားပွဲမှ လူများသည်လည်း ဒုက္ခိတကြီးအား မလိုလားသော အကြည့်ဖြင့် ကြည့်နေကြ၏။

ချင်းလွေကသာ ဒုက္ခိတကြီးအား သူ၏ စားပွဲသို့ လှမ်းလာနေသည်ကို ဝမ်းသာမိလေသည်။

ထိုစဉ်...

ဆိုင်လုလင်များသည် တုတ်များ၊ ဓားများကိုင်ဆောင်ကာ ဒုက္ခိတကြီးအား တိုက်ခိုက်ရန် ပြေးလာနေကြသည်ကို တွေ့ရ၏။

ဒုက္ခိတကြီးကား လှည့်မကြည့်ဘဲ ရှေ့ဆက်လှမ်းလာသည်။

ဆိုင်လုလင်များကို လုံးဝအရေးမစိုက်သည့် သဘောဖြစ်ပေသည်။

ချင်းလွေ မနေနိုင်တော့ပါချေ။

"ဟေ့... ရပ်လိုက်ကြစမ်း... "

ထိုင်ရာမှ ဝုန်းခနဲထကာ ဆိုင်လုလင်များကို အော်ငေါက်လိုက်သည်။

သူ၏ စကားကြောင့် ဆိုင်လုလင်များ ရပ်တန့်သွား၏။

ချင်းလွေကိုလည်း လှမ်းကြည့်လိုက်ကြသည်။

ချင်းလွေက ပြော၏။

"ခင်ဗျားတို့ ဆိုင်က စားသောက်စရာ ရောင်းချတဲ့ဆိုင် မဟုတ်လား... ဘယ်သူမဆို ငွေပေးပြီး ဝယ်စားလို့ရတာပဲ... မတရား မလုပ်ချင်ကြပါနဲ့... "

ချင်းလွေ၏စကားကြောင့် ဆိုင်လုလင်များ တန့်သွား၏။

ချင်းလွေကိုလည်း မကျေမနပ်ကြည့်လိုက်ပြီး အချင်းချင်း တီးတိုးပြောနေကြသည်။

ထိုစဉ်...

ဆိုင်ထိုင်ရောက်လာ၏။

ဆိုင်လုလင်တစ်ယောက်က ဆိုင်ရှင်အား တီးတိုးပြောနေသည်။

ထိုအခါ ဆိုင်ရှင်သည် လက်ဝှေ့ယမ်းပြကာ အော်ငေါက်လိုက်၏။

"ဟေ့... နောက်ဆုတ်ကြစမ်း... မင်းတို့ဟာ ကိုယ့်ဆိုင်မှာ စားဖို့သောက်ဖို့ ရောက်လာတဲ့ ဧည့်သည်ကို ဒီလိုပဲ ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံရသလား... မင်းတို့ အားလုံးအလုပ်ဖြုတ်ပစ်မှ ထင်တယ်... "

သူ၏ စကားကြောင့် ဆိုင်လုလင်များ ခေါင်းငုံ့သွားကြသည်။

"ဘာငိုင်နေကြတာလဲ... ကိုယ့်အလုပ်ကိုယ်သွားလုပ်ကြပါ တော့လား... "

ဆိုင်ထိုင်က ဆက်၍ အော်ငေါက်လိုက်၏။

ဆိုင်လုလင်များ ဦးညွှတ်ကာ လူခွဲသွားကြ၏။

ထိုအချိန်၌ ဒုက္ခိတ အဘိုးအိုမှာ ချင်းလွေထိုင်နေသော ထိုင်ခုံ၌ ထိုင်ချလိုက်ပြီ ဖြစ်သည်။

ဆိုင်ထိုင်က ဒုက္ခိတအဘိုးအို အနီးသို့ လျှောက်လာပြီး ချို သာသော မျက်နှာထားဖြင့် လေချိုသွေးကာ တောင်းပန်လိုက်လေ ၏။

"ကျွန်တော်တို့ ဆိုင်ကလူတွေရဲ့ ဝတ္တရားမကျေပွန်မှုနဲ့ ရိုင်းပျ မှုကို တစ်ကြိမ်တစ်ခါ ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်ဗျာ... နောက် နောင် ဒီလိုမဖြစ်စေရပါဘူး... ကောင်လေးတွေကို ကျွန်တော်ကိုယ် တိုင် ဆုံးမပါ့မယ် ခင်ဗျာ... "

ဒုက္ခိတ အဘိုးအိုက လက်ကာပြလိုက်သည်။

"ဒါတွေ ပြောမနေပါနဲ့... ကျုပ်ဗိုက်ဆာနေပြီ... မြူစွမ်တစ် ပွဲနဲ့ အသီးအရွက်ကြော်တစ်ပွဲ မြန်မြန်ယူလာပေးပါ... "

"စိတ်ချပါ... အခုချက်ချင်းရရစေမယ်... "

ဆိုင်ထိုင် ချက်ချင်းထွက်သွား၏။

မကြာမီ...

အဘိုးအို မှာကြားထားသော စားသောက်ဖွယ်ရာများရောက် ရှိလာကြလေသည်။

ဒုက္ခိတ အဘိုးအိုသည် ချင်းလွေကို ကြည့်လိုက်လေသည်။

ချင်းလွေက ပြုံးပြသည်။

ဒုက္ခိတအဘိုးအိုကလည်း ပြန်လည်ပြုံးပြ၏။

သို့သော်...

ပြုံးပြသည်ထက် မဲ့ပြသည်နှင့် တူနေသည်ဟု ချင်းလွေထင် မိသည်။

အဘိုးအိုသည် ခြေနှစ်ဘက်စလုံး လူပ်ရှားမရဘဲ အောက်ပိုင်း သေနေသော ဒုက္ခိတတစ်ယောက်ဖြစ်နေသည်ကို ချင်းလွေစိတ် မကောင်းစွာ သိလိုက်ရသည်။

ထို့အပြင် ခြေလက်မျက်နှာများ၌ ဒဏ်ရာဒဏ်ချက်များ အမာရွတ်များ ဗရပွရှိနေသည်ကို တွေ့မြင်ရသည်။ ဒုက္ခိတ အဘိုးအိုက ချင်းလွေကိုပြုံးပြရင်း ကျေးဇူးတင်စကား ပြောလေ၏။

"ကျေးဇူးပါပဲကွာ... "

သူ့အား ဆိုင်လုလင်များက ဝိုင်းဝန်းရိုက်နှက်မည့် အချိန်၌ ချင်းလွေက ကြားဝင်ဟန့်တားခဲ့ခြင်းကြောင့် ကျေးဇူးစကားဆိုလိုက် ခြင်းဖြစ်သည်။

ဒုက္ခိတ အဘိုးအိုက ခပ်သွက်သွက် စားသောက်လိုက်သည်။

စားသောက်ရင်း တစ်စုံတစ်ရာကို သတိရလာသည့်အလား ပန်းကန်ကို စားပွဲပေါ် ဖြန်းခနဲ ချလိုက်သည်။

ပြီးနောက်...

ချင်းလွေကို မျက်လုံးပြူး၍ကြည့်လိုက်သည်။

အဘိုးအို၏ အပြုအမူကြောင့် ချင်းလွေပင် ကြောင်အမ်းအမ်း ဖြစ်သွားရသည်။

အဘိုးအိုက ချင်းလွေကို အတန်ကြာ အကဲခတ်ကြည့်ရင်း

ပြောလိုက်၏။

"မင်းကို ငါမြင်ဖူးတယ်လို့ ထင်တယ်... "

ချင်းလွေအံ့သြသွားသည်။

အဘိုးအိုကို နားမလည်နိုင်စွာ ကြည့်ကာ...

"ဦးက ကျွန်တော့်ကို တွေ့ဖူးတယ် ဟုတ်လား... ကျွန်တော် ကတော့ ဦးကိုအခုမှ တွေ့ဖူးတာ အမှန်ပါပဲ ခင်ဗျာ... "

"အင်း... မင်းဟာ ဒီမြို့ထဲကပဲလား... "

"မဟုတ်ပါဘူး ခင်ဗျာ... "

"ဒါဖြင့်...

"ကျွန်တော်ဟာ ဒီမြို့နဲ့မလှမ်းမကမ်းမှာ ရှိတဲ့ ထင်းရှူးမြို့က လေးကပါ... "

"သြော်... "

အဘိုးအိုမှာ အတော်ကလေး ကြာသည်အထိ ချင်းလွေအား မျက်တောင်မခတ် အကဲခတ်ကြည့်သည်သည်။

အဘိုးအို၏ ရုပ်သွင်မှာ ဆိုးဝါးအကျည်းတန်လှသော်လည်း သူ၏ မျက်လုံးများက အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပြောင် နေ၏။

မဟုတ်မခံ စိတ်ရှိသူ တည်ကြည်ဖြောင့်မတ်သူ ခွဲလုံ့လရှိသူ ဖြစ်ကြောင်း လျှို့ဝှက်စွာ ဖော်ပြရာရောက်သည် ထင်မှတ်ရ၏။

ချင်းလွေက မနေတတ်မထိုင်တတ် ဖြစ်လာသည်။

"ဦးက ကျွန်တော့်ကို ဘယ်မှာတွေ့ဖူးလို့လဲ... ကျွန်တော်

ဟာထင်းရှူးမြို့ကလေးကလွဲပြီး ဘယ်မှမသွားဖြစ်ခဲ့ပါဘူး ခင်ဗျာ... ဦးများလူမှားနေသလား စဉ်းစားပါဦး... "

အဘိုးအို သက်ပြင်းချလိုက်၏။

"ဟုတ်တယ်... ငါမင်းကို ရင်းရင်းနှီးနှီး တွေ့ခဲ့ဖူးတယ် ဆို ပေမယ့် ဘယ်မှာတွေ့ခဲ့ဖူးတယ် ဆိုတာ စဉ်းစားမရဘူး... "

အဘိုးအို စကားကြားသည့်အခါ ချင်းလွေ၏ ရင်ထဲတူးခြား သော ခံစားချက်များ ပေါ်ပေါက်လာ၏။

အဘိုးအို၏ မျက်လုံးများကိုကြည့်ကာ ရင်ထဲနွေးထွေးသွား ၏။

ဒုက္ခိတ အဘိုးအိုအား အလိုလိုခင်မင်ရင်းနှီးလိုစိတ်များ ပေါ် ပေါက်လာ၏။

"မင်းနာမည် ဘယ်လိုခေါ်သလဲကွ... "

ချင်းလွေမှာ အဘိုးအိုကို အများလိုရှိရှာခြင်း၊ ကြောက်ရွံ့ခြင်း အထင်သေးချင်း လုံးဝမရှိချေ။

"ကျွန်တော့်နာမည် ချင်းလွေလို့ ခေါ်ပါတယ် ခင်ဗျာ... "

"သြော်... မင်းက ချင်းအမျိုးအနွယ်ကိုး... "

သူ၏ စကားသံ၌ စိတ်ပျက်အားလျော့မှုများ ပါဝင်နေ၏။

ချင်းလွေက...

"ဦးနာမည်ကော ပြောပြနိုင်မလားခင်ဗျာ... "

"ပြောပြနိုင်ပါတယ်ကွာ... ငါ့နာမည်ဝေထင်းလို့ ခေါ်တယ်... ငါက မင်းကို မြင်မြင်ချင်းခင်မင်ရင်းနှီးမိလို့ နာမည်ရင်းပြောပြတာ

"ငါနားလည်ပြီ... မင်းဟာ မဟုတ်မခံစိတ် ရှိတဲ့လူပဲ... ဒါပေမဲ့ နေရာတကာသူများကိစ္စထဲ ဝင်မရှုပ်နဲ့... အထူးသဖြင့် မီးနဂါးဂိုဏ်းနဲ့ မပတ်သက်မိစေနဲ့... သူတို့နဲ့ မင်း ပတ်သက်ရင် ဒုက္ခရောက်လိမ့်မယ်... ငါပြောတာ သေသေချာချာမှတ်ထားနော်... "

"ဟုတ်ကဲ့... "

ဒုက္ခိတအဘိုးအိုမှာ ထူးခြားပြီး လျှို့ဝှက်သူဖြစ်ကြောင်း ဆင်ခြင်မိ၏။

မီးနဂါးဂိုဏ်းသည် အင်အားတောင့်တင်းပြီး ရက်စက်ကြမ်းကြုတ်ကြောင်း နေရာတကာ ပါဝင်စွက်ဖက်ကာ ဓိုလ်ကျလေ့ရှိကြောင်း သူတို့လုပ်ရပ်များကို လက်ပိုက်ကြည့်မနေနိုင်သူများကြား ဝင်ဟန့်တားမိလျှင် သူတို့၏ ရန်သူအဖြစ် သတ်မှတ်ကာ အင်နှင့်အားနှင့် ချေမှုန်းနှိပ်ကွပ်ပစ်တတ်ကြောင်း ထင်းရှူးမြို့လေးဌ နေထိုင်စဉ်ကပင် ကြားဖူးထားခဲ့သည်။

ချင်းလွေသည် သိုင်းပညာကို အပတ်တကုတ်လေ့လာ သင်ကြားပြီး သိုင်းလောက သတင်းနားစွင့်နေသူဖြစ်၍သာ ထိုသတင်းများကြားသိခဲ့ခြင်းဖြစ်၏။

ဖခင်ချင်းဖုန်းထံ၌ မီးနဂါးဂိုဏ်းအကြောင်းကို စုံစမ်းမေးမြန်းကြည့်သောအခါ ချင်းဖုန်းက မီးနဂါးဂိုဏ်းနှင့် လုံးဝပတ်သက်ခြင်း မပြုဘဲ ဝေးဝေးမှ ရှောင်ရှားရန်ပြင်းပြင်းထန်ထန် သတိပေးဖူးသည်။

ယခု ဝေ့ထင်းကလည်း သတိပေးနေပြန်လေပြီ။

ဝေ့ထင်းက...

တခြားလူတွေဆို ငါ့ပါးစပ်ထဲတွေ့တဲ့နာမည် ပြောပစ်လိုက်တာပဲ"

ချင်းလွေပြုံးလိုက်သည်။

"ဘာဖြစ်လို့လဲ ဦးရဲ့... "

"ဘာဖြစ်ရမှာလဲ... လူယုတ်မာတွေက ငါ့ကို အသေရရ အရှုံးရရ လိုချင်နေလို့ပေါ့... "

"ဗျာ... "

ချင်းလွေ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

အဘိုးအို ဝေ့ထင်းက...

"တကယ်လို့ မင်းဟာ မီးနဂါးဂိုဏ်းက ဖြစ်နေရင် ငါ့ကိုဖမ်းပြီး ဒေါသနဂါးဆီကို ပို့ပေးလိုက်ပါ... မင်းတစ်သက်စာ မကုန်အောင် ဆုငွေ မြှင့်ခံရမှာပဲ... "

"အိုမဟုတ်တာ... ကျွန်တော်ဟာ မီးနဂါးဂိုဏ်းက မဟုတ်ပါဘူး... ဒီနာမည်လည်း မကြားဖူးပါဘူး... "

ဝေ့ထင်း မျက်မှောင်ကုတ်ကာ...

"မီးနဂါးဂိုဏ်းအကြောင်း မင်းမကြားဖူးဘူးပေါ့... "

"ဟုတ်ပါတယ်... ကျွန်တော်သိုင်းလောကအကြောင်း ဘာမှ မသိပါဘူးခင်ဗျာ... "

ချင်းလွေ အမှန်အတိုင်း ဝန်ခံလိုက်၏။

ဝေ့ထင်းသည် ချင်းလွေအား အတန်ကြာ အကဲခတ်ကြည့်လိုက်ပြန်သည်။

ပြီးနောက် ခေါင်းတဆတ်ဆတ် ညိတ်ကာ...

"မင်းကိုငါတွေ့ချင်သေးတယ်... မင်းနေတဲ့ ထင်းရှူးမြို့ကို လာလို့ရမလား... "

"ဟုတ်ကဲ့... လာလို့ ရပါတယ်... "

"မင်းအဖေဟာ ချင်းဖုန်းနော်... "

"ဟုတ်ပါတယ်... "

ဝေထင်း ခေါင်းတဆတ်ဆတ်ညိတ်၏။

ဝေထင်းက စိတ်ထဲက ပြောမိသည်။

"စာပေပညာရှင် ချင်းဖုန်းများ ဖြစ်နေမလားပဲ... "

ချင်းလွေကမူ တစ်မျိုးတွေးနေလေ၏။

ဝေထင်းလာရှာသည့်အချိန်၌ သူသည်ထင်းရှူးမြို့ကလေး၌ ရှိနေတော့မည် မဟုတ်ကြောင်း တွေးနေမိခြင်းဖြစ်သည်။

ဝေထင်းက...

"တကယ်လို့ မင်းအကူအညီလိုတယ်... အခက်အခဲဒုက္ခတွေ့ တယ်ဆိုရင် ငါ့ကိုမမေ့ပါနဲ့... ဒီမြို့က သိုင်းရာစော ရွာဝမ်အိမ်မှာ ငါရှိနေ မယ်... ငါဆီကို လာခဲ့ပေါ့ဟုတ်လား... "

ချင်းလွေ ပြုံးလိုက်သည်။

သူသည် မည်သူ့ကိုမျှ ဒုက္ခပေးသူ မဟုတ်သဖြင့် သူ့အား ဒုက္ခ ပေးမည့်သူမရှိဟု ယုံကြည်ထားသည်။

သို့သော် ဝေထင်းစိတ်ကျေနပ်အောင် ခေါင်းညိတ်လိုက်ရ သည်။

"စိတ်ချပါ ခင်ဗျာ... "

ဝေထင်း စားသောက်ပြီးသွားပြီ ဖြစ်ရာ အင်္ကျီအိတ်ထဲမှ ငွေ တုံးကလေးတစ်တုံး နှိုက်ယူကာ စားပွဲပေါ်တင်လိုက်၏။

ချင်းလွေကို ကြည့်ကာ...

"အချိန်မရလို့ မင်းနဲ့ စကားကြာကြာမပြောနိုင်တာ ခွင့်လွှတ် ပါကွာ... နောက်ထပ်တွေ့ကြသေးတာပေါ့ ဟုတ်လား... "

"ဟုတ်ကဲ့... "

ဝေထင်းသည် ထိုင်ရာမှထကာ ချိုင်းထောက်ကို အားပြု ရင်း ဆိုင်ထဲမှ ထွက်သွားလေ၏။

ချင်းလွေက သူ၏နောက်ကျောကို စိုက်ကြည့်ကာ ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာရ၏။

ဒုက္ခတအဘိုးအို ဝေထင်းသည် သူနှင့်တစ်နည်းတစ်ပုံ ပတ် သက်နေသည်ဟု ထင်နေမိသည်။

ယခုမှ တွေ့ဆုံရသည့် လူတစ်ယောက်အား နှစ်ပေါင်းများ စွာ ခင်မင်ရင်းနှီးခဲ့ဖူးသူ တစ်ယောက်ကဲ့သို့ ခင်မင်ရင်းနှီးသော စိတ် ထားပေါ်ပေါက်လာသည်မှာ အံ့သြဖွယ်ကောင်းလှသည်။

ချင်းလွေတွေဝေ ငေးငိုင်နေစဉ်မှာပင် ထူးခြားသောအဖြစ် အပျက်တစ်ခု ဖြစ်ပေါ်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ဆိုင်လုလင် တစ်ယောက်သည် ဆိုင်ထဲသို့ ခပ်သွက်သွက် ဝင်လာ၏။

သူ၏ နောက်မှခန္ဓာကိုယ်ထွားကျိုင်း သန်မာပြီး ဓားကိုယ်စီ လွယ်ထားသော လူငါးယောက်လိုက်ပါလာကြသည်။

ဆိုင်လုလင်သည် ဆိုင်အပေါက်ဝမှ နေပြီးဆိုင်ထဲဝင်ကြည့်လိုက်၏။

ဝေထင်းစားပွဲမှ ထလာသည်ကိုတွေ့လျှင် သူ၏နောက်မှ လိုက်ပါလာသူ ငါးယောက်အား တစ်စုံတစ်ခု တီးတိုးပြောပြီး ဝေထင်းကို ညွှန်ပြလိုက်သည်။

ပြီးနောက် သူနှင့်မဆိုင်သလို ဆိုင်နောက်ဘက်သို့ ခပ်ကုပ်ကုပ် ဝင်သွားလေသည်။

အခြေအနေအရပ်ရပ်ကို ချင်းလွေနားလည်သဘောပေါက်လိုက်မိသည်။

လုရန်မြို့ရှိ စားသောက်ဆိုင်များဟူသမျှသည် အမြတ်ငွေ၏ သုံးပုံတစ်ပုံအား မီးနဂါးဂိုဏ်းကို ခွဲဝေပေးရသည်။

မီးနဂါးဂိုဏ်းက ထိုသို့ မိုက်ကြေးခွဲကာ ခေါင်းပုံဖြတ်ယူထားသလို အကယ်၍ အနှောင့်အယှက်ပေးသူရှိပါက ကာကွယ်ဆုံးမရန် တာဝန်ယူထားသည်။

ထို့ကြောင့် ဆိုင်ထိုင်က ဝေထင်းအား ဆိုင်ထဲမှ မောင်းထုတ်၍မရသောအခါ မီးနဂါးဂိုဏ်းမှ သိုင်းသမားများကို လူလွှတ်ခေါ်ခိုင်းလိုက် ခြင်းဖြစ်ပေသည်။

ထိုသို့ တွေးတောစဉ်းစားမိသည်နှင့် ချင်းလွေသည် ဝေထင်းအဝတ်ကို စိုးရိမ်ပူပန်လာသည်။

ဝေထင်းထွက်လာသည်ကို တွေ့ရသောအခါ လူသန်ကြီး ငါးယောက်က ချက်ချင်းနောက်လှည့်ထွက်သွားသည်။

စားသောက်ဆိုင်ထဲ၌ ဝရုန်းသုန်းကား မဖြစ်စေလိုသဖြင့် ဆိုင်အပြင်ဘက် လမ်းမပေါ်၌ စောင့်ကြိုတိုက်ခိုက်ရန်ဖြစ်ကြောင်း ထင်ရှား၏။

ချင်းလွေ မနေသာတော့ချေ။

ထိုင်ရာမှထကာ စားသောက်ဆိုင်အပြင်ဘက်သို့ ပြေးထွက်သွား၏။

အပြင်ဘက် ရောက်သည်နှင့် ဒုက္ခိတအဘိုးအို(၀၀) ဝေထင်းအား လူသန်ကြီး ငါးယောက်က ဝိုင်းရံထားသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

❦ ❦ ❦

"ခင်ဗျားရဲ့ ပုံသဏ္ဌာန်နဲ့ လမ်းဘေးမှာပဲ စားသောက်သင့်တယ်... သူများဆိုင်ဂုဏ်သိက္ခာကျအောင် ဝင်မစားသင့်ဘူးဆိုတာ နားမလည်ဘူးလား.... သွားခိုင်းရင် သွားပါလား.... ဘာဖြစ်လို့ မသွားတာလည်း အသားနာချင်လို့လား.... "

ဝေထင်းက သူတို့အား ဝေ့ကြည့်လိုက်သည်။

သူက ခပ်အေးအေးပြောသည်။

"ကျုပ်က ပိုက်ဆံပေးစားသောက်တာပဲ... ကျုပ်ကိုကောင်းကောင်းမွန်မွန် ပြောရင် စားသောက်ဆိုင်ထဲဝင်ဖို့ မပြောနဲ့... ဆိုင်ရိပ်တောင် မနင်းဘူးဗျ... အခုတော့ သူခိုးဓားပြကျနေတာပဲ... ကျုပ်ကို ဝိုင်းပြီး ဆွဲထုတ်ကြလို့ တမင်ဝင်စားတာ ဘာဖြစ်သလဲ... "

စုမင်က...

"ကျုပ်တို့က ဒီစားသောက်ဆိုင်တွေကို ကာကွယ်စောင့်ရှောက်နေတယ်ဆိုတာ မသိဘူးလား.... ခင်ဗျား မှန်သည်ဖြစ်စေ... မှားသည်ဖြစ်စေ... ကျုပ်နားမလည်ဘူး.... ကျုပ်တို့တာဝန်ယူထားတဲ့ စားသောက်ဆိုင်ကို ဝင်ရှုပ်ရင် ကျုပ်တို့က မှတ်လောက်သားလောက်အောင် ဆုံးမရမှာပဲ... "

ဝေထင်း ပခုံးတွန့်လိုက်သည်။

"သိပ်တော်တဲ့ လူတွေပဲ ဟုတ်လား.... "

"ဘာ... "

စုမင် ဒေါပွသွား၏။

အခန်း [၂၅]

ဂိုဏ်းခွဲမှူး၏ ရန်စွယ်

လူသန်ကြီးတစ်ယောက်၏ အော်ငေါက်သံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

"ရပ်လိုက်စမ်း.... "

ထိုလူသည် မျက်နှာနီစပ်စပ်ရှိပြီး နှုးပြောင်သူဖြစ်သည်။ မီးနဂါးဂိုဏ်းမှ အပွဲ့ခေါင်းဆောင်တစ်ယောက်လည်း ဖြစ်၏။ သူ၏အမည်မှာ စုမင်ဖြစ်သည်။

စုမင်၏ ဟန့်တားသံကြောင့် ဒုက္ခိတ အဘိုးအို ဝေ့ထင်း မြေလှမ်းရပ်လိုက်၏။

သူ့အား လူသန်ကြီးငါးယောက် ဝိုင်းရံထားကြသည်ကိုတွေ့ရသော်လည်း လုံးဝအရေးစိုက်ပုံမရပါ။

စုမင်က ရှေ့တိုးလာပြီး....

ချက်ချင်းပင် ဝေထင်းထံသို့ ခုန်ဝင်ကာ တိုက်ခိုက်လေသည်။

ဝေထင်းက ချိုင်းထောက်ကို ဝှေ့ယမ်းလိုက်၏။

"ဝုန်း... "

ကျယ်လောင်သော အသံနှင့်အတူ စုမင်မှာ နောက်သို့ လွင့်စဉ်သွားတော့၏။

စုမင် ထိတ်လန့်သွားသည်။

ဒုက္ခိတကြီးမှာ ခေသူမဟုတ်ကြောင်း နားလည်သဘော ပေါက်သွား၏။

ထို့ကြောင့်...

"ဟေ့... ဘာလုပ်နေကြတာလဲ... ဝိုင်းတိုက်ကြစမ်း... "

အော်ဟစ်အမိန့်ပေးလိုက်၏။

သူ၏ အမိန့်ပေးစကားကြားသည်နှင့် ကျန်လူလေးယောက်သည် စားကိုယ်စီဆွဲထုတ်ရင်း ဒုက္ခိတအဘိုးအို ဝေထင်းထံသို့ ပြေးဝင်တိုက်ခိုက်လေတော့သည်။

ချင်းလွေသည် ဆိုင်အပေါက်ဝသို့ ရောက်လာသည်နှင့်တိုက်ပွဲကို မြင်တွေ့သွား၏။

"ရပ်လိုက်ကြစမ်း... "

ချင်းလွေ၏ အော်သံကြောင့် စုမင်လှမ်းကြည့်လိုက်၏။

ချင်းလွေကို တွေ့သည့်အခါ မျက်မှောင်ကြုတ်သွားလေ၏။

"မင်းဘယ်သူလဲ... သူနဲ့ဘယ်လိုပတ်သက်နေလို့လဲ... "

"သူက ကျုပ်မိတ်ဆွေဗျ... ခင်ဗျားတို့ မတရားမလုပ်ပါနဲ့... "

ချင်းလွေ၏ ဝတ်စားဆင်ယင်ပုံကိုကြည့်ကာ ချမ်းသာကြွယ်ဝသော မိသားစုမှ ဆင်းလာသူဖြစ်ကြောင်း စုမင်ဆင်ခြင်မိ၏။

ထို့ကြောင့်...

"မင်းဟာ ဒီမြို့ကလား... ဘယ်သူ့ သားသမီးလဲ... "

မေးလိုက်သည်။

ချင်းလွေက ဖခင်ချင်းဖုန်း၏ အမည်ကိုပြောပြလိုက်လျှင် အခြေအနေ ပိုမိုရှုပ်ထွေးလာမည်ဖြစ်ကြောင်း ရိပ်မိ၏။

ထို့အပြင်...

စုမင်တို့သည် မီးနဂါးဂိုဏ်းမှ ဖြစ်မည်ဟု တွေးမိရာ မိမိဖခင်ဖြစ်သူ ဒုက္ခရောက်ရမည့် အရေးကိုလည်း ထပ်မံတွေးမိလေ၏။

"ကျုပ်က ဘယ်သူဘယ်ဝါဆိုတာ အရေးမကြီးဘူး... ခင်ဗျားတို့ရဲ့ မတရားလုပ်ရပ်တွေကို ရပ်တန်းကရပ်ပါ... "

သူ့စကားကြောင့် စုမင်ဒေါပွသွား၏။

"ကြီးကြီးကျယ်ကျယ် မင်းသေချင်ပြီ ထင်တယ်ကွ... "

ပြောရင်း ပြေးဝင်တိုက်ခိုက်လာသည်။

ချင်းလွေ ရင်ထိတ်သွား၏။

သိုင်းပညာသင်ကြားထားသော်လည်း တစ်ကြိမ်တစ်ခါမျှ သူ တစ်ပါးနှင့် ရန်မဖြစ်ဘူးချေ။

သိုင်းပညာဆိုသည်မှာ လေ့ကျင့်သင်ကြားရုံမျှမက တစ်ခါ

တစ်ရံ တကယ်တိုက်ပွဲ၌လည်း ဝင်ရောက်လေ့လာရသည်။

သို့မှသာ တကယ်ပွဲတိုးပြီး သိုင်းပညာလည်း ထိရောက်သည်။

စုမင်တိုက်ခိုက်လာသောအခါ မည်သို့ ပြန်လည်ခုခံရမည်ကို စဉ်းစားမရဘဲ ဖြစ်နေ၏။

သို့သော်...

စုမင်က တရကြမ်း ပြေးဝင်လာနေပြီဖြစ်ရာ ဆိုင်ပေါက်ဝအနီး ရှိ ချထားသော ကုလားထိုင်တစ်လုံးကို ဆွဲယူကာ ပစ်ပေါက်လိုက်သည်။

ကံကောင်းထောက်မပြီး သူပစ်ပေါက်လိုက်သော ကုလားထိုင်သည် စုမင်၏ ဦးခေါင်းကို တည့်တည့်မတ်မတ် ထိမှန်သွားလေသည်။

"ခွပ်... "

"အား... "

ဦးခေါင်းပွန်းပဲ့ကာ သွေးများထွက်သွား၏။

အရှိန်ဖြင့် ပြေးလာရာမှ မြေပေါ်သို့ ဖင်ထိုင်လဲကျသွားလေသည်။

ထိုစဉ်မှာပင်...

"ဝုန်း... "

"အား... "

"အမယ်လေး... "

"အွန်... "

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ချင်းလွေ လှမ်းကြည့်လိုက်သောအခါ ဒုက္ခိတ အဖိုးအိုအား ဝိုင်းရံတိုက်ခိုက်နေသူ လေးယောက်မှာ လူတခြား လက်နက်တခြား ဖြစ်ကာ အဝေးသို့ လွှင့်စဉ်သွားသည်ကို တွေ့မြင်လိုက်ရလေသည်။

ချင်းလွေသဘောကျသွား၏။

လက်ခုပ်လက်ဝါးတီးကာ ရယ်မောလိုက်သည်။

ဝေ့ထင်းက မေး၏။

"မင်း သဘောကျတယ် ဟုတ်လား... "

ချင်းလွေ ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... ဒီလိုလူမျိုးကို ဒီလိုပဲ ဆုံးမသင့်တယ် မဟုတ်လား... "

"အေး... သူတို့ဘယ်သူဘယ်ဝါဆိုတာ မင်းသိလို့လား... "

"မသိပါဘူး... "

"အေး... မသိရင် မြဲမြံမှတ်ထား... သူတို့က မီးနဂါးဂိုဏ်းက ဆိုတာပဲ... နောက်နောင် ဝေးဝေးကရှောင် မှတ်ထား... "

"ဗျာ... "

"မဗျာနဲ့... မင်း ငါ့ကို ခင်မိတာ ဒုက္ခကို လက်ယပ်ခေါ်သလို ဖြစ်နေပြီ... ကဲ... သွားမယ်... မင်းလည်း သွားစရာရှိတာ သွားပေ

တော့... အကောင်းဆုံးက မင်းဒီမြို့ထဲကမြန်မြန်ထွက်သွားပေတော့'

စကားဆုံးသည်နှင့် ဝေထင်းလှည့်ထွက်သွားလေသည်။

ချင်းလွေ ငိုင်လျက် ကျန်ရစ်ခဲ့သည်။

ထိုစဉ်...

စုမင်တို့ လူစုမှာ မြေပေါ်မှ လူးလိမ့်ထလာကြ၏။

သူတို့သည် ချင်းလွေနှင့် ဝေထင်းတို့အား ကြည့်ကာ မတို့ကံ ဝံတော့ဘဲ နောက်ဆုတ်သွားကြ၏။

ခပ်လှမ်းလှမ်းသို့ ရောက်သည့်အခါ ချာခနဲ လှည့်ကာ ထွက်ပြေးသွားကြတော့၏။

သူတို့သည် အနိုင်ရသူဆိုလျှင် ကျားခြင်္သေ့ပမာ ဟိန်းဟောက်ကာ အနိုင်ယူတတ်ကြပြီး သူတို့အား ဆုံးမမည့်သူနှင့် တွေ့လျှင် ကြွက်စုတ်ကလေးများပမာ ထွက်ပြေးကြမည်သာ ဖြစ်ပေသည်။

ချင်းလွေသဘောကျစွာ ပြုံးလိုက်သည်။

ထို့နောက်...

မြင်းပေါ်သို့ ခုန်တက်ကာ စားသောက်ဆိုင်ကလေးရှေ့မှ ထွက်လာခဲ့လေတော့သည်။

♥ ♥ ♥

လုရန်မြို့... ။

စည်ကားသိုက်မြိုက်လှသော လုရန်မြို့သို့ ချင်းဖုန်းရောက်ရှိလာသောအခါ မွန်းလွဲပိုင်း အချိန်ကို ကျော်လွန်လာခဲ့ပြီ ဖြစ်သည်။

လုရန်မြို့သည် စည်ကားသိုက်မြိုက်လှသည်နှင့်အညီ မြို့နယ်နမိတ်ကျယ်ဝန်းလှသည်။

ထို့ကြောင့်...

ချင်းလွေအား လိုက်ရှာရမည့် အလုပ်မှာ ကောက်ပုံထဲအပ်ရှာရသလို ခက်ခဲမည်ဟု နားလည်၏။

သို့သော် မရမနေ တွေ့အောင်ရှာရန် ဆုံးဖြတ်ထားပြီးဖြစ်သည်။

လုရန်မြို့၌ သူ၏တပည့်တပန်းများရှိသည်။

သူကိုယ်ကိုင် သာမက သူ၏ တပည့်များကိုပါ ချင်းလွေအားရှာဖွေဖို့ ခိုင်းစေနိုင်မည် မဟုတ်ပါလား...

ချင်းဖုန်းက လုရန်မြို့သို့ ရောက်သည်နှင့် သူ၏ တပည့်များကို လွှဲအပ်ထားသော ကုန်ပွဲရုံဆီသို့ ဦးတည်သွားသည်။

မင်းလမ်းမကို ဖြတ်ကာ လမ်းကြားတစ်ခုထဲသို့ ချိုးကွေ့မည် အပြုဆဲ...

ရုတ်တရက်...

"ဟော့... မင်းဘယ်တုန်းက ရောက်လာတာလဲကွ... "

စကားသံကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားရ၏။

ကျော်အမော်တွေ ရောက်နေကြတယ်ကွ... သံမဏိဂိုဏ်းချုပ်ရဲ့သား ဝေထင်းလည်း လာမယ်လို့ သတင်းကြားရတယ်... ဒေါသနဂါးလက် ချက်ကြောင့် သံမဏိဂိုဏ်းပျက်သွားရသလို ဂိုဏ်းချုပ်ဝေရှောင်ချင်း လည်းသေသွားခဲ့ရတယ် မဟုတ်လား... ပုကျင်ဟိုက ဝေထင်းကို အသေရရ အရှင်ရရလိုချင်နေတာ... သိုင်းရာဇာရှုဝမ်ဟာ ဝေထင်းကို တောင်ရအောင် ဖိတ်ကြားနိုင်တယ်ဆိုတော့ သိုင်းလောကသားတွေ ကိုအတော်ကလေး စည်းရုံးမိပြီဆိုတာ ထင်ရှားနေတာပဲ... မီးနဂါးအဖွဲ့ က အထောက်တော်တွေကလည်း မျက်ခြည်မပြတ် စောင့်ကြည့်နေ ကြတာကွ... ပွဲကြီးပွဲကောင်းပဲ... လာ... သွားကြရအောင်... "

ပြောပြီး ချင်းဖုန်း၏လက်ကို ဆွဲခေါ်လိုက်လေသည်။

ချင်းဖုန်း အခက်ကြုံသွား၏။

သားဖြစ်သူ ချင်းလွေအား လိုက်ရှာနေခြင်းဖြစ်ကြောင်း ပြောမထွက်တော့ချေ။

သိုင်းသမားကောင်းတို့ မည်သည် မိမိအကျိုးထက်အများ အကျိုး ရှေ့တန်းတင် ဆောင်ရွက်ရမည့် ဝတ္တရားရှိသည် မဟုတ်လား။

သိုင်းရာဇာရှုဝမ်၏ စံအိမ်၌ ပြုလုပ်သော ဆွေးနွေးပွဲသည် နှစ်ပေါင်းများစွာကြာအောင် မီးနဂါးဂိုဏ်းစိုးမိုးဖိုလ်ကျနေသည်ကို ချေမှုန်းရန် အစပြုလှုပ်ရှားခြင်းပင် ဖြစ်လေတော့သည်။

သိုင်းလောကသားများ ညီညွတ်ကြလျှင် သိုင်းလောက၌ ဖိုလ်ကျမင်းမူနေသော မီးနဂါးဂိုဏ်းကို ချေမှုန်းသုတ်သင်နိုင်မည်

ထိုအခါ လမ်းတစ်ဘက်ရှိ စားသောက်ဆိုင်တစ်ဆိုင်မှ ထွက် လာသော ဟန်ကျို့အား တွေ့မြင်လိုက်ရသည်။

ချင်းဖုန်း မြင်းပေါ်မှခုန်ဆင်းလိုက်၏။

ဟန်ကျိုးက သူ့အနီးသို့ ရောက်လာပြီး...

"အတော်ပဲ... မင်းရောက်လာတာစောလို့ နို့မဟုတ်ရင် လူ လွတ်ပြီး မင်းကိုခေါ်ခိုင်းမလို့ စိတ်ကူးထားတာကွ... "

ချင်းဖုန်း မျက်မှောင်ကုတ်၏...

"ဘာဖြစ်လို့လဲ... "

"ဘာဖြစ်ရမှာလဲ... သိုင်းရာဇာ ရှုဝမ်က ဆွေးနွေးပွဲကျင်းပ မဲ့ အချိန်ပြောင်းလိုက်ပြီလေ... တို့လူတွေအားလုံးစုံမှတော့ စောစော ကျင်းပလိုက်တာ ကောင်းတယ်မဟုတ်လား... မီးနဂါးဂိုဏ်းရန်ကို လည်း စိုးရိမ်ရသေးတယ်... "

"သိုင်းရာဇာ ရှုဝမ်က ဘယ်နေ့ကျင်းပဖို့ဆုံးဖြတ်လိုက်သ လဲ..."

"ကနေ့ညပဲ... "

"ဟင်... "

ချင်းဖုန်း အံ့သြသွားသည်။

ဟန်ကျိုးက...

"မင်းရောက်လာတာနဲ့ အတော်ပဲ... သိုင်းရာဇာရှုဝမ်ဆီကို သွားကြရအောင်... တို့ထက်အလျင် အနယ်နယ်အရပ်ရပ်က သိုင်းဘ

မဟုတ်ပါလား။

ချင်းဖုန်းတွေဝေ စဉ်းစားခြင်း မပြုတော့ဘဲ ဟန်ကျိုးနှင့် လိုက်သွားရန် ဆုံးဖြတ်လိုက်၏။

ချင်းလွေသည် မိဘများကို ရှာဖွေရန် စန်းတုံးမြို့ကလေးမှ မုဆိုးအာဝီးထံသွားမည်ဖြစ်ပေသည်။

ချင်းလွေသွားမည့် နေရာကို သိရှိထား၍ စိုးရိမ်ပူပန်မှု လျော့ကျသွား၏။

ဟန်ကျို့က...

"မင်းဘာငိုင်နေတာလဲ... သွားစို့... "

သူသည် စကားဆုံးသည်နှင့် ရှေ့မှလျှောက်သွား၏။

ချင်းဖုန်းလည်း မြင်းဇော်ကြိုးကို ဆွဲကာနောက်မှ လိုက်သွားသည်။

သို့သော် ချင်းဖုန်း ရင်ထိတ်သွားသည်။

နောက်မှ တိတ်တဆိတ်လိုက်လာသူ သုံးယောက်ရှိနေကြောင်း ချင်းဖုန်းရိပ်မိလိုက်သည်။

ထို့ကြောင့်...

ဟန်ကျို့အား အသံတိုးတိုးဖြင့် ပြောလိုက်သည်။

"အစ်ကိုကြီးကျို့... ကျွန်တော့်နောက်မှာအဖော်ပါလာတယ်..."

"ဘာလဲ... တို့နောက်မှာ နောက်ယောင်ခံလိုက်တဲ့လူ ရှိနေတယ်လို့ မင်းဆိုလိုချင်တာ မဟုတ်လား... "

"ဟုတ်တယ်... "

"မပူပါနဲ့ကွာ... ဒီလူသုံးယောက်ဟာ ငါတပည့်သုံးယောက်ပါကွ... "

"ဩော်... "

ဟန်ကျိုး၏ စကားကြောင့် ချင်းဖုန်းစိတ်သက်သာရာ ရသွား၏။

ဟန်ကျိုးနှင့်အတူ စိတ်အေးလက်အေး လိုက်ပါသွားလေတော့သည်။

သူတို့နောက်မှ လိုက်လာသူ သုံးယောက်က ဟန်ကျိုး၏ လူများဖြစ်ကြ၏။

သို့သော်...

သူတို့အားလုံး၏ နောက်မှ လူတစ်ယောက်နောက်ယောင်ခံလိုက်နေသည်ကိုမူ မသိကြချေ။

ထိုလူသည် မယောင်မလည်ဖြင့် ဟန်ကျိုးတို့၏ လှုပ်ရှားမှုကို အကဲခတ်ကြည့်ကာ နောက်ယောင်ခံလိုက်လာလေတော့သည်။

❦ ❦ ❦

လျှံထိန်၏ မျက်နှာပြိုးရွှင်နေ၏။

စားပွဲပေါ်၌ အရက်ခွက်ကို ကောက်ယူကာ တစ်ရှိန်ထိုးမော့ချလိုက်သည်။

အရက်များများ သောက်ထားခြင်းကြောင့် သူ၏ မျက်နှာနီမြန်းနေသည်။

မူးယစ်နေပြီဖြစ်ရာ သူ၏ ရယ်မောသံမှာ အထိန်းအကွပ် မရှိကျယ်လောင်နေပြီး သူ၏ စကားများလည်း ပရမ်းပတာဖြစ်နေ၏။

အရက်မူးမူးနှင့် ပြောချင်ရာ ပြောနေသည်။

သို့သော်...

သူ့အား စိတ်ရှည်လက်ရှည် နည့်ဝတ်ပြုနေသူ ရှိသည်။

ထိုလူသည်လည်း ရယ်ရယ်မောမော ပြိုးပြိုးရွှင်ရွှင်ဖြင့် လျှံထိန်အတွက် အရက်တစ်ခွက်ပြီး တစ်ခွက်ငဲ့ထည့်ပေးနေ၏။

လျှံထိန်မှာ အသက်လေးဆယ်ကျော်ခန့်မျှသာ ရှိသေးသည်။

သူ့အား ခြေဆုပ်လက်နယ်လိုလေသေးမရှိ ပြုစုနေသူကား အသက်ခြောက်ဆယ်နီးပါးရှိ အဘိုးအိုတစ်ယောက်ဖြစ်ပေသည်။

ထိုအဘိုးအိုသည် လျှံထိန်၏ အခိုင်းအစေတစ်ယောက် မဟုတ်ပါ။

လုရန်မြို၌ ထင်ရှားသော သူဌေးကြီးဟုတ် ဆိုသူပင်ဖြစ်သည်။

သူဌေးကြီးဟုတ်မှာ မိမိအသက်အရွယ်နှင့် ဂုဏ်သိက္ခာကို မထောက်ဘဲ လျှံထိန်အား မျက်နှာလိုမျက်နှာရ ပြုနေသည်မှာ အံ့သြ

ဖွယ်ကောင်းလှသည်။

သို့သော်...

လုရန်မြို့မှ လူများကမူ ထိုအချင်းအရာသည် အံ့သြဖွယ်ရာ ကိစ္စမဟုတ်ဟု နားလည်ထားကြ၏။

အဘယ်ကြောင့်ဆိုသော်...

သူဌေးကြီးဟုတ်သည် လောဘသက္ကာယ ကြီးမားသူဖြစ်ပြီး မိမိ၏အကျိုးစီးပွားအတွက် မည်သို့သော ကိစ္စမျိုးမဆို ပြုလုပ်ရန် ဝန်မလေးသူဖြစ်ခြင်းကြောင့် ပေတည်း။

ထို့ကြောင့်...

လုရန်မြို့အား ချုပ်ကိုင်ထားသည့် မီးနဂါးဂိုဏ်းခွဲ၏ ခေါင်းဆောင်လျှံထိန်အား မျက်နှာလို မျက်နှာရ ပြုစုနေသည်မှာ အံ့သြစရာမဟုတ်တော့ချေ။

လျှံထိန်သည် လုရန်မြို့ အနီး ပတ်ဝန်းကျင်ဒေသကို ချုပ်ကိုင်ထားသည့် မီးနဂါးဂိုဏ်းမှ ခေါင်းဆောင်တစ်ယောက်ဖြစ်သည်။

မီးနဂါးဂိုဏ်းကြီး၌ ခေါင်းဆောင်ငယ်ဖြစ်သော်လည်း လုရန်မြို့၌မူ မြို့စားကြီး တစ်ယောက်ပမာ တန်ခိုးအာဏာ ထက်မြက်သူ တစ်ဦး ဖြစ်နေတော့သည်။

သူဌေးကြီးဟုတ်က ...

"ဆရာလျှံကတိပေးတယ်ဆိုရင် ကျုပ်ကျေနပ်ပါပြီဗျာ... ဒီကုန်ပွဲရဲ့သာ ကျုပ်လက်ထဲရောက်လာရင် ဆရာလျှံအတွက်လည်း

ပြည့်ဝအောင် ကျူပ်ဖန်တီးပေးမယ်... "

"ကျေးဇူးတင်လိုက်တာဗျာ... ဒါကြောင့်လည်း ဆရာလျှံကို အားကိုးနေရတာပေါ့... "

"ဟား... ဟား... ဟား... "

လျှံထိန် လက်ဝှေ့ယမ်းပြလိုက်သည်။

သူဌေးကြီးဟုတ်က အခန်းတွင်းမှ ယို့ယို့ကလေး ထွက်သွား၏။

သူဌေးကြီးဟုတ် ထွက်သွားပြီး မကြာမီ လူတစ်ယောက် ခပ်သွက်သွက်ဝင်လာ၏။

ထိုလူမှာ စုမင်ပင်ဖြစ်၏။

စုမင်ရောက်လာသည်ကို တွေ့လျှင် လျှံထိန်ထိုင်ရာမှ ဝုန်း ခနဲ ထရပ်လိုက်၏။

အဘယ်ကြောင့်ဆိုသော် စုမင်၏မျက်နှာနှင့် ဦးခေါင်းမှာ ပေါက်ပြကာ သွေးများပေကျံနေသောကြောင့်ပေတည်း။ သူလူခံလာရသည်ကို ထိုအခြင်းအရာများက သက်သေပြနေသည် မဟုတ်ပါလား။

လုရန်မြို့ရှိ မီးနဂါး ဌာနခွဲအား သူအုပ်ချုပ်လာခဲ့သည်မှာ ဆယ်နှစ်ခန့်ရှိချေပြီ။

ထိုအချိန်ကာလအတွင်း မီးနဂါးဂိုဏ်းအဖွဲ့အား အာခံဝံ့သူ မတွေ့ရသေးချေ။

ယခု စုမင်၏ မျက်နှာ၌ သွေးများပေကျံနေသည်ကို မြင်

မနစ်နာစေရပါဘူးဗျာ... ဟဲ... ဟဲ... "

"ဒီကုန်ပွဲရဲ့ ပိုင်ရှင်က ခင်ဗျားရှေ့မှာ ဒူးထောက်ပြီး သူ့ရဲ့ပွဲရဲ့ကို ဝယ်ပါလို့ တောင်းပန်လာစေရမယ်ဗျာ... စိတ်ချ... "

"ကျေးဇူးပါပဲဗျာ... "

"ဒါထက် ကျူပ်အတွက်ကော... "

"အခုလောလောဆယ်တော့ ဆရာလျှံအလိုကျ အသစ်စက်စက်ကလေး တစ်ယောက်ခေါ်လာပါတယ်... ကုန်ပွဲရဲ့လက်ထဲရောက်လာပြီဆိုရင် ဆရာလျှံအတွက် ငွေတစ်သိန်းပို့ပေးလိုက်ပါ့မယ်... နောက်နောင်အကျိုးအမြတ်ရတိုင်း ဆရာလျှံအတွက် ဝေစုသပ်သပ်ပေးပါ့မယ်... "

"ဟား... ဟား... ဟား... ကျူပ်အတွက် အကျိုးဖြစ်ထွန်းဖို့ ခင်ဗျားအာမခံတယ်ပေါ့... ဟုတ်လားဗျ... "

"ဟုတ်ပါတယ်... မီးနဂါးဂိုဏ်းအတွက် ရန်ပုံငွေ သတ်သတ်ပေးပါ့မယ်... "

"ကောင်းပြီ... ခုနစ်ရက်အတွင်း ခင်ဗျားစိတ်တိုင်းကျ ဖြစ်စေရမယ်... "

ထိုစကားကြားရလျှင် သူဌေးကြီးဟုတ် မျက်နှာပျက်သွား၏။

"ဆရာလျှံ... ခုနစ်ရက်ဆိုတော့ မများဘူးလားဗျ... သုံးရက်လောက်နဲ့ မရနိုင်ဘူးလား... "

"ဟား... ဟား... စိတ်ချ... သုံးရက်အတွင်း ခင်ဗျားဆန္ဒ

လိုက်ရခြင်းကြောင့် တစ်စုံတစ်ခု မှားယွင်းနေပြီဖြစ်ကြောင်း နားလည်လိုက်သည်။

"ဟော... စုမင်... ဘာဖြစ်တာလဲ... ပြောစမ်း... "

ဒေါသတကြီး အော်ငေါက်မေးမြန်းလိုက်၏။

စုမင် ဒူးထောက်ကာ...

"ဆရာလျှံ... ဒုက္ခိတတစ်ယောက်နဲ့. လူငယ်လေးတစ်ယောက်ဟာ စားသောက်ဆိုင်တစ်ဆိုင်မှာ နှောင့်ယှက်နေတာမို့ ကျွန်တော်သွားပြီး ဆုံးမတာ... "

သူ၏ စကားမဆုံးမီ လျှံထိန်က ကြားဖြတ်ပြောလိုက်သည်။

"ဟိုရောက်တော့ သူတို့က ပြန်ဆုံးမလိုက်တယ်ပေါ့ ဟုတ်လား... "

စုမင် ခေါင်းညိတ်လိုက်၏။

"ဟုတ်... ဟုတ်ပါတယ်... "

လျှံထိန် ဆက်ပြောလိုက်၏။

"သွားစမ်း... အဲဒီလူတွေကို အခုချက်ချင်း ဖမ်းခေါ်လာခဲ့ကြ။

"ဆရာ... ဆရာလျှံထိန်... "

"ဘာလဲ... မင်းမသွားဝံ့ဘူးလား... "

"ဒုက္ခိတက သိုင်းရာဇာ ရွှမ်အိမ်ကို ဦးတည်သွားပါတယ် လူငယ်လေးကတော့ မြို့ပြင်ထွက်သွားပါပြီ... "

"လျှံထိန် မျက်မှောင်ကုတ်သွား၏။

"သိုင်းရာဇာ ရွှမ် ဟုတ်လား... "

"ဟုတ်ပါတယ်... "

"အင်း... သိုင်းရာဇာ ရွှမ်က တို့ကိုအာခံဖို့ လူစုနေတယ်လို့ သတင်းကြားရတယ်... ခေါင်းဆောင်ကြီးက သူ့ကို စောင့်ကြည့်ဖို့ အမိန့်ပေးထားတာပဲ... "

ထိုစဉ် အခန်းတွင်းသို့ လူတစ်ယောက် ခပ်သွက်သွက်ဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူမှာ ချင်းဖုန်းနှင့် ဟန်ကျူးတို့အား နှောက်ယှက်ခဲ့လိုက်ခဲ့သူဖြစ်ပေသည်။

ထိုလူကို မြင်လျှင် လျှံထိန်၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပြောင်လာသည်။

လျှံထိန်သည် အရက်မူးယစ်နေသည့် ပုံသဏ္ဌာန်လုံးဝ မရှိတော့ချေ။

ထိုလူက ကြမ်းပြင်ပေါ် ဒူးထောက်လိုက်၏။

ထိုလူ မပြောမီ လျှံထိန်က ဦးစွာ မေးလိုက်လေသည်။

"ဘယ်လိုလဲ... အခြေအနေ ထူးသလား... "

"ဟုတ်ကဲ့... သိုင်းရာဇာ ရွှမ်ရဲ့ စံအိမ်ကို ရောက်လာတဲ့ လူစိမ်းတွေ မနည်းပါဘူး... သူတို့ လျှို့ဝှက်အစည်းအဝေးတစ်ခု ကျင်းပမယ်လို့ သတင်းရပါတယ်... ရဝ်ဝေးက ထိပ်သီးသိုင်းသမားတွေလည်း

တက်ရောက်ကြမယ်လို့ သိရပါတယ်... "

လျှံထိန် ခေါင်းညိတ်လိုက်သည်။

"ဒီကိစ္စ ငါစောင့်ကြည့်နေတာ ကြာပြီ... ကောင်းပြီ... တို့ တပ်ဖွဲ့တွေ အားလုံး အဆင်သင့်ပြင်ထားခိုင်းလိုက်... သိုင်းရာဇာ ရွှမ်းရဲ့ ခြံဝင်းကို သွားဝိုင်းကြမယ်... သူတို့အားလုံးကို ဖမ်းပြီး စစ်ဆေးဆုံးဖြတ် ရလိမ့်မယ်... "

ထိုစကားကိုကြားလိုက်ရသောအခါ စောင့်ကြည့်သူသည် ရုတ်တရက် ထိတ်သွားလေ၏။

သိုင်းရာဇာ ရွှမ်းအား သွားရောက်နှောင့်ယှက်ခြင်း မပြုရန် ခေါင်းဆောင်ကြီးဖြစ်သော ဒေါသနဂါးပုကျင်ဟိုက မှာကြားထားသည် မဟုတ်ပါလား။

သူကို ရွှမ်းအား စောင့်ကြည့်ရုံသာ ကြည့်ခိုင်းထား၏။

ရွှမ်း၏ လှုပ်ရှားမှုများ၌ ထူးခြားသည်ကို တွေ့လျှင် ချက်ချင်း သတင်းပို့ရန်လည်း မှာကြားထားသည်။

ထို့ကြောင့်...

လျှံထိန်၏ စကားကြားသည့်အခါ စုမင်နှင့် ရွှမ်း၏ခြံဝင်းအား စောင့်ကြည့်နေသူတို့ အုံသြတုန်လှုပ်သွားကြခြင်း ဖြစ်သည်။

သိုင်းရာဇာ ရွှမ်းအား သွားရောက်ရန်စလျှင် ဆိုးရွားသော အကျိုးဆက်များနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း နားလည်ထား၏။

"ဆရာ လျှံထိန်... သူတို့ကို သွားစလို့... "

သူ၏ စကားမဆုံးမီ လျှံထိန်၏ အော်ငေါက်သံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"စကားမရှည်နဲ့... ငါခိုင်းသလိုသာ လုပ်ကြစမ်း... မင်းတို့က ခေါင်းဆောင်လား... ငါက ခေါင်းဆောင်လား ကွ... "

ထိုစကားကြောင့် စုမင်တို့ စောဒကမတက်ဝံ့ကြတော့ချေ။ လျှံထိန်သည် ဤမြို့၌ မီးနဂါးဂိုဏ်းခွဲ၏ ခေါင်းဆောင်ဖြစ်နေသည် မဟုတ်ပါလား... ။

လျှံထိန်က လှမ်းခေါ်လိုက်သည်။

"စုမင်... "

"အမိန့်ရှိပါခင်ဗျာ... ကျွန်တော်ရှိနေပါတယ်... "

"မင်းက ထွက်ပြေးသွားတဲ့ လူငယ်နောက်ကို လိုက်သွား... မိအောင် ဖမ်းလာခဲ့... "

လျှံထိန်က သူ့အား တမင်စေခိုင်းခြင်းဖြစ်ကြောင်း ရိပ်မိသော်လည်း စုမင်သဘောကျသွား၏။

သူ့ကို ဘေးကင်းရာသို့ ပို့လိုက်သလို ရှိသည်။

သိုင်းရာဇာ ရွှမ်း၏ ခြံဝင်းသို့ သွားရောက်စီးနင်းတိုက်ခိုက်မည့် အဖွဲ့၌ သူမပါခြင်းကပင် ကံကောင်းခြင်းတစ်ရပ် မဟုတ်ပါလား။

"စိတ်ချပါ ဆရာလျှံထိန်... "

"ကောင်းပြီ... မင်းပြန်လာရင် အဲဒီလူငယ်ပါလာတာပဲ တွေ့ချင်တယ်... "

"စိတ်ချပါ... "

"မင်းသွားတော့... "

စုမင်လည်း ဝမ်းမြောက်ဝမ်းသာဖြင့် အခန်းတွင်းမှ ထွက်ခွာသွားလေတော့၏။

အခန်းတွင်း၌ လျှံထိန်နှင့် စောင့်ကြည့်သူတို့သာ ကျန်ရစ်တော့၏။

သူတို့နှစ်ယောက်သည် သိုင်းရာဇာရှုဝမ်၏ ခြံဝင်းအား စီးနင်းတိုက်ခိုက်ကြရန်အတွက် စီစဉ်နေကြလေတော့၏။

❦ ❦ ❦

အခန်း [၂၆]

ပီးနဂါးဂိုဏ်း၏ အကျင့်ဝရိုက်

နံနက် မိုးစင်စင်လင်းလေပြီ။

နေရောင်ခြည်များ ထွက်ပေါ်လာခြင်းကြောင့် ညကသစ်ပင်ပေါ်၌ ခိုနားခဲ့သော နှင်းရည်စက်ကလေးများသည်လည်း ခိုတွဲကျလာလေသည်။ ထိုနှင်းရည်စက်များကြောင့် သစ်ပင်ခြေရင်း၌ အိပ်ပျော်နေသော ချင်းလွေ ဖျတ်ခနဲ လန့်နိုးလာသည်။

မျက်လုံးဖွင့်ကြည့်လိုက်သောအခါ မိုးလင်းနေပြီဖြစ်ကြောင်းတွေ့ရသဖြင့် လူးလိမ့်ထလိုက်လေ၏။

သူစီးလာသော မြင်းညိုကြီးသည် မလှမ်းမကမ်း၌ ရှိနေ၏။

မြင်းရောလူပါ တစ်ညတာ အနားယူလိုက်ရခြင်းကြောင့် လန်းလန်းဆန်းဆန်း ဖြစ်နေကြ၏။

ချင်းလွေက မတ်တတ်ရပ်ကာ အပျင်းဆန့်လိုက်၏။

ထို့နောက်...

ပစ္စည်းပစ္စယများကို သိမ်းဆည်းသည်။

ပြီးနောက် ရောဂါးထဲမှ ရေဖြင့် မျက်နှာသစ်ကာ မုန့်ခြောက်များ စားလိုက်၏။

မုန့်ခြောက်များ စားနေစဉ်မှာပင် မြင်းဟီသံကို ကြားလိုက်ရတော့သည်။

"ဟီး... ဟီး... "

ချင်းလွေ ရင်ထိတ်သွား၏။

မြင်းဟီသံ ထွက်ပေါ်လာရာဆီသို့ လှမ်းမျှော်ကြည့်လိုက်သည်။

မြင်းဟီသံ ကြားရသည်။ လူနှင့် မြင်းကိုတော့ မတွေ့ရချေ။

မည်သူများနည်း။ ရန်သူလော... မိတ်ဆွေလော... ။

"ဘယ်သူများပါလိမ့်... "

ချင်းလွေသည် တွေးရင်းမြင်းဟီသံ ထွက်ပေါ်လာရာဆီသို့ လျှောက်သွား၏။

သစ်ပင်ခြုံနွယ်များကို ကွေ့ပတ်သွားမိသည့်အခါ တောအုပ်အလယ်ရှိ မြေကွက်လပ်ကလေး တစ်ခုဆီသို့ ရောက်သွားသည်။

မြေကွက်လပ်ကလေး၌ မြင်းဖြူတစ်ကောင် ရှိနေပေသည်။

မြင်းဖြူက မြေကွက်လပ်ဘေးမှ မြက်များစားသောက်ရင်း ဟီနေခြင်းဖြစ်၏။

မြေကွက်လပ်အလယ်၌ မီးသေနေပြီဖြစ်သော မီးပုံတစ်ပုံတွေ့ရ၏။

မီးပုံနံဘေး၌ အိပ်စက်နေသော လူတစ်ယောက်ကိုလည်း တွေ့လိုက်ရသည်။

ချင်းလွေ အံ့သြသွား၏။

ညနေစောင်း အချိန်ကတည်းက လူရန်မြို့မှ ထွက်လာခဲ့ခြင်းဖြစ်၏။

မိုးချုပ်လာသည့်တိုင် ခရီးနှင်ခဲ့ပြီး မိုးမချုပ်မီ လမ်းဘေးတောအုပ်သို့ ဝင်ကာ တစ်ညတာ အိပ်စက်အနားယူရန် နေရာရှာခဲ့ခြင်းဖြစ်၏။

ဤဒေသသည် တောအုပ်ထူထပ်သော ဒေသတစ်ခုဖြစ်သော်လည်း သားရဲတိရစ္ဆာန်ကား မရှိသလောက် ရှားပါး၏။

ထို့ကြောင့်...

တောထဲ၌ စိတ်ချလက်ချ အိပ်စုံခြင်းဖြစ်ပေသည်။

မြင်းကို သင့်တော်ရာ၌ ချည်နှောင်ကာ သူလည်းအရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်၌ အိပ်စက်အနားယူခဲ့၏။

တစ်နေ့လုံး လူပင်ပန်းစိတ်ပင်ပန်းဖြစ်ခဲ့ရခြင်းကြောင့် ခေါင်းချလိုက်သည်နှင့် မှေးခနဲ အိပ်ပျော်သွားခြင်း ဖြစ်၏။

သို့မဟုတ်ပါက မြင်းဖြူပိုင်ရှင် ထွန်းညိုထားသော မီးပုံမှ မီးရောင်ကို တွေ့မြင်မည်သာဖြစ်၏။

တစ်ယောက်နှင့်တစ်ယောက် ဝါးသုံးရိုက်ခနဲ့သာ ကွာဝေးသော်လည်း ချင်းလွေက အလျင်အိပ်ပျော်သွားခြင်းကြောင့် သူလိုပင် ခရီးသွားတစ်ယောက် ဝင်ရောက်နားခိုအိပ်စက်ခဲ့ကြောင်း မသိခြင်း

ဖြစ်ပေသည်။

ယခုမူ မြင်းဟီသံ ကြားလိုက်ရသဖြင့် စူးစမ်းရန် သွားကြည့်ရာမှ မီးပုံဘေးဌ အိပ်ပျော်နေသော လူတစ်ယောက်ကို တွေ့မြင်လိုက်ရခြင်း ဖြစ်သည်။

ထိုလူသည်မီးပုံနဘေးဌ ကွေးကွေးကလေး အိပ်စက်နေ၏။

အဖြူရောင် အဝတ်အစားများ ဝတ်ထားသည်ကိုသာ တွေ့ရပြီး မျက်နှာကို မတွေ့မြင်ရချေ။

ခရီးသွားဖော် တွေ့ရမြင်းကြောင့် ချင်းလွေ ဝမ်းသာသွား၏။

ရှေ့တိုးကာ ထိုလူအားနှိုးမည်ဟု စိတ်ကူးမိလိုက်သည်။

ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်သည်နှင့်...

"အမယ်လေး... "

ရုတ်တရက် သူ၏ ခြေထောက်ထုံကျင်သွားသဖြင့် နောက်ခုန်ဆုတ်လိုက်မိလေ၏။

သူခြေထောက်အား ပွားသို့မဟုတ် အဆိပ်ရှိသော အကောင်တစ်ကောင် ကိုက်လိုက်ပြီဟု ထင်မှတ်မိ၏။

"ဟင်... ငါကိုများ ပွားတုပ်လိုက်ပြီထင်တယ်... "

ထိုစဉ်...

ရယ်မောသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ချင်းလွေ ရင်ထိတ်သွားပြီး လှမ်းကြည့်လိုက်သည်။

မီးပုံနဘေးဌ အိပ်စက်နေသူအား မတွေ့ရတော့ပါချေ။

"ဟင်... ဘယ်ရောက်သွားပါလိမ့်... "

သူသည် တွေးရင်း ရှေ့သို့တိုးပြီး လူငယ်အား ရှာဖွေရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်...

"ခစ်... "

ရယ်မောသံသည် နောက်ကျောဘက်မှ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ချင်းလွေ ကျောချမ်းသွား၏။

ချက်ချင်း ခေါင်းလှည့်လိုက်မိသည်။

"ဟိုက်... "

အံ့သြစွာ အော်လိုက်မိ၏။

အဘယ်ကြောင့်ဆိုသော်...

မီးပုံနံဘေးဌ အိပ်စက်နေသူမှာ သူ၏ နောက်ကျောဘက်သို့ ရောက်ရှိနေပြီဖြစ်ခြင်းကြောင့်ပေတည်း။

ထိုလူသည် သူနှင့်အသက်ချင်း မတိမ်းမယိမ်းခန့် ရှိပြီး လူငယ်တစ်ယောက်ဖြစ်သည်။

အသားအရေ ဖြူဖွေးချောမောပြီး ထောက်ပံသစ္စာ ချောမောခြင်းထက် မိန်းကလေးတစ်ယောက်ကဲ့သို့ ချောမောသူဖြစ်သည်ဟု ခန့်မှန်းမိ၏။

ချင်းလွေကြောင်အမ်းအမ်းဖြင့် ထိုလူရွယ်ကို ကြည့်နေမိသည်။

ထိုလူရွယ်က ခက်ထန်သော မျက်နှာထားဖြင့် ကြည့်နေ၏။

ကိုတွေ့လို့ အံ့သြပြီး ကြည့်နေတုန်း ပျားတုပ်တာတောင် မသိလိုက်ဘူးလေ... ဟောဒီမှာ ကြည့်... "

ပြောရင်း နီရဲနေသော ခြေထောက်ကို မြှောက်ပြလိုက်၏။

ထိုအခါ လူရွယ်ရယ်မောလိုက်သည်။

ရယ်မောရင်း...

"ဟော ... ခင်ဗျား လက်ကို ပျားတုပ်တော့မယ်... "

ပြောရင်း လက်တစ်ဖက် မသိမသာ လှုပ်လိုက်၏။

"အမယ်လေးဗျ... "

ချင်းလွေ၏ လက်ဝဲဘက်ဖမိုး နာကျင်သွား၏။

သူ ငုံကြည့်လိုက်သောအခါ လက်ဖမိုး ချက်ချင်းနီရဲလာသည်ကို တွေ့ရ၏။

ချင်းလွေနောက်သို့ ခြေလှမ်းဆုတ်ကာ အလန့်တကြား ပြောမိသည်။

"ဟုတ်တယ်ဗျို့... ပျားလား မှက်လား မပြောတတ်ဘူး... ကိုက်လိုက်ရင်တော်တော် နာတာပဲ... ချက်ချင်းနီရဲ တက်လာတယ်... ခင်ဗျားလည်း နောက်မြန်မြန်ဆုတ်... တော်ကြာ အကိုက်ခံနေရဦးမယ်... မဖြစ်ဘူး... ဒီတောထဲက မြန်မြန်ထွက်သွားမှပဲ... "

သူသည် ပြောရင်းဆိုရင်း ထွက်သွားရန် ဟန်ပြင်လိုက်၏။

လူရွယ်က တုတ်တုတ်မျှ မလှုပ်ချေ။

သူ့အား ပြုံးစေ့စေ့ဖြင့် ကြည့်နေ၏။

ချင်းလွေ အံ့သြကာ လူရွယ်ကို ကြည့်မိသည်။

သူ၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပနေသည်။

ချင်းလွေ ပခုံးတွန့်ကာ ပြောလိုက်၏။

"မြင်းဟီသံ ကြားလို့လာကြည့်တာဗျာ... ညတုန်းက ကျုပ်လည်း ဒီတောထဲမှာပဲ တစ်ညအိပ်ခဲ့ရတာ... မိတ်ဆွေရှိတာ မသိလို့ပေါ့ဗျာ... သိရင်ကျုပ်နဲ့အဖော်ရတာပေါ့... "

သူ၏ စကားကြောင့် ထိုလူ၌ကျမှောင် ကုတ်သွားလေ၏။

ချင်းလွေကို ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ရင်း မေးလိုက်၏။

"ခင်ဗျားက ဒီတောထဲမှာ တစ်ညအိပ်ခဲ့တယ် ဟုတ်လား... "

"ဟုတ်တယ်လေဗျာ... "

"နေပါဦး... ခင်ဗျားက ဘယ်သူလဲ... "

"ကျုပ်နာမည် ချင်းလွေလို့ ခေါ်ပါတယ်... "

"ခင်ဗျားကကော... "

ချင်းလွေက ပြန်လည်မေးခွန်းထုတ်လိုက်လေ၏။

လူရွယ် ခေါင်းယမ်းလိုက်သည်။

"ကျုပ်နာမည် သိစရာ မလိုပါဘူး... ခင်ဗျားဒီကို ဘာလာလုပ်တာလဲ... လူဆိုးလား... ဓားပြလား... ပြောစမ်းပါဦး... "

"ဟာ... မဟုတ်တာဗျာ... "

"ဒါဖြင့် ဒီကို ဘာလာလုပ်တာလဲ... "

"သြော်... မြင်းဟီသံကြားလို့ လာကြည့်တာပါဗျာ... ခင်ဗျား

"ခင်ဗျား.... မကြောက်ဘူးလား.... "

"မကြောက်ဘူး.... "

"အကိုက်ခံရရင် တော်တော်နာတယ်ဗျ... "

ပြောရင်း နောက်ဆုတ်သွား၏။

လူရွယ်က ပြော၏။

"ကျုပ်တော့ မကြောက်ဘူး.... ခင်ဗျားကြောက်ရင် သွားပေါ့... "

"ခင်ဗျားကော... "

"ကျုပ်တောထဲ လျှောက်ကြည့်လိုက်ဦးမယ်... "

"ကောင်းပြီလေ... ကျုပ်က ခရီးဆက်စရာ ရှိသေးလို့ သွားတော့မယ်... "

ပြောပြီးထွက်သွားရန် ခြေလှမ်းပြင်လိုက်၏။

သို့သော်...

တစ်စုံတစ်ခုအား သတိရလာဟန်ဖြင့်...

"နေဦး... ခင်ဗျား လုရန် သွားမလို့လား... "

မေးလိုက်၏။

ယခုတစ်ကြိမ် လူရွယ်က ကောင်းကောင်းမွန်မွန်ဖြေ၏။

"ဟုတ်တယ်... "

"လုရန်မြို့သွားရင် သတိထားသွားပါ... "

"ဘာဖြစ်လို့လဲ... "

"လုရန်မြို့မှာ လူရမ်းကားတွေ ရှိနေတယ်... အထူးသဖြင့်

မီးနဂါးဂိုဏ်းက လူတွေကို သတိထား.... ဒီလူတွေဟာ အတော်ဆိုးတယ်... သူတို့စိတ်ထင်ရာ လျှောက်လုပ်နေကြတာပဲ... မှားတယ်... မှန်တယ် ဂရုစိုက်ကြတာ မဟုတ်ဘူး... ကျုပ်တောင် ကိုယ်နဲ့ မဆိုင်ဘဲ ဝင်ရှုပ်မိတာ ကံကောင်းလို့ ဒုက္ခမရောက်တာ... "

သူ၏ စကားကို လူရွယ် စိတ်ဝင်စားသွား၏။

ချင်းလွေအနီးသို့ လျှောက်လာပြီး...

"ပြောစမ်းပါဦး.... ခင်ဗျားက ဘယ်လိုဝင်ရှုပ်မိတာလဲ... "

ချင်းလွေက ဒုက္ခိတကြီးအား နိုင်ထက်ကလူ ပြုမူနေသည်ကို တွေ့ရခြင်းကြောင့် ကြားဝင်ကူညီရင်း ရန်ရှာခဲ့ရပုံကို ပြောပြလိုက်လေသည်။

သူ၏စကားအဆုံးတွင် လူရွယ်ဦးခေါင်း တဆတ်ဆတ် ညိတ်ကာ...

"သူတို့ ဒီလိုလုပ်တာတော့ မကောင်းဘူးဗျာ... မတရား ဗိုလ်ကျသလို ဖြစ်နေတာပေါ့... "

"ဟုတ်တယ်... ဒါကြောင့် လုရန်မြို့ကို သွားရင် အစစအရာရာ သတိထားဖို့ မှာတာပါဗျာ... ကဲ... ကျုပ်သွားမယ်... "

"ကောင်းပြီလေ... "

ချင်းလွေချာခနဲ လှည့်ထွက်ခဲ့သည်။

သူအိပ်စက်ခဲ့သော နေရာသို့ ရောက်သည့်အခါ မြင်းညိုကြီး အသင့်ရှိနေသည်ကို တွေ့ရလေသည်။

ချင်းလွေ မြင်းပေါ် ခုန်တက်လိုက်၏။

ထို့နောက်...

တောအုပ်အပြင်ဘက်သို့ စီးနင်းလာခဲ့သည်။

တောအုပ်အပြင်ဘက် မြေနီလမ်းပေါ် ရောက်သည်နှင့်...

"ရပ်လိုက်စမ်း... "

အော်ငေါက်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

တစ်ဆက်တည်းပင် သစ်ပင်ခြို့နွယ်များ နောက်ကွယ်မှ လူဆယ်ယောက်ခန့် မြင်းကိုယ်စီဖြင့် ထွက်လာကြပြီး ဝိုင်းရံထားလိုက်သည်ကို တွေ့ရလေတော့သည်။

"ဟား... ဟား... ဟား... "

"ဟား... ဟား... ဟား... "

စုမင်းသည် သဘောကျစွာ ရယ်မောလိုက်လေ၏။

သူတို့လူစုသည် လုရန်မြို့ တခွင်ပြုပြုစင်အောင် ချင်းလွေအား လိုက်လံရှာဖွေကြ၏။

သို့သော်...

ချင်းလွေကို လုံးဝမတွေ့ရခြင်းကြောင့် မြို့ပြင်သို့ လိုက်လံရှာဖွေကြခြင်းဖြစ်ပေသည်။

ယခု ချင်းလွေကို တွေ့ရချေပြီ။

ဒုက္ခိတအဘိုးအိုအား သူတို့ စိုးရိမ်ပူပန်ခြင်း မရှိကြချေ။

အဘယ်ကြောင့်ဆိုသော်...

ဒုက္ခိတအဘိုးအိုအတွက် ဆရာလျှံထိန်ကိုယ်တိုင် တာဝန်ယူ

ရလိမ့်မည် ဖြစ်သောကြောင့်ပေတည်း။

သူအနေဖြင့်ချင်းလွေကို ဖမ်းဆီးနိုင်လျှင် တာဝန်ကျေပြီ ဖြစ်သည်။

စုမင်တို့ လူစု ဝိုင်းရံကာ ရယ်မောနေကြခြင်းကြောင့် ချင်းလွေကြောင်အမ်းအမ်း ဖြစ်သွား၏။

သို့သော်...

ခေါင်းဆောင်လာသော စုမင်ကို တွေ့သည့်အခါ အခြေအနေကို နားလည်သဘောပေါက်သွားသည်။

"လတ်စသတ်တော့ ခင်ဗျားကိုး... "

စုမင်၏ ဦးခေါင်း၌ ပတ်တီးစည်းထားသည်ကို တွေ့ရ၏။

သူကြောင့် ဒဏ်ရာရသွားပြီဖြစ်ရာ စုမင်က ကျေနပ်နိုင်လိမ့်မည် မဟုတ်သည်ကို နားလည်မိလေ၏။

"မင်း ဘယ်ပြေးမလဲ... "

ချင်းလွေကို စေ့စေ့ကြည့်ရင်း စုမင်ကငေါက်ငမ်းလိုက်သည်။

ချင်းလွေ အံတင်းတင်းကြိတ်ရင်း...

"ကျုပ် ဘယ်မှထွက်ပြေးနေတာ မဟုတ်ဘူး... ကျုပ်လမ်းကျုပ်သွားနေတာ... "

"မင်းလမ်း မင်းသွားလို့ မရတော့ဘူး... မင်းက သူများကိုစွဆဲ ဝင်ရှုပ်ခဲ့ပြီ မဟုတ်လား... မင်းကြောင့် ငါဒဏ်ရာရခဲ့တာကို မေ့ထားရမှာလား... "

"ဒါတော့ ခင်ဗျားတို့ မတရားလုပ်ကြတာကိုး... "

"တို့ဘာသာဘာလုပ်လုပ် မင်းနဲ့မဆိုင်ဘူး... တို့ကိစ္စထဲ ဝင်ရှုပ်ရင် ရန်သူပဲ... "

ချင်းလွေ ဒေါပွသွားသည်။

သို့သော်...

သူသည် ထစ်ခနဲဆိုလျှင် ရန်ဖြစ်တတ်သူ မဟုတ်ချေ။

ထို့ကြောင့် မြင်းမောင်းထွက်သွားရန် ဟန်ပြင်လိုက်၏။

မည်သို့ဆိုစေ စုမင်တို့ လူစုက ပတ်ပတ်လည်မှ ဝိုင်းရံထားသည်ဖြစ်၍ ထွက်သွားရန် မဖြစ်နိုင်တော့ချေ။

"ခင်ဗျားတို့ လမ်းဖယ်ပေးရင် ကောင်းမယ်... "

"မင်းထွက်သွားချင်ရင် ရပါတယ်... တို့ကို ထိုးဖောက်ထွက်သွားပေါ့... တို့ကို ထိုးဖောက်မထွက်နိုင်ရင် မင်းအဖမ်းခံရဖို့ပဲရှိတယ်... "

"ကောင်းပြီလေ... ကျုပ်ကြိုးစားကြည့်မယ်... "

ချင်းလွေသည် စကားဆုံးသည်နှင့် ညာသံပေးကာ မြင်းကောက်ကြိုးဆွဲရင်း တစ်ဟုန်ထိုး ထိုးဖောက်ထွက်လိုက်လေသည်။

"မလွတ်စေနဲ့... "

စုမင်က အော်ပြောရင်း လက်နက်ကိုယ်စီ ဆွဲထုတ်ကာ မြင်းကောက်ကြိုးဆွဲရင်း ဟန့်တားတိုက်ခိုက်ကြလေတော့သည်။

ရုတ်တရက် ဝိုင်းရံတိုက်ခိုက်ခြင်း ခံလိုက်ရသဖြင့် ချင်းလွေမှာ ရှေ့ဆက်မတိုးဝံ့ဘဲ နောက်ဆုတ်လိုက်ရလေသည်။

သို့သော်...

လုံတိုတစ်လက်က သူ၏ မြင်းညှိကြီးအား ထိမှန်သွားလေရာ...

"ဟီး... ဟီး... "

မြင်းညှိကြီးသည် ရှည်လျားစွာ ဟီဖြီး မြေပေါ် ဒူးထောက်ကျသွားသည်။

"တောက်... "

ချင်းလွေ ဒေါပွသွားသည်။

"မင်းတို့ဟာ တိရစ္ဆာန်တွေပဲ... "

တက်ခေါက်ရင်း ခါးတွင်ချိတ်ထားသော ဓားကို ဆွဲထုတ်ကာ ပြန်လည်တိုက်ခိုက်လိုက်သည်။

ရင်ဆိုင်တိုက်ပွဲ အတွေ့အကြုံမရှိခြင်းကြောင့် လည်ကောင်း၊ အခြေခံသိုင်းပညာမျှသာ တတ်မြောက်ထား၍ လည်းကောင်း၊ တကယ်တမ်း ရင်ဆိုင်တိုက်ခိုက်လိုက်သောအခါ စုမင်တို့လူစုအား ရင်ဆိုင်နိုင်ခြင်း မရှိတော့ချေ။

စုမင်တို့ လူစုမှာ ထိပ်တန်းသိုင်းသမားများ မဟုတ်ကြသော်လည်း တိုက်ပွဲအတွေ့အကြုံ ရှိသူများဖြစ်ကြသည်။

စုဖွဲ့ကာ ဗိုလ်ကျနေသူများလည်း ဖြစ်ကြရာ အတန်ကြာလာသည်နှင့် ချင်းလွေ မခံနိုင်တော့ချေ။

"ချွမ်း... "

ကျယ်လောင်သော အသံထွက်ပေါ်လာသည်။

ချင်းလွေ၏ လက်ထဲမှ ဓားအဝေးသို့ လွင့်စဉ်သွားသည်။

ချင်းလွေလည်း မြေပေါ်ဖင်ထိုင်လဲကျသွားတော့လေသည်။

"ဟား... ဟား... ဟား... မင်းဘယ်ပြေးမလဲ..., "

စုမင် သဘောကျစွာ ရယ်မောရင်း အော်ငေါက်လိုက်လေသည်။

ချင်းလွေ အံတင်းတင်းကြိတ်လိုက်သည်။

မြေပေါ်မှထရန် ကြိုးစားလိုက်သော်လည်း စုမင်က သူ၏ရင်ဝကို ခြေထောက်ဖြင့် နင်းကာ ဖိထားလိုက်ပြီး

"မလွယ်နဲ့ ငြိမ်ငြိမ်နေ... "

စုမင်က ဆက်ပြော၏။

"မင်းကြောင့် ခေါင်းမာ ဒဏ်ရာရခဲ့တာတွေ တွေ့တယ် မဟုတ်လား... မင်းလည်း ပြန်ခံရမယ်ဆိုတာမှတ်ထား... "

ပြောပြီးခြေထောက်ဖြင့် မေးကို ကန်ကျောက်လိုက်လေသည်။

"ဗွပ်... "

မေးစေ့အား ခြေထောက်ဖြင့် အကန်ခံလိုက်ရခြင်းကြောင့် နှုတ်ခမ်းများကွဲကာ သွေးထွက်လာ၏။

ချင်းလွေခံပြင်း ဒေါသထွက်သွားသည်။

လူးလိမ့်ထရန် ကြိုးစားလိုက်စဉ် စုမင်က အဆက်မပြတ် ကန်ကျောက်လိုက်သည်။

"ဖြောင်း... "

"အား... "

ချင်းလွေမှာ တစ်ကိုယ်လုံး အရိုးများ ကြေမွသွားပြီလားဟု

ထင်မှတ်လိုက်ရလေသည်။

စုမင် ကန်ကျောက်နေသည်ကိုတွေ့သောအခါ ကျန်လူများလည်း ဝိုင်းဝန်းကန်ကျောက်ကြသည်။

စုမင်နောက်ဆုတ်ပေးလိုက်၏။

အမှန်တော့ သူတို့သည် ချင်းလွေအား ခဲခဲယဉ်းယဉ်း တိုက်နိုက် ဖမ်းဆီးရမည်ဟု ယူဆခဲ့ကြ၏။

သို့သော်...

တကယ်တမ်း၌ ချင်းလွေ၏ သိုင်းပညာမှာအခြေခံ အဆင့် သာရှိကြောင်း သိရှိပြီး အနိုင်ယူနိုင်ခဲ့ကြခြင်းဖြစ်သည်။

သူတို့သည် ချင်းလွေကို လုံးဝအရေးမစိုက်တော့ဘဲ ဝိုင်းဝန်းကန်ကျောက်ရင်း သဘောကျစွာဖြင့် တဟားဟား ရယ်မောနေကြ၏။

ချင်းလွေမှာ အော်ဟစ်ညည်းညူရင်း မြေပေါ်၌ လူးလိမ့်နေပေတော့သည်။

သူတို့သည် အားမာန်ရှိသော ရန်သူတစ်ယောက်အား ယှဉ်ပြိုင်တိုက်ခိုက်ကာ အနိုင်ယူရန် ဝန်လေးသူများ ဖြစ်ကြသော်လည်း အနိုင်ရပြီးသား အနွှာရယ်မပြုနိုင်တော့သူ တစ်ယောက်ကို အနိုင်ကျင့်နှိပ်စက်ရန်ကား ဝန်မလေးသူများဖြစ်သည်။

ချင်းလွေ၏ တစ်ကိုယ်လုံး ညစ်ပတ်ပေကျံသွားသည်။

ခြေလက်များ သွေးချင်းချင်းနီရဲနေသလို မျက်နှာ၌ ဖူးရောင်ညိုမည်းနေပေတော့သည်။

မည်သို့မျှ မဟန်နိုင်ဘဲ မြေပေါ်လဲကျနေလေသည်။

စုမင်က...

"ကဲ... သွားကြရအောင်... "

ပြောပြီး မြင်းပေါ် ခုန်တက်ကာ ဒုန်းစိုင်းသွား၏။

သူ၏ မြင်းကုန်းနှီးခွံ ကြိုးစတစ်ဖက်ကို ချည်နှောင်ကာ ကျန်တစ်ဖက်ခွံ ချင်းလွေ၏လက်နှစ်ဖက်ကို စုစည်းချည်နှောင်ထားလေသည်။

စုမင် မြင်းမောင်းလိုက်သောအခါ ချင်းလွေမှာ မြေပေါ် တရွတ်တိုက်၍ လျောခဲ့ ပါသွား၏။

မြေကြီးနှင့် ပွတ်တိုက်မိခြင်းကြောင့် အဝတ်အစားများ စုတ်ပြတ်သွားသလို သွေးချင်းချင်းနီရဲသွားသည်။

ချင်းလွေက အော်ဟစ်လိုက်လေသည်။

သို့သော် သူ၏အသံမှာ လည်ချောင်းဝ၌ တစ်ဆို့ ပျောက်ကွယ်သွား၏။ သူသည် ဝေဒနာများစွာခံစားရပြီး သတိလစ်မေ့မျောသွားတော့သည်။

❦ ❦ ❦

သူတို့ ဤသို့စိတ်ရှိလက်ရှိ ဝိုင်းဝန်းတိုက်ခိုက်ကြလျှင် လုရန်ခဲသို့ ချင်းလွေအသက်ရှင်လျက် ပါသွားနိုင်မည် မဟုတ်တော့ချေ။

စုမင်မှာ ချင်းလွေအား အားရပါးရ နှိပ်စက်ပြီးပြီဖြစ်ရာ...

"ဟေ့... တော်ကြစမ်း... "

အော်ပြောလိုက်သည်။

သူ၏ စကားသံကြောင့် အားလုံး နောက်ဆုတ်သွားကြ၏။

"သူ့ရဲ့လက်နှစ်ဖက်ကို ကြိုးနဲ့တုတ်ပြီးရင် မြင်းနဲ့ တရွတ်တိုက် ဆွဲသွားကြရအောင်... "

စုမင်၏ စကားကို ကျန်လူများက သဘောကျသွားပုံရ၏။

ထို့နောက်...

ချင်းလွေအား မြင်းဖြင့် ဆွဲသွားရန် ကြိုးများဖြင့် ချည်နှောင်လိုက်ကြလေသည်။

ချင်းလွေကား သတိရတစ်ချက် မရတစ်ချက်ဖြစ်နေ၏။

တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေပြီး မျက်လုံးဖွင့်မရတော့ချေ။

ယခုမှ ဒုက္ခိတ အကိုးအိုဝေထင်းပြောသောစကားများ မှန်ကန်နေကြောင်း နားလည်ထာလေတော့သည်။

မီးနဂါးဂိုဏ်းမှ လူများသည်နိုင်ငံထက်စီးနင်း ပြုကျင့်တတ်ကြသည် မဟုတ်ပါတား...

ချင်းလွေ အံတင်းတင်းကြိတ်ကာ ထရန်ကြိုးစား၏။

သို့သော်...

"အင့်... "

ကျယ်လောင်သော အသံထွက်ပေါ်လာ၏။

စုမင်မှာ မြင်းပေါ်မှ လွှင့်စဉ်ကျသွား၏။

မြေပေါ်မှချက်ချင်း လူးလိမ့်ထကာ ကြည့်လိုက်သောအခါ သူ၏ မြင်းပေါ်၌ လူငယ်တစ်ယောက်အခန့်သား ထိုင်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

စုမင်ဒေါပွသွား၏။

သို့သော်...

လူငယ်မှာ ခေသူမဟုတ်ကြောင်း နားလည်မိ၍ ရုတ်တရက် မတိုက်ဝံ့ချေ။

လူရွယ်ကား တောအုပ်ထဲ၌ ချင်းလွေတွေ့ခဲ့ရသော လူရွယ် ဖြစ်ပေသည်။

လူရွယ်က မြင်းပေါ်အခန့်သားထိုင်ရင်း...

"ခင်ဗျားတို့ ရက်စက်လှချည်လား... ဘာကြောင့် သူ့ကို မတရား လုပ်ကြရတာလဲ... "

"မတရား လုပ်တာ မဟုတ်ဘူး... သူဟာ လူဆိုးဆိုတာ မင်း မသိဘူးထင်တယ်... "

"ဘာ... သူက လူဆိုးဟုတ်လား... "

"ဟုတ်တယ်... "

"ဒါဖြင့် ခင်ဗျားတို့ဟာ လူဆိုးထက် ဆိုးတဲ့လူတွေပဲ... "

"ဟင်... "

အခန်း [၂၇]

ကယ်တင်ရှင်

တောတွင်းမှ စူးရှစွာ အော်ဟစ်လိုက်သည့်အသံတစ်သံ ပေါ်လာသည်။

"ရပ်လိုက်စမ်း... "

တစ်ဆက်တည်းပင် လူရိပ်တစ်ရိပ်သည် သစ်ပင်များနောက်ကွယ်မှာ ခုန်ထွက်လာပြီး မြင်းပေါ်မှ စုမင်အား လွှားခနဲ ခုန်ပျံ ကန်ကျောက်လိုက်သည်။ ထိုလူရိပ်၏ လူပ်ရှားမှုမှာ ကြယ်တံခွန်တစ်ခုပမာ လျင်မြန်လှသည်။

စုမင်သည် အသံကြားသည်နှင့် ထိတ်လန့်ကာ နောက်လှည့် ကြည့်လိုက်၏။

ဤတွင် သူ့အနီးသို့ ခပ်မည်းမည်း သဏ္ဌာန်လူရိပ်တစ်ခု ရောက်လာသည်ကို တွေ့ရပြီး ပခုံး၌ နာကျင်သော ဝေဒနာပေါ်ပေါက်လာလေသည်။

"ဝုန်း... "

စုမင် မကျေမနပ်ဖြစ်သွားသည်။

လူရွယ်သည် ချင်းလွေ၏ မိတ်ဆွေ ဖြစ်နိုင်ကြောင်း ဆင်ခြင်မိသည်။

ထို့ကြောင့် သူသည်သူလူများအား အော်ဟစ်အမိန့်ပေးလိုက်သည်။

"စကားရှည်တယ်... ဝိုင်းတိုက်ကြစမ်းဟေ့... "

သူ၏ အမိန့်ပေးသံကြားသည်နှင့် ကျန်လူများမားကိုယ်စီ ဆွဲထုတ်ကာ ဝိုင်းရံတိုက်ခိုက်လိုက်ကြလေတော့သည်။

ထိုလူများသည် မြင်းကိုယ်စီဖြင့် တိုးဝင်လာပြီး တိုက်ခိုက်လိုက်ကြခြင်း ဖြစ်ပေသည်။

သို့သော်...

သူတို့ ရှေ့တိုးလာသည်နှင့်...

"အား... "

"အင့်... "

"အမယ်လေး... "

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာပြီး တစ်ယောက်ပြီးတစ်ယောက် မြင်းပေါ်မှ ကျသွားလေတော့သည်။

မြင်းများလည်း ရှည်လျားစွာ တဟီးဟီး အော်ကာ ထွက်ပြေးကုန်၏။

သူ၏ လူများ ဖရိုဖရဲ ဖြစ်သွားကြသည်ကို တွေ့လျှင် စုမင် ရင်ထိတ်သွားတော့သည်။

သူသည် ရပ်ကြည့်မနေနိုင်တော့ဘဲ ဓားဆွဲထုတ်ကာ လူရွယ်ထံ ခုန်ဝင်သွားလေတော့သည်။

သို့သော်...

ရှေ့သို့ ခြေလှမ်းတိုးဝင်လိုက်သည်နှင့် ဓားကိုင်ထားသောလက်မှာ ပျားတုပ်ခံလိုက်ရသည့်အလား နာကျင်သွား၏။

"အမယ်လေး... "

အော်ဟစ်ရင်း လက်ထဲမှ ဓားလွတ်ကျသွားလေတော့သည်။

လန့်ဖျပ်ကာ နောက်သို့လည်း ခုန်ဆုတ်လိုက်လေ၏။

လူရွယ်က ရယ်မောရင်း ပြောလေ၏။

"ဒီတောထဲမှာ ပျားပေါတယ်ဗျ... ခင်ဗျားတို့ကို ပျားတုပ်လိမ့်မယ်... "

ထိုလူငယ်၏ စကားကို စုမင်ကမယုံချေ။

လက်နက်ပုန်းကလေးများဖြင့် ပစ်ပေါက်တိုက်ခိုက်ခြင်းဖြစ်ကြောင်း သူသိသည်။

လူရွယ်မှာ ခေသူမဟုတ်ကြောင်း သိလိုက်ရသဖြင့် ဆက်ပြီး မတိုက်ခိုက်ဝံ့တော့ဘဲ နောက်သို့ တရွေ့ရွေ့ဆုတ်သွားသည်။

စုမင်က လူရွယ်ကို စိုက်ကြည့်ရင်း...

"မီးနဂါးဂိုဏ်းကို ဝင်ပြီးနှောင့်ယှက်မိတဲ့အတွက် တစ်နေ့မင်း နောင်တရလိမ့်မယ်... "

သူသည် စကားဆုံးသည်နှင့် နောက်လှည့်ထွက်ပြေးသွားလေတော့သည်။

"ဟုတ်... ဟုတ်ပါတယ်... "

"ကောင်းပြီ... မီးနဂါးဂိုဏ်းမှာ ဘာတာဝန်ယူထားသလဲ..."

"ရန်ပုံငွေ စုဆောင်းဖို့ တာဝန်ယူထားရပါတယ်ဗျာ... "

လူငယ်က ပြုံးလိုက်၏။

"အင်း... ခင်ဗျားတာဝန်က ဘယ်ဆိုးလို့တုန်း... ခင်ဗျားတို့ ခေါင်းဆောင်က ဘယ်သူလဲ... "

"လျှဲထိန်ပါ... "

"လျှဲထိန်ဟုတ်လား... "

"မင်းက ဆရာလျှဲထိန်ကို သိလို့လား... "

လူရွယ်လက်ကာ ပြလိုက်သည်။

"သိတာ မသိတာ အရေးမကြီးဘူး... အရေးကြီးတာက ခင်ဗျားတို့ ရှေ့ဆက်ပြီး မတရားမလုပ်ဖို့ဘဲ... ခင်ဗျားတို့ ဂိုဏ်းချုပ်ကြီး ဆီက အထူးအမိန့်တွေ ဘာတွေများ မရဘူးလား... ကျုပ်ကြားရ သလောက်တော့ ဒေါသနဂါးပုကျင်ဟိုဟာ အသက်ခြောက်ဆယ့် ခြောက်နှစ်မြောက်မွေးနေ့က စပြီး... မကောင်းမှု မှန်သမျှ စွန့်လွှတ် လိုက်ဖို့ ဆုံးဖြတ်ထားပြီ ဆိုတာပဲ... "

မီးနဂါးအဖွဲ့၏ အတွင်းရေးကို တိတိကျကျ သိထားသူပမာ ပြောပြလိုက်ရာ စုမင်ပါးစပ် အဟောင်းသား ဖြစ်သွားလေတော့သည်။

လူရွယ်က ဆက်ပြော၏။

"ခင်ဗျားတို့ အဖွဲ့သားအားလုံး မတရားမလုပ်ဖို့ သိုင်း လောကသားတွေနဲ့ စည်းစည်းလုံးလုံး နေထိုင်ဖို့ အမိန့်ထုတ်ပြန်လိုက်

ထိုစဉ်မှာပင်...

"ဝိုး... "

"ဖုတ်... "

လူရိုပ်တစ်ခုသည် သူ၏ ဦးခေါင်းပေါ်မှ ခုန်ကျော်ကာ ရှေ့သို့ ရောက်ရှိလာ၏။

သူ၏ သွားလမ်းကို ပိတ်ထားလိုက်ရာ စုမင်သာ၍ ရပ်တန့် ခြင်း မပြုလျှင် ဝင်တိုက်မိမည်ဖြစ်၏။

ထိုသို့ ဝင်တိုက်မိပါက လည်း ရှေ့မှလူ၏ လက်ဝါးရိုက်ချက် ကြောင့် ဒုက္ခရောက်ရမည်သာ ဖြစ်ပေတော့သည်။

စုမင်သည် ရှေ့မှလမ်းပိတ်ရပ်လိုက်သူကို မြင်သည်နှင့် ပါးစပ် အဟောင်းသား ဖြစ်သွား၏။

ထိုလူမှာ သူ့အား မြင်းပေါ်မှ ကန်ထုတ်ကာ မြင်းပေါ်၌ အခန့် သားတက်ထိုင်ခဲ့သော လူငယ်ပင် ဖြစ်နေသောကြောင့်တည်း။

မြင်းပေါ်မှ လူငယ်သည် ယခုသူ၏ ရှေ့သို့ရောက်ရှိနေလေ ပြီ။

စုမင် ထိတ်လန့်တုန်လှုပ်သွားကာ အသံမထွက်နိုင်တော့ပေ။

"မင်း... မင်း... "

ထိုစဉ်...

လူရွယ်၏ အော်ငေါက်သံ ထွက်ပေါ်လာသည်။

"ခင်ဗျားက မီးနဂါးအဖွဲ့က မဟုတ်လား... မှန်မှန်ပြောစမ်း... လိမ်ပြောရင်တော့ သေပြီသာမှတ်... ကြားလား... "

အပေါ် မိုးကြည့်နေသည်ကို တွေ့လိုက်ရသည်။

ချင်းလွေပြိုးရန် ကြိုးစားလိုက်သည်။

သို့သော်...

မျက်နှာမို့အစ် ဖောင်းကားနေခြင်းကြောင့် ပြိုးမရချေ။

"ခင်ဗျားဟာ မတော်တခေါက် ပညာလေးနဲ့ နေရာတကာ ဝင်ရွှပ်ချင်တာကိုးဗျ... အခုတော့ ခံလိုက်ရပြီ မဟုတ်လား... "

လူရွယ်က ပြစ်တင်စကားဆို၏။

ထိုစကားကြောင့် ချင်းလွေခံပြင်းသွားသည်။

"ကျုပ်... ကျုပ်မတရားတာကို လက်ပိုက်ကြည့်နေရမှာလား ပညာတတ်တာ မတတ်တာကို တွက်နေလို့ ရမှာလား... "

ချင်းလွေ၏ စကားသံက ဗလုံးဗထွေး ထွက်ပေါ်လာသည်။

လူရွယ် ရယ်မောလိုက်လေ၏။

"ခင်ဗျားက ခုချိန်အထိ စိတ်မလျော့သေးပဲကိုး... "

"နေဦး... သူတို့ ဘယ်ရောက်သွားပြီလဲ... ခင်ဗျားက မောင်း ထုတ်ပစ်လိုက်တာလား... "

လူရွယ် ခေါင်းယမ်းလိုက်သည်။

"ကျုပ်ကို အထင်မကြီးပါနဲ့ဗျာ... ကျုပ်က ခေါင်းမာတဲ့လူကို မကူညီချင်ဘူးဗျ... "

"ဒါဖြင့် သူတို့ ဘယ်ရောက်သွားကြတာလဲ... "

"ပျားတုပ်လို့ ထွက်ပြေးကုန်ကြပြီလေ... "

"ပျား... ပျားတုပ်တာ ဟုတ်လား... "

တာ ခင်ဗျားတို့ သိလျက်နဲ့ တမင်လုပ်နေတယ်ဆိုရင် တစ်နေ့ခုက္ခတွေ့မှာပဲ... ကဲ... မြန်မြန်ပြန်သွားကြစမ်း... ခင်ဗျားတို့ကို ကျုပ်ဆက်ပြီး မကြည့် ချင်တော့ဘူး... နောက်ထပ်မတရားတာ လုပ်မယ်ကြံရင် သေဖို့သာပြင်... သွားကြတော့... "

စုမင်သည် ထပ်မမေးရဲတော့ချေ။

လူရွယ်အား မှတ်မိအောင် စိုက်ကြည့်ပြီးနောက် ဖနောင့်နှင့် တင်ပါး တစ်သားတည်းကျအောင် ပြေးလွှားသွားလေတော့သည်။

ကျန်လူများလည်း မနေဝံ့ကြတော့ဘဲ စုမင်နောက်သို့ ပြေးလိုက်သွားကြသည်။

မကြာမီ...

သူတို့အားလုံး မြင်ကွင်းမှ ပျောက်ကွယ်သွားကြသည်။

လူရွယ်က ချင်းလွေဘက် လှည့်ကြည့်လိုက်၏။

ထိုအခါ ချင်းလွေ လူးလွန့်လှုပ်ရှားလာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

တအင်းအင်း ညည်းညူကာ ချင်းလွေသတိရလာ၏။

မျက်လုံးဖွင့်ကြည့်လိုက်သော်လည်း မျက်ခွံများမို့မောက်ယောင်ရမ်းနေခြင်းကြောင့် ရုတ်တရက် ဖွင့်မရချေ။

အတော်ကလေးကြာမှ မျက်လုံးဖွင့်လာနိုင်သည်။

"ခင်ဗျား သတိရလာပြီလား... "

ချိုသာသော စကားသံ နားထဲတိုးဝင်လာသည်။ မျက်လုံးအားယူဖွင့်ကြည့်လိုက်ရာ တောအုပ်၌ တွေ့ခဲ့ရသော လူရွယ်က သူ

"ကျုပ်အမြဲတမ်း စဉ်းစားတယ်ဗျ... "

"ဒါဖြင့် ကျုပ်ကို တမင်ဘုပြောပြီး ခေါင်းမာတာပေါ့ ဟုတ်လား... "

ချင်းလွေ ပါးစပ်ပိတ်ထားလိုက်၏။

လူရွယ် သဘောကျစွာ ပြုံးလိုက်သည်။

"ကျုပ်နာမည် မှတ်ထား... ယန်ချစ်လို့ ခေါ်တယ်... ကျုပ်စကားကို သူများနားထောင်မှ ကြိုက်တယ်... နားမထောင်ရင်လည်း မရရအောင် လုပ်တတ်တယ်... ခင်ဗျား ကျုပ်နောက်လိုက်ရမယ်..."

ချင်းလွေ မျက်လုံးပြူးသွား၏။

"ဘယ်ကို လိုက်ရမှာလဲ... "

"ဆေးဆရာ ဆီကိုပေါ့... "

"လုရန်မြို့ကို ပြန်သွားမယ်ဆိုရင် ကျုပ်မလိုက်နိုင်ဘူး... "

"သိသားပဲ... ခင်ဗျားက စုမင်တို့ လူစုကို ကြောက်ပြီး မပြန်ရဲဘူးဆိုတာ ကျုပ်နားလည်တယ်... ခင်ဗျားကို လုရန်မြို့နဲ့ ဝေးရာကို ခေါ်သွားမှာပါ... "

ထိုစကားကြောင့် ချင်းလွေ ဒေါပွသွားသည်။

"ကျုပ် ဘယ်သူ့ကိုမှ မကြောက်ဘူးဗျ... "

"ဟဲ... ဟဲ... စိတ်ဆိုးရင် ဒေါသထွက်ရင် ရောဂါဝိုဆိုးတတ်တယ်လို့ ကျုပ်ကြားဖူးတယ်... ခင်ဗျား... အေးအေးဆေးဆေး အနားယူလိုက်ပါဦး... "

ယန်ချစ်က ခင်မင်ရင်းနှီးသော မိတ်ဆွေတစ်ယောက်ပမာ

"ဟုတ်တယ်... "

ချင်းလွေ မျက်လုံးပြူးသွား၏။

ဤနေရာ၌ အဆိပ်ပြင်းသောဂျား ပေါများလှသည်ဟု တွေးနေမိလေ၏။

သူသည် သိုင်းလောက အတွေ့အကြုံမရှိသဖြင့် လက်နက်ပုန်းများအကြောင်း မသိပေ။

"ခင်ဗျားကို ဒီအတိုင်းထားလို့တော့ ဖြစ်မှာ မဟုတ်ဘူး... ဆေးကုပေးရလိမ့်မယ်... "

လူရွယ်၏ စကားကြောင့် ချင်းလွေက...

"ခင်ဗျားက ဆေးဆရာလား... "

မေးလိုက်လေ၏။

"အို... ဘယ်ကဟုတ်ရမှာလဲ... "

"ဒါဖြင့် နေပါစေဗျာ... ကျုပ်ဘာသာပဲ ကုပါ့မယ်... "

"ဖြစ်ပါ့မလား... ခင်ဗျားကို ကြည့်ရတာမြင်းစီးဖို့ မပြောနဲ့ လမ်းတောင်ကောင်းကောင်း လျှောက်နိုင်တော့မှာ မဟုတ်ဘူး... ခင်ဗျားဘာသာ သွားလို့ ဘယ်ဖြစ်မလဲ... "

"ကိစ္စမရှိဘူး... "

လူရွယ်နှာခေါင်းရှုံ့လိုက်သည်။

"ကျုပ်ပြောတယ် မဟုတ်လား... ခင်ဗျား ခေါင်းမမာစမ်းပါနဲ့... တစ်ခါတစ်လေလည်း သူများပြောတာ ဟုတ်မဟုတ် စဉ်းစားဦးမှပေါ့... "

ချင်းလွေ၏ ပခုံးကိုပုတ်ရင်း ပြောလိုက်လေသည်။

ချင်းလွေ၏ ခန္ဓာကိုယ်ဆတ်ခနဲ တုန်သွား၏။

ချက်ချင်း မျက်ခွံများ လေးလံလာပြီး အိပ်ချင်စိတ်များ ထိန်းမနိုင် သိမ်းမရ ဖြစ်ပေါ်လာသည်။

အိပ်ချင်စိတ်များကို ကြိုးစား၍ မောင်းထုတ်နေသည့်ကြားမှ ပင် မျက်လုံးများ မှေးခနဲဖြစ်ကာ အိပ်ပျော်သွားတော့သည်။

အချိန်များ တစ်ရွေ့ရွေ့ ကုန်ဆုံးသွားသည်။

အချိန်မည်မျှ ကြာသွားမှန်းမသိ... ချင်းလွေသည် ပြန်လည် သတိရလာလေ၏။

သူသတိရလာသောအခါ မျက်နှာမှ ဒဏ်ရာများ သက်သာ သွားပြီး နာကျင်ကိုက်ခဲမှု မရှိတော့ကြောင်းသတိပြုမိ၏။

ထို့အပြင် တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းနေသည်ဟုလည်း ခံစားလိုက်ရသည်။

ချင်းလွေ လူးလိမ့်ထလိုက်၏။

ထိုအခါ မြေပြင်ပေါ်၌ အိပ်စက်နေခြင်း မရှိတဲ့ မွေ့ရာပေါ်၌ အိပ်စက်နေခြင်းဖြစ်ကြောင်း သိရ၏။

"ဟင်... ငါဘယ်နေရာ ရောက်နေပါလိမ့်... "

သူသည် တွေးရင်း လူးလိမ့်ထလိုက်၏။

ထိုစဉ်မှာပင်...

"ခင်ဗျား... နိုးနေပြီလား... "

စကားသံနှင့်အတူ အခန်းတံခါးပွင့်သွားပြီး ယန့်ချစ် လှမ်းဝင်

လာသည်ကို တွေ့လိုက်ရသည်။

ယန့်ချစ်ကို တွေ့မှတောလမ်းကလေးဌ စုမင်တို့လူစုနှင့် တွေ့ကာ အနှိပ်စက်ခံခဲ့ရသည့်အဖြစ်ကို အမှတ်ရလာသည်။

"ကျုပ် ဘယ်နေရာရောက်နေတာလဲ... "

ယန့်ချစ် ရယ်မောလိုက်သည်။

"ဘယ်ရောက်ရမှာလဲ... တည်းခိုခန်းတစ်ခု ရောက်နေတာ ပေါ့... "

"ဗျာ... ဒါခင်ဗျား ခေါ်လာတာလား... "

"ဟုတ်တယ်လေ... "

"ဒါ... ဒါ... လုရန်မြို့လား... "

ချင်းလွေအထိတ်တလန့် မေးလိုက်လေသည်။

ယန့်ချစ် ခေါင်းခါယမ်းလိုက်၏။

"ခင်ဗျားမသွားချင်မှန်း သိလို့ ကျုပ်အတင်းခေါ်မသွားပါဘူးဗျာ... အခုရောက်နေတာ ထိုက်စန်းမြို့ပါ... "

"ဗျာ... "

"ခင်ဗျား တစ်ခါမှမရောက်ဖူးဘူးထင်တယ်... "

မှန်ပေသည်။

ချင်းလွေ တစ်ခါမျှ မရောက်ဖူးပါချေ။

"ခင်ဗျား ဝေဒနာတွေ သက်သာပျောက်ကင်းသွားပါပြီဗျာ... တစ်ရက်နှစ်ရက်လောက်နေရင် ရှင်းရှင်းပျောက်သွားမှာပါ... သမား တော်ကြီးက ဘာမှ သိပ်စိုးရိမ်စရာ မရှိတော့ဘူးလို့ ပြောသွားတယ်

ကိုမြောက်လို့ ဘာမှရမှာ မဟုတ်ဘူးဗျ... "

ချင်းလွေ ရယ်မောလိုက်သည်။

"ဟဲ... ဟဲ... ဘာမှ မရပေမယ့် တစ်ခုခုတော့ စားရမယ်လို့ ထင်ပါတယ်... အခု ကျွပ်ဗိုက်ဆာနေပြီဗျ... "

ယန်ချစ် ပခုံးတွန့်လိုက်သည်။

"မထူးပါဘူးလေ... ကူညီလက်စနဲ့ ဆက်ပြီး ကူညီရတော့ တာပေါ့... ကဲ... ထ... သွားကြမယ်... "

"ဘယ်ကို သွားမှာလဲ... "

"စားသောက်ဆိုင်ကိုပေါ့... "

ချင်းလွေ ခုတင်ပေါ်မှ လူးလိမ့်ထလိုက်လေတော့၏။

ဗျ... "

ယန်ချစ်က ပြောသည်။

"သမားတော်ကြီး... ဘယ်သူ သွားခေါ်တာလဲ... ခင်ဗျား သွားခေါ်တာလား... "

"ဟုတ်တယ်... "

ချင်းလွေ ယန်ချစ်ကို စိုက်ကြည့်လိုက်သည်။

ယန်ချစ်၏ မျက်နှာကလေးမှာ နူးညံ့ဖြူဝင်းမွတ်လျက် မိန်းကလေးတစ်ယောက်ပမာ ချောမောလှပနေသည်ဟု ထင်မှတ်မိ၏။

ချင်းလွေ စိုက်ကြည့်သောအခါ ယန်ချစ်ပါးကလေးနှစ်ဘက် နီရဲသွားသည်။

"ခင်ဗျားဘာကြည့်တာလဲဗျ... "

"ယော်... ခင်ဗျားကို ကျေးဇူးတင်လို့ပါဗျာ... "

ယန်ချစ် မျက်နှာမဲ့လိုက်သည်။

"ကျေးဇူးတင်စရာ မလိုပါဘူးဗျာ... ကျွပ်က ခေါင်းမာတဲ့ လူတွေကို သိပ်ပြီး ကြည့်လို့ရတာ မဟုတ်ဘူးဗျ... "

"ဘာပဲဖြစ်ဖြစ် ခင်ဗျားက ဒုက္ခရောက်နေတဲ့လူကို တွေ့ရင် လက်ပိုက်ကြည့်မနေဘဲ ကူညီတတ်တဲ့ စိတ်ထားလေးရှိတာလေးစား ပါတယ်ဗျာ... ခင်ဗျားဟာ မာရေကျောရေ စကားပြောတတ်ပေမယ့် တကယ်တမ်း စိတ်ကောင်းရှိတဲ့ လူဆိုတာ ကျွပ်နားလည်ပါတယ်... "

ယန်ချစ် ပြုံးလိုက်သည်။

"ခင်ဗျား... ကျွပ်ကို သိပ်ပြီး မြောက်ပင့်မနေစမ်းပါနဲ့... ကျွပ်

အခန်း [၂၈]

လက်ဆောင်

လမ်းဘေးသစ်ပင် တစ်ပင်တစ်ပင်အောက်၌ စားပွဲများ၊ ခုံများ ခင်းကျင်းရောင်းနေသည့် ဆိုင်ကလေးရှေ့သို့ ချင်းလွေနှင့် လူငယ်တို့ ရောက်ရှိလာကြသည်။

ထိုစားသောက်ဆိုင်ကလေးမှာ ဆိုင်ကြီးများကဲ့သို့ ကျပ်နေခြင်းမရှိဘဲ လူသူ ကင်းရှင်းနေ၏။ စကားပြောလျှင်လည်း လွတ်လွတ်လပ်လပ်ရှိ၏။

ထို့ကြောင့်... လမ်းဘေးစားသောက်ဆိုင်ကလေး၌ စားသောက်ရန် ချင်းလွေက အကြံပြုလိုက်သည်။

စားသောက်ဆိုင်လေး၌ ထိုင်ချမိလျှင် ယန့်ချစ်ကပင် ဦးဆောင် မှာကြားလိုက်သည်။

မကြာမီ...

အငွေ့တထောင်းထောင်းထနေသော စားသောက်ဖွယ်ရာများ ရောက်ရှိလာသည်။

ချင်းလွေက ယန့်ချစ်ကို ပြုံးပြလိုက်သည်။

"အခုလို ကျေးမွေးတဲ့အတွက် ကျေးဇူးပါပဲ ခင်ဗျာ... "

"ခင်ဗျားနဲ့တွေ့တာ ကျုပ်အတွက် အချိန်လည်းကုန်တယ်... ငွေလည်း ကုန်တယ်... ခင်ဗျားနေကောင်းသွားပြီဆိုရင် ကျုပ်လည်း သွားစရာရှိတာ သွားတော့မယ်ဗျာ... "

ယန့်ချစ်က မျက်နှာရုံ့မဲ့ရင်း ပြော၏။

ချင်းလွေ ရင်ထဲတင်းကျပ်သွား၏။

ထူးခြားသော ခံစားချက်များလည်း ချက်ချင်းဖြစ်ပေါ်လာ၏။ ယန့်ချစ်သည် သူ၏ ပထမဦးဆုံး မိတ်ဆွေမဟုတ်ပါလား။

မိတ်ဆွေ သူငယ်ချင်းအဖြစ် ခင်မင်ရင်းနှီးပြီးနောက် လမ်းခွဲရမည်ကို စိတ်မကောင်းဖြစ်နေမိ၏။

ချင်းလွေ ငိုင်ကျသွားသည်ကို တွေ့သည့်အခါ ယန့်ချစ်မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျား ဘယ်လိုဖြစ်သွားတာလဲဗျ... "

"ဩော်... ခင်ဗျားနဲ့ခွဲရမှာ စိတ်မကောင်းလို့ပါဗျာ... "

ချင်းလွေက သက်ပြင်းချရင်း ပြောသည်။

"ဟား... ဟား... ဟား... ဘာလဲ... ကျုပ်က ခင်ဗျားနဲ့ တစ်သက်လုံး အတူတူနေသွားမယ်ထင်လို့လားဗျ... "

"မဟုတ်ပါဘူး... ခင်ဗျားဟာ ကျုပ်ရဲ့ပထမဆုံး မိတ်ဆွေဖို့ပါ... ကျုပ်မှာလည်း အခက်အခဲဒုက္ခတွေ ရှိပါသေးတယ်... ကျုပ်ရဲ့ ပြဿနာတွေ ပြေလည်သွားအောင် ကြိုးစားရဦးမယ်... ဒါကြောင့်ကျုပ်

တို့လမ်းခွဲကြရမှာ မလွဲမသွေပါပဲဗျာ... "

ချင်းလွေ၏ စကားကြောင့် ယန့်ချစ်စိတ်ဝင်စားသွားလေသည်။

"ခင်ဗျားမှာ ဘယ်လိုပြဿနာတွေ ရှိနေလို့လဲဗျ... ကျုပ်ကို ပြောပြပါလား... "

"ပြောမပြနိုင်လို့ စိတ်မဆိုးပါနဲ့ဗျာ... ကျုပ်ရဲ့ပြဿနာကို ကျုပ်ကိုယ်တိုင်ပဲ ဖြေရှင်းရမှာပါ... ကျုပ်ကိုဘယ်လို့မှ မအောက်မေ့ပါနဲ့... "

"ခင်ဗျားက လျှို့ဝှက်ထားတာကိုး... "

"လျှို့ဝှက်ထားတာ မဟုတ်ပါဘူးဗျာ... "

"ကျုပ်ကို မိတ်ဆွေလို့ ခင်ဗျားသတ်မှတ်ထားတယ် မဟုတ်လား... "

"ဟုတ်ပါတယ်... "

"မိတ်ဆွေဆိုတာ ဆိုးတိုင်ပင် ကောင်းတိုင်ပင် မဟုတ်လား... တစ်ယောက်အခက်အခဲ ဒုက္ခကို တစ်ယောက်က ကူညီဖြေရှင်းပေးရမှာပေါ့... တစ်ယောက်ဒုက္ခရောက်နေတဲ့အချိန် တစ်ယောက်က လျစ်လျူရှုထားရင် မိတ်ဆွေလို့ ဘယ်ခေါ်နိုင်မလဲဗျ... "

ထိုစကားကြောင့် ချင်းလွေပါးစပ်အဟောင်းသားဖြစ်သွားသည်။

ယန့်ချစ်သည် လူငယ်တစ်ယောက်ဆိုသော်လည်း အရွယ်နှင့်မလိုက်အောင် ရင့်ကျက်နေသည် မဟုတ်ပါလား။

ချင်းလွေ သက်ပြင်းချလိုက်သည်။

သူ၏အခက်အခဲကို ပြောပြလိုက်လျှင် ယန့်ချစ်က ကူညီမည့်ပုံပေါ်သည်။

သို့သော်... ယန့်ချစ်အား ဒုက္ခမပေးလိုပါ။

ချင်းလွေငိုင်နေသည်ကို ကြည့်ရင်း ယန့်ချစ်အားမလို အားမရ ဖြစ်လာသည်။

ထိုစဉ်...

စားသောက်ဆိုင်ထဲသို့ လူနှစ်ယောက်စကားတပြောပြော ဖြင့် ဝင်လာကြသည်။

ထိုလူနှစ်ယောက်သည် ချင်းလွေတို့နှင့် စားပွဲချင်းကပ်လျက် နေရာယူပြီး စားသောက်ဖွယ်ရာများမှာကြားလိုက်လေသည်။

ထို့နောက်စကားကို အစဉ်မပြတ်ပြောနေကြ၏။

သူတို့၏ စကားများကြောင့် ချင်းလွေနှင့် ယန့်ချစ်တို့ စိတ်အနှောင့်အယှက် ဖြစ်သွားကြ၏။

ချင်းလွေက လှည့်ကြည့်လိုက်သည်။

ယန့်ချစ်ကလည်း...

"တော်တော်အလိုက်မသိတဲ့ လူတွေ... တစ်ဆိုင်လုံး သူတို့နှစ်ယောက်တည်း ရှိနေတာ ကျနေတာပဲ... "

မကျေမနပ် ပြောလိုက်လေသည်။

ချင်းလွေက သူ၏အခက်အခဲဒုက္ခအား ပြောပြရန် သင့်မသင့် စဉ်းစားနေ၏။

သို့သော်... ထိုလူနှစ်ယောက်ပြောနေကြသော စကားများကြောင့် အတွေးစများ ပြတ်တောက်သွားလေ၏။ သူတို့သည် ထိုလူများကို ပထမ၌ စိတ်ဆိုးမိသော်လည်း နောက်ထပ် စကားများကို ကြားလိုက်ရသောအခါစိတ်ဝင်စားစွာ နားထောင်မိကြလေတော့သည်။

လူနှစ်ယောက်အနက် တစ်ယောက်က...

"အခြေအနေမကောင်းဘူးကွာ... တို့ လုရန်မြို့ကို မသွားဘဲ ဒီမှာနားပြီး သတင်းနားထောင်မိတာ အတော်ကံကောင်းသွားတယ်... လုရန်မြို့ကိုသာ တစ်ဆက်ပြေး သွားခဲ့မယ်ဆိုရင် အခုလောက်ဆိုမြေကြီးထဲ ရောက်နေလောက်ပြီ... "

ဒုတိယလူက ထောက်ခံလိုက်၏။

"ဟုတ်တယ်... တို့ သွားမိရင် မလွယ်ဘူး... သိုင်းရာဇာ ရွှေဝမ်ရဲ့ လူပ်ရှားမှုတွေဟာ အတော်ကျယ်ပြန့်တာမို့ ရန်သူဘက်က သတင်းရသွားတာ မဆန်းပါဘူးကွာ... "

ပထမ လူကပြော၏။

"မင်းဆိုလိုတာက ရန်သူတွေဟာ သိုင်းရာဇာရွှေဝမ်ရဲ့ စံအိမ်မှာ လျှို့ဝှက်ဆွေးနွေးပွဲ ကျင်းပမယ်ဆိုတာကို ရိပ်မိထားပုံရတယ်... "

"ဒီလိုပဲ ဖြစ်မှာပေါ့... "

"ငါကတော့ သစ္စာဖောက်ရှိမယ်လို့ ထင်တယ်... "

ဒုတိယလူ ခေါင်းခါယမ်းလိုက်သည်။

"ဟာ... မဖြစ်နိုင်တာကွာ... သိုင်းရာဇာရွှေဝမ်က သေသေချာချာ စီစစ်ပြီးမှ ဆွေးနွေးပွဲတက်ရမယ့် တကယ့်လူတွေကို ဖိတ်စာ

ပို့ပေးတာပဲ... ဘယ်လိုလုပ် သစ္စာဖောက်ရှိနိုင်မှာလဲ... "

"မင်းဆိုလိုတဲ့ တကယ့်လူဆိုတာက... "

"ရှင်းပါတယ်... သိုင်းပညာတော်ရမယ်... အများအကျိုး သိုင်းလောကအကျိုး... ကိုယ်ကျိုးစွန့်ဆောင်ရွက်ချင်တဲ့ စိတ်ထားရှိရမယ်... နာမည်ပျက်မရှိတဲ့ ထိပ်သီးသိုင်းသမားတွေကို ဆိုလိုတာပေါ့... "

ပထမလူ သက်ပြင်းချလိုက်သည်။

"အင်း... သစ္စာဖောက်မရှိရင် မီးနဂါးဂိုဏ်းက တော်တယ်လို့ ပြောရမလို ဖြစ်နေပြီ... "

"အို... တော်တာ မဟုတ်ပါဘူး... သူတို့က သိုင်းလောကမှာ ထင်ရှားတဲ့ သိုင်းသမားတွေကို အမြဲတမ်း စောင့်ကြည့်နေခဲ့ကြတာ မဟုတ်လား... သူတို့ရဲ့လုပ်ရပ်တွေကြောင့် တစ်နေ့အုံကြွပြီး သူတို့ကို ချေမှုန်းပစ်မယ်ဆိုတာ ရိပ်မိထားကြတယ် မဟုတ်လား... သူတို့ ဘယ်လိုပဲ ခေါင်းထောင်နေကြပါစေ... တစ်နေ့မရှမလွှဲကျဆုံးရမှာပေါ့... "

"ဒါကတော့ ငါလက်ခံတယ်... သိုင်းလောကရဲ့ မီးရှူးတန်ဆောင်သံမဏိဂိုဏ်းလို အဖွဲ့အစည်းမျိုး တစ်နေ့ပေါ်ထွန်းလာမှာပါ... "

"ဟုတ်တယ်... သံမဏိဂိုဏ်းလို ဂိုဏ်းမျိုးပေါ်ထွက်လာပါစေလို့ ဆုတောင်းရမှာပဲ... "

သူတို့နှစ်ယောက်သည် ရောက်ရှိလာသော စားသောက်ဖွယ်ရာများကို စားသောက်လိုက်ကြ၏။

ထို့ကြောင့် စကားပြတ်သွားသည်။

သူတို့ ပြောသောစကားများကို ချင်းလွေနားစွင့်နေသည်ကို တွေ့သည့်အခါ ယန့်ချစ်က အသံတိုးတိုးဖြင့်...

"သူတို့ပြောတဲ့ စကားတွေကို ခင်ဗျားစိတ်ဝင်စားနေတယ် မဟုတ်လား... "

"ဟုတ်တယ်... "

"ဘာလဲ... ခင်ဗျားကို ဒုက္ခပေးခဲ့တဲ့ လူတွေဟာ မီးနဂါးဂိုဏ်းက လူတွေမို့လား... "

"ဟာ... ဒီလိုတော့ မဟုတ်ပါဘူးဗျာ... မီးနဂါးဂိုဏ်းဟာ လူတိုင်းကို ဒုက္ခပေးနေကြတာဗျ... ဒါကြောင့် မီးနဂါးဂိုဏ်းကို ဆုံးမနှိမ်နင်းပေးမယ့်လူတွေ ပေါ်ပေါက်လာပါစေလို့ ဆုတောင်းပါတယ်ဗျာ... "

ယန့်ချစ် မျက်နှာပျက်သွားသည်။

ချင်းလွေက မရိပ်မိဘဲ ဆက်ပြောဏ်။

"မီးနဂါးဂိုဏ်း သောင်းကျန်းနေတာ ခင်ဗျားအမြင်ပဲလေ... သူတို့ဟာ ဘယ်လောက်အထိ သောင်းကျန်းသလဲဆိုရင်... "

သူဏ်စကားသံ မဆုံးသေးမီ တစ်ဘက်စားပွဲမှ လူနှစ်ယောက် စားသောက်ပြီးစီးသွားကြလေပြီ။

သူတို့၏ စကားသံများ ထပ်မံပေါ်ထွက်လာသည်ကို ကြားလိုက်ရဏ်။

ထို့ကြောင့်... ချင်းလွေက စကားကို တစ်ဝိုင်းတစ်စဖြင့်

ရပ်တန့်လိုက်သည်။

ထိုလူနှစ်ယောက်အနက် ပထမလူက...

"အင်း... တို့တော့ စားလို့သောက်လို့ စကားပြောလို့ကောင်းနေလိုက်တာ... တို့မိတ်ဆွေတော့ ဘယ်လိုဖြစ်နေကြမယ် မပြောတတ်ဘူး... "

ပြောလိုက်သည်။

ဒုတိယလူက...

"အင်း... တို့လည်း ဘာမှမတတ်နိုင်ပါလား... ဒါထက် မင်းဘာ သတင်းတွေ ကြားသေးလဲ... "

"အို... ကြားတာကတော့ အစုံပဲ... မီးနဂါးဂိုဏ်းက လက်ရွေးစင် သိုင်းသမားတွေဟာ သိုင်းရာဇာ ရွှေဝမ်ရဲ့ အိမ်ကို ဝင်စီးကြတယ်လေ... နှစ်ဘက်စလုံး အထိအခိုက်အကျအဆုံး မနည်းဘူးတဲ့ကွ... "

"သိုင်းရာဇာ ရွှေဝမ်ရော... "

"သူကတော့ လွတ်မြောက်သွားတယ်ကွ... "

"ဒါဖြင့် သူအခု လုရန်မြို့မှာ မရှိတော့ဘူးပေါ့... "

"ဟုတ်တယ်... ခြေရာဖျောက်သွားပြီ ဆိုပါတော့... ပြီးတော့ ငါနောက်ထပ်ကြားတာက သူနဲ့အတူ မိုးထိတောင်ကြားက ဟန်ကျိုးနဲ့ သံမဏိဂိုဏ်းသခင်လေးဝေထင်းတို့လည်း လွတ်မြောက် သွားကြတယ်ဆိုတာပဲ... "

ဒုတိယလူ မျက်မှောင်ကြုတ်ကာ...

"ငါသတင်းကြားတာကတော့ စာပေသမားချင်းဖုန်းလည်း

ပါတယ်ဆိုပဲ... "

"ဟုတ်တယ်... ချင်းဖုန်းက သိုင်းလောကနဲ့ အဆက်အသွယ် မလုပ်ဘဲနေတာကြာပြီ... သူ့ကို ဟန်ကျီးက စည်းရုံးသိမ်းသွင်းခဲ့လို့ ပါလာတာ... ထင်းရူးမြို့ကို ပြန်သွားမှာပေါ့... သူက ဣန္ဒြေမပျက် ဆက်နေရုံပါပဲ... သူ့ကို မီးနဂါးဂိုဏ်းက အရေးမစိုက်မိကြဘူး မဟုတ်လား ကွ... "

"ဒါပေမယ့် သိသွားရင်တော့ မလွယ်ဘူး... "

"ဒါပေါ့လေ... "

သူတို့နှစ်ယောက် ပြောနေကြသော စကားများကို ကြားရသည့်အခါ ချင်းလွေ ထိတ်လန့်သွားလေတော့သည်။

သူ၏ဖခင် ချင်းဖုန်းအကြောင်း ပါဝင်လာသည် မဟုတ်ပါလား။

ချင်းဖုန်းသာမက ခင်မင်ရင်နှီးခဲ့သော ဒုက္ခိတအဖိုးအို ဝေထင်းအကြောင်းလည်း ပါဝင်နေပေသည်။

သူတို့အာလုံးသည် မီးနဂါးဂိုဏ်းအား ချေမှုန်းရန်ကြံစည်နေသူများ ဖြစ်ကြောင်း သိလိုက်ရလေပြီ။

"ကျွပ်သာ သိုင်းပညာတတ်ရင် သိပ်ကောင်းမှာပဲဗျာ... "

ချင်းလွေ အံကြိတ်ရင်း ပြောသည်။

သူ၏ စကားကြောင့် ယန်ချစ် မျက်မှောင်ကုတ်ကာ ပြောဂျ်။

"ဘာဖြစ်လို့လဲ... "

"ကျွပ်သာ သိုင်းပညာတတ်ရင် အများအကျိုးဆောင်ရွက်နိုင်တာပေါ့... ပြီးတော့ မတရားမင်းမူသောင်းကျန်းနေတဲ့ မီးနဂါးဂိုဏ်းကို သုတ်သင်ချေမှုန်းပစ်နိုင်တာပေါ့ဗျာ... "

ယန်ချစ်သက်ပြင်းချလိုက်သည်။

"အင်း... လူတိုင်းက မီးနဂါးဂိုဏ်းကို ရှုံမှုန်းနေကြပါလား... "

သူ၏ စကားကိုချင်းလွေ ကြားဖြစ်အောင် ကြားသွားလေ၏။

"ဟုတ်တယ်ဗျာ... မီးနဂါးဂိုဏ်း၏ လုပ်ရပ်တွေဟာ အတော့်ကို ရှုံမှုန်းစရာ ကောင်းနေတယ်လေဗျာ... "

"အင်းလေ... ဒါတွေဟာ တစ်နေ့အဖြေမှန်ပေါ် ပေါက်လာရမှာပေါ့... "

ချင်းလွေ အံ့သြသွားသည်။

ယန်ချစ်ကို နားမလည်နိုင်စွာ ကြည့်ရင်းပြောလိုက်လေ၏။

"ခင်ဗျားဘာကို ဆိုလိုတာလဲဗျ... "

ယန်ချစ်က အဖြေမပေးချေ။

အကျီအိပ်ထဲမှ ငွေတုံးကလေးတစ်တုံး နှိုက်ယူကာ စားပွဲပေါ် တင်လိုက်သည်။

ထို့နောက် ထရပ်လိုက်လေသည်။

ချင်းလွေ မတတ်သာဘဲ ထရပ်လိုက်၏။

"ကျွပ်တို့ သွားစို့... "

ယန်ချစ်က ပြောပြီး ရှေ့မှခပ်သွက်သွက် လျှောက်သွား၏။

ချင်းလွေလည်း နောက်မှလိုက်သွားရလေ၏။

မီးနဂါးဂိုဏ်းအား ရှုံမှုန်းနေသော်လည်း ရင်ဆိုင်တိုက်ခိုက်ရန်လည်းကောင်း၊ ချေမှုန်းသုတ်သင်ရန်လည်းကောင်း၊ သူတော်နိုင်မည် မဟုတ်ပါချေ။

ထိပ်တန်းသိုင်းပညာများ သင်ရမည့်အချိန်၌ မိဘများကို ရှာဖွေရန် ထွက်လာခဲ့ရသည် မဟုတ်ပါလား။

သိုင်းပညာ မသင်ရခြင်းကို ချင်းလွေ ဝမ်းနည်းခြင်းကား မဖြစ်မိချေ။

သူ၏ ဘဝတွင် သိုင်းပညာသင်ကြားရခြင်းထက် မိဘများအား ရှာဖွေတွေ့ရန်သာ အရေးကြီးသည် မဟုတ်ပါလား... ။

မိဘများ အကြောင်းတွေးမိလျှင် ရှေ့ခရီးဆက်လိုစိတ်များ ဖြစ်ပေါ်လာသည်။

ချင်းလွေ တက်တက်ကြွကြွ လန်းလန်းဆန်းဆန်းဖြစ်လာသည်ကို တွေ့ရသည့်အခါ ယန့်ချစ် သက်ပြင်းချကာ...

"ခင်ဗျား သွားချင်ပြီလား... "

မေးလိုက်၏။

"ဟုတ်တယ်... "

ချင်းလွေသည် ယန့်ချစ်၏ မျက်နှာအမူအရာကို လည်းကောင်း၊ လေသံကိုလည်းကောင်း သတိမပြုမိဘဲ ပြောလိုက်ခြင်း ဖြစ်သည်။

ယန့်ချစ်က မဲ့ပြုံးပြုံးလိုက်သည်။

"ကောင်းပြီလေ... အချိန်တန်တော့လည်း လမ်းခွဲပြီး ကိုယ့်

မကြာမီ သူတို့သည် မြို့လယ်ဝိုင်းသို့ ရောက်ရှိလာကြသည်။

တစ်လမ်းလုံး ယန့်ချစ်စကားမပြောချေ။

ချင်းလွေကလည်း အလိုက်သိစွာပင် စကားမပြောဘဲ နေလိုက်သည်။

မြို့လယ်ဝိုင်းရောက်မှ ယန့်ချစ်က...

"ခင်ဗျား ခရီးဝေးသွားရမယ် မဟုတ်လား... "

မေးလာ၏။ ချင်းလွေ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်... "

"ခင်ဗျားအတွက် လက်ဆောင်အဖြစ် ကျုပ်မြင်းတစ်ကောင် ဝယ်ပေးလိုက်မယ်... ဒီမြင်းကို စီးနေသမျှ ကာလပတ်လုံး ကျုပ်ကို မမေ့နိုင်အောင်ပေါ့ဗျာ... "

ချင်းလွေက ငြင်းပယ်ရန် စိတ်ကူးလိုက်သည်။

သို့သော်... ယန့်ချစ်၏ စကားကြောင့် မည်သို့ ပြန်ပြောရမှန်း မသိအောင်ဖြစ်သွားသည်။

ယန့်ချစ်က ပြော၏။

"မီးနဂါးဂိုဏ်းအပေါ် ခင်ဗျားမကျေမနပ် ဖြစ်နေတယ်ဆိုတာ ကျုပ်သိပါတယ်ဗျာ... ဒါပေမယ့် ခင်ဗျားရဲ့ သိုင်းပညာနဲ့ သူတို့ကိုရင်ဆိုင်ဖို့ မလွယ်ပါဘူး... ဒါကြောင့် သူတို့နဲ့တွေ့ရင် ဝေးဝေးက ရှောင်သွားဖို့ ကျုပ်မှာလိုက်ပါရစေ... ကျုပ်ပြောတာကို နားထောင်စေချင်ပါတယ်ဗျာ... "

မှန်ပေသည်။

သူသည် စကားဆုံးသည်နှင့် ရှေ့မှဦးဆောင်ဝင်သွား၏။

ချင်းလွေလည်း နောက်မှလိုက်သွားသည်။

ခြံဝင်းထဲသို့ ရောက်သည့်အခါ မြင်းစောင်းများအစီအရီ ဆောက်လုပ်ထားသည်ကို တွေ့ရ၏။

မြင်းစောင်းတစ်ခုရှေ့၌ လူနှစ်ယောက် စကားပြောဆိုနေကြသည်။

ထိုလူနှစ်ယောက်သည် အလွန်ထွားကျိုင်းသော မွန်ဂိုမျိုးစဝ် မြင်းနက်ကြီး တစ်ကောင်ရှေ့၌ ရပ်ကာ စကားပြောနေကြခြင်း ဖြစ်သည်။

သူတို့နှစ်ယောက်ကို ကြည့်လိုက်ရုံဖြင့် မြင်းရောင်းသူနှင့် မြင်းဝယ်သူ အပြန်အလှန်ဈေးဆစ်နေကြခြင်းဖြစ်ကြောင်း သိနိုင်သည်။

ယန်ချစ်က သူတို့ထံသို့ ဦးတည်လျှောက်သွားသည်။

ချင်းလွေလည်း လိုက်သွား၏။

သူတို့နှစ်ယောက်အနီးသို့ ရောက်သွားသောအခါ ထိုလူနှစ်ယောက်ပြောနေကြသော စကားများကို တစ်စွန်းတစ်စကြားလိုက်ရလေသည်။

"ဟာ... များတာပေါ့ဗျာ... မြင်းကောင်းတစ်ကောင်ဆိုတာ မှန်တယ်... ဒါပေမယ့် ငွေနှစ်ထောင်လောက်ပဲ တန်မယ်ဗျ... "

"ဟာ... မဟုတ်တာ... ကျုပ်ရဲ့ မြင်းစောင်းမှာ ဒီမြင်းဟာ အကောင်းဆုံး တန်ဖိုးအရှိဆုံးပါပဲ... အနည်းဆုံး ငါးထောင်လောက်မှ မရဘဲ မရောင်းနိုင်ဘူးဗျ... "

လမ်းကိုယ်သွားကြရတာပဲ မဟုတ်လား... ကဲ... မြင်းပွဲရုံကို သွားကြရအောင်... "

"ခင်ဗျား သဘောပဲ... "

သူတို့နှစ်ယောက်သည် မြို့စွန်တစ်နေရာရှိ မြင်းများမွေးမြူရောင်းချသော ခြံဝင်းကြီးတစ်ခုဆီသို့ ဦးတည်လျှောက်သွားကြလေသည်။

သွားရင်းလာရင်း ယန်ချစ်သည် ဤမြို့ကလေး၌ ကျွမ်းကျွမ်းကျင်ကျင် သွားလာနိုင်သည်ကို သတိပြုမိ၏။

ယန်ချစ်၏ အမည်ကိုလည်း သူသိရပြီးဖြစ်သည်။

သို့သော်...

မည်သည့်စာတိုဖြစ်သည်၊ မိဘများမည်သူမည်ဝါဖြစ်ကြောင်း မသိရသေးချေ။

မေးမြန်းစံစမ်းရန် စိတ်ကူးပြီးမှ သူအား ပြန်လည်မေးမြန်းလာလျှင် အဖြေပေးနိုင်မည် မဟုတ်ကြောင်း တွေးမိကာ မမေးဘဲနေလိုက်လေသည်။

သူတို့နှစ်ယောက် စကားမပြောဘဲ တိတ်ဆိတ်စွာ လျှောက်သွားကြရင်း မြို့စွန်ရှိ ခြံဝင်းကြီးတစ်ခုရှေ့သို့ ရောက်သွားလေသည်။

ခြံဝင်းအဝင်အဝတွင် ဆိုင်းဘုတ်တစ်ခု ချိတ်ဆွဲထား၏။

မြင်းပွဲရုံ၊ မျိုးကောင်းမျိုးသန့်မြင်းများ ရောင်းရန်ရှိသည်။

ယန်ချစ်က ပြော၏။

"လာ... ကျုပ်နောက်လိုက်ခဲ့... "

"ငါးထောင်ဟုတ်လား... ရယ်စရာကောင်းလိုက်တာဗျာ..."

မြင်းပိုင်ရှင် ဒေါပွသွားသည်။

"ဒါတော့ ခင်ဗျားသဘောပဲလေ... ကြိုက်ရင်လည်းဝယ် မကြိုက်ရင်လည်း မဝယ်နဲ့ပေါ့... ကျုပ်ကတော့ ငါးထောင်မရဘဲ မရောင်းနိုင်ဘူး... ဒီမြင်းတစ်ကောင်ရဖို့ လွယ်တာမဟုတ်ဘူးဗျ... "

"ဒါပေမယ့် ကျုပ်စိတ်ထဲမှာ မြင်းတစ်ကောင်ကို ငါးထောင် ပေးပြီး ဝယ်ရမှာကို သဘောမကျနိုင်ဘူး... "

"ဒါဖြင့် မဝယ်တော့ဘူးပေါ့... "

"ဟုတ်တယ်... "

မြင်းပိုင်ရှင် သက်ပြင်းချ၏။

"ဒီမြင်းကို မဝယ်ရင်လည်း ရပါတယ်... "

ထိုစဉ်... ချင်းလွေနှင့် ယန်ချစ်တို့ လာနေကြသည်ကို တွေ့ လိုက်ရသဖြင့် ဝမ်းသာအားရ ကြိုဆိုလိုက်လေသည်။

"ကြွပါ ခင်ဗျာ... "

"မြင်းတစ်ကောင်လောက် ဝယ်ချင်လို့ပါ... "

ယန်ချစ်က ပြော၏။

မြင်းရောင်းသူ၏ မျက်နှာပြိုးသွား၏။

"ဘယ်လို မြင်းမျိုး လိုချင်ပါသလဲ... "

ယန်ချစ်က ခပ်တည်တည်ဖြင့်...

"ဒီမြင်း ဘယ်လောက်လဲ... "

အနီးရှိ မြင်းနက်ကြီးကို ညွှန်ပြရင်း ပြောလိုက်လေသည်။

မြင်းရောင်းသူ လန့်သွား၏။

"ဒီ... ဒီမြင်းကို ပြောတာလား... "

"ဟုတ်တယ်... "

"ခြောက်... ခြောက်ထောင်ပါ... "

ထိုစကားကြားလျှင် ယန်ချစ်က ချင်းလွေဘက်လှည့်ကာ ပြုံး ပြလိုက်သည်။

ချင်းလွေကလည်း ပြန်ပြုံးပြ၏။

သူတို့နှစ်ယောက်သည် မြင်းနက်ကြီးအား ငွေငါးထောင်ဖြင့် ရောင်းချနေသည်ကို ကြားသိထားပြီးပြီ မဟုတ်လား။

မြင်းရောင်းသူလည်း ဘုမသိ ဘမသိသူတို့နှင့် အတူရောနော ရယ်မောလိုက်၏။

"ဟဲ... ဟဲ... ဒီမြင်းကတော့ ကျုပ်ရဲ့ မြင်းဖောင်းမှာ အကောင်းဆုံး မြင်းတစ်ကောင်လို့ ဆိုရမှာပဲဗျာ... မိတ်ဆွေတို့ သဘောကျတယ်ဆိုရင် နည်းနည်းလျှော့ပေးပါ့မယ်... "

ထိုအချိန်၌ မြင်းနက်ကြီးအား ငွေနှစ်ထောင်နှင့် ဈေးဆစ် သူမှာ ထွက်မသွားသေးဘဲ မယောင်မလည်ဖြင့်ရပ်ကာ နားစွင့်နေလေ သည်။

မြင်းရောင်းသူ သိသော်လည်း မသိဟန်ဆောင်နေလိုက်၏။

မြင်းနက်ကြီးအား ဝယ်မည့်သူ နောက်ထပ်ပေါ်လာခြင်း ကြောင့် သူကဈေးမလျှော့ဘဲ တင်းတင်းရောင်းချနိုင်မည် မဟုတ်ပါ လား။

ယန်ချစ်က အကြိမ်ကြိမ်ထဲမှ ငွေလွဲလက်မှတ်တစ်ထုတ်ကို ထုတ်ယူကာ ပေးလိုက်၏။

မြင်းရောင်းသူက ငွေလွဲလက်မှတ်ကို မယူသေးဘဲ...

"ကျုပ်က ငွေသားပဲလိုချင်တယ်ဗျ... "

မြင်းရောင်းသူက ငွေလွဲလက်မှတ်ကို ကြည့်လိုက်လေ၏။ ငွေလွဲလက်မှတ်ပေါ်၌ နဂါးတစ်ကောင်ပုံ ရိုက်နှိပ်ထားသည်ကို တွေ့ရ၏။

"ဩော်... ရွှေနဂါးငွေတိုက်က ငွေလွဲလက်မှတ်ဟာ စိတ်ချရပါတယ်... "

ပြောရင်း ငွေလွဲလက်မှတ်ကို လက်ခံလိုက်သည်။

"အခု အချိန်ကစပြီး ဟောဒီမြင်းကို မိတ်ဆွေပိုင်သွားပြီ..."

မြင်းပိုင်ရှင်က ကြေညာလိုက်လေ၏။

ယန်ချစ်က ချင်းလွေဘက်သို့ လှည့်ကာ ပြောလိုက်၏။

"ဒါဟာ ကျုပ်ရဲ့လက်ဆောင်ပဲ... "

"ဗျာ... "

"ဒီမြင်းကို ခင်ဗျားပိုင်သွားပြီ... မငြင်းပါနဲ့... "

"ကျုပ်လက်ခံပါတယ်ဗျာ... "

ထိုစကားကြားမှ ယန်ချစ်ပြုံးလာ၏။

ထိုအချိန်၌ မြင်းနက်ကြီးအား ငွေနှစ်ထောင်ပေးကာ ဈေးဆစ်ခဲ့သူမှာ မြင်းနက်ကြီးနှင့် သူတို့အား မကျေမနပ်ဖြင့် ကြည့်နေ၏။

ပြီးမှ ထွက်သွားသည်။

တစ်ယောက်မဝယ်သော်လည်း အကြောင်းမဟုတ်၊ နောက်ထပ်ဝယ်မည့်သူ ရှိသည်ဟူသော သဘောဖြစ်ပေသည်။

ထို့အပြင် ချင်းလွေတို့ မြင်းနက်ကြီးအား ဝယ်သွားလျှင် ပထမလူအား အခြားမြင်းများဝယ်ရန် ဆွယ်နိုင်သေးသည် မဟုတ်လား။

ယန်ချစ်က ပြော၏။

"ခင်ဗျားပြောတာ ကြားပြီးပြီဗျာ... ငါးထောင်ပဲ ပေးနိုင်မယ်... "

"ဗျာ... ငါးထောင်ဟုတ်လား... "

"ဟုတ်တယ်... "

"ဟာ... ဒီလောက်တော့ မကွာပါဘူးဗျာ... ကျုပ်က မတရားဈေးခေါ်တာ မဟုတ်ပါဘူး... ကျုပ်မြင်းက ကောင်းလွန်းလို့ပါဗျာ..."

ယန်ချစ်က မျက်နှာထားတင်းတင်းဖြင့်...

"ဒါကတော့ ရောင်းချင်ရောင်း... မရောင်းချင်နေ... ခင်ဗျားသဘောပဲ... ကျုပ်ကတော့ ငွေငါးထောင်ပဲ ပေးနိုင်မယ်... "

သူထံမှ နောက်ထပ်ငွေညှစ်ထုတ်၍ မရနိုင်တော့မှန်း မြင်းရောင်းသူသိလေ၏။

ထို့ကြောင့် ဟာဟာသလဲဖြင့်...

"ရောင်းပါ့မယ်ဗျာ... ရောင်းပါ့မယ်... ကျုပ်ကမိတ်ဆွေလေးတို့ကို တမင်လျှော့ပေးလိုက်တာပါ... တကယ်တော့ ငွေခြောက်ထောင်ရမှ ရောင်းမယ်လို့ ဆုံးဖြတ်ထားတာဗျ... "

ထိုလူမှာ မြင်းနာက်ကြီးကို မရသဖြင့် ဒေါပွသွားသည့် သဘော ဟုသာ ချင်းလွေယူဆမိသည်။

မြင်းရောင်းသူက မြင်းကိုကြိုးဖြည်ပေးကာ ပြောလိုက်လေ၏။

"ကဲ... ယူသွားလို့ ရပါပြီ... "

ယန်ချစ် ခေါင်းညိတ်လိုက်၏။

"ကောင်းပါပြီ... "

ထို့နောက် ယန်ချစ်က ချင်းလွေဘက် လှည့်ကာ ပြောလိုက်လေသည်။

"ကဲ... သွားကြစို့... "

ချင်းလွေ ခေါင်းညိတ်လိုက်၏။

ထို့နောက် သူတို့နှစ်ယောက်သည် မြင်းရောင်းသည့်ခြံဝင်းအား ကျောခိုင်းကာ ထွက်ခွာသွားလေတော့သည်။

စာစဉ်(၂) ပြီး၏။

စာစဉ်(၃)ကို ဆက်လက်တင်ဆက်ပါရန်။

တက္ကသိုလ်နေလင်းအောင်